# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 January 2017 (၈၈၀၃)


## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

### ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း

၁။ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်တွင်းပြည်ပ အန္တရာယ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) က သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၂။ ယင်းသဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်းကို ခန့်အပ်တာဝန်ပေးလိုက်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ခံစားခွင့်ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**
**ကြေညာချက်အမှတ်(၁/၂၀၁၇)**
**၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်)**

### အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းနိုင်ရေး

၁။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေကို နိုင်ငံတော်က စနစ်တကျဖြင့် ကျခံသုံးစွဲလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျခံသုံးစွဲရာ၌ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရုံသာမက ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# မပြစ်မနေ ပြောင်းလဲရတော့မည့် ရန်ကုန်မြို့ပြ ဘတ်စ်ကားစနစ်

စာမျက်နှာ - ၁၀




**KBZ BANK**

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးစိန်ခေါ်မှုများအား ကျော်လွှား

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ချမှတ်ပေးခဲ့ပြီး ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့ကပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိသည်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ရငွေစုစုပေါင်းမှာ ကျပ်ငွေ ၁၆ ဒသမ ၇၆၈ ထရီလီယံဖြစ်ပြီး သုံးငွေစုစုပေါင်းမှာ ကျပ်ငွေ ၂၀ ဒသမ ၈၉၆ ထရီလီယံဖြစ်၍ ကျပ်ငွေ ၄ ဒသမ ၁၂၈ ထရီလီယံ လိုငွေပြနေသည်။ ဂျီဒီပီတန်ဖိုးမှာ ကျပ်ငွေ ၉၁ ဒသမ ၃၁၉ ထရီလီယံဖြစ်သောကြောင့် ယခုနှစ်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၅၂ ရာခိုင်နှုန်းရှိနေသည်။

တိုင်းပြည်၏ ဝင်ငွေထက် ထွက်ငွေမှာ ပိုမိုများနေသဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် များစွာကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခွန်အခကောက်ခံမှုများကို တိုးတက်ကောက်ခံနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သလို အသုံးစရိတ်များကို ဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲသုံးစွဲသွားရန် လိုမည်ဖြစ်သည်။

နိုင်ငံတော်ကို တည်ဆောက်နေသောကာလတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် နိုင်ငံတော်က ကျခံစိုက်ထုတ်သုံးစွဲနေရမှုများရှိနေရာ သုံးစွဲငွေများကို အဖိတ်အစဉ်မရှိဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် စနစ်တကျသုံးစွဲသွားရန် လိုအပ်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို အကောင်အထည်ဖော်ရာ၌ အများပြည်သူအကျိုးအတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်နေရမည်ဖြစ်ရာ စီမံကိန်းလုပ်ငန်းများအတွက် အရည်အသွေးပြည့်မီအောင် အကုန်အကျခံပြီးသုံးစွဲရာ၌ အဂတိရှင်းရှင်း စနစ်တကျသုံးစွဲဖို့သာလိုသည်။

အဓိကမှာ နိုင်ငံတော်၏ဝင်ငွေတိုးတက်လာရေးဖြစ်၍ မလိုအပ်ဘဲ ကုန်ကျနေသော လုပ်ငန်းများကို စိစစ်သုံးသပ်ရန်လိုမည်။ ဝင်ငွေရရှိသော စီးပွားရေးလုပ်ငန်းများမှာ ဈေးကွက်စီးပွားရေးစနစ်ဆန်စွာလုပ်ကိုင်ပြီး ဝင်ငွေတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ဖို့လိုမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဝင်ငွေတိုးတက်ရရှိရေးကိုဦးတည်ကာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ပြန်လည်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်သင့်သည်။

ဝင်ငွေတိုးတက်ရရှိရေး၌ အခွန်အကောက် ကောက်ခံရရှိရေးမှာ အထူးအရေးကြီးသဖြင့် ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့်ငွေမှအပဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ပုဂ္ဂလိကတစ်ဦးချင်းထံမှကောက်ခံသော ဝင်ငွေခွန်များကို မှန်မှန်ကန်ကန် တိတိကျကျ တိုးတက်ကောက်ခံရရှိရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် အဓိကရင်ငွေဖြစ်သည့် သဘာဝဓာတ်ငွေ့ရောင်းရငွေမှာ ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးနှုန်းကျနေသောကြောင့် ဝင်ငွေကျဆင်းခြင်း၊ သစ်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် သတ္တုလုပ်ကွက်များ ပြန်လည်စိစစ်နေခြင်းတို့ကြောင့် ဝင်ငွေကျဆင်းခြင်း၊ ပြည်သူများသက်သာချောင်ချိမှုရှိစေရေး အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမှုကို အရှုံးခံဆောင်ရွက်နေခြင်း၊ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်မှုမရှိခြင်း စသည့်စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏လက်ရှိဂျီဒီပီနှုန်းကို ငါးရာခိုင်နှုန်းထက် မကျော်အောင် ဆက်လက်ထိန်းညှိဆောင်ရွက်ပြီး အကျိုးမများသော လုပ်ငန်းများကို ပြန်လည်စိစစ်ပြင်ဆင်လျှော့ချသင့်သည်။ နိုင်ငံသားများ အနေဖြင့် ဝင်ငွေခွန်ပေးဆောင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်ကို ပိုမိုသိရှိနားလည်စေပြီး အခြားသော အခွန်အကောက်များကို မှန်မှန်ကန်ကန်တိတိကျကျ တိုးတက်ကောက်ခံ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။




## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောပွဲကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၁၀**

စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေး အသိပညာ ပေးဟောပြောပွဲကို စဉ့်ကိုင်မြို့နယ် ရေကင်းကုန်ကျေးရွာ မူလတန်း ကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် စာကြည့်တိုက်မှူး ဒေါ်သီတာခိုင်က စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးရေးနှင့် စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဟောပြောသည်။

ယင်းနောက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့် တိုက်စသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## ဟသ်ာတ-ဥသျှစ်ပင်လမ်းပိုင်းနှင့် တောင်တွင်းကြီး-ဆတ်သွားရထားလမ်းပိုင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဟသ်ာတ-ဥသျှစ်ပင် ရထားလမ်းပိုင်းနှင့် ပြည်-တောင်တွင်းကြီး-ဆတ်သွားရထား လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟသ်ာတစက်ခေါင်းပြင်စက်ရုံသို့ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ရောက်ရှိ၍ စက်ခေါင်းများစွမ်းအင် ပြည့်သုံးစွဲနိုင်ရေး၊ စက်ခေါင်းများ ပြင်ဆင်ရာတွင် လျာထားချက်အတိုင်း အချိန်မီပြုပြင်နိုင်ရေး၊ စက်ရုံသန့်ရှင်း သပ်ရပ်စေရေးတို့ကို ကြိုးစားဆောင် ရွက်ကြရန် မှာကြားသည်။ ယင်း နောက် ဟသ်ာတဘူတာ၌ ဝန်ကြီး ဌာနအောက်ရှိ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ မှာကြားသည်။

ဆက်လက်၍ ဟသ်ာတဘူတာမှ RBE ရထားဖြင့် ဆက်လက်ထွက်ခွာ ရာ ဟသ်ာတ-ဥသျှစ်ပင် ရထားလမ်း ပိုင်းရှိ ဘုရားကုန်းဘူတာနှင့် ရွာသာ ဘူတာကြား ရထားလမ်း ပြုပြင်နေမှု ကိုလည်းကောင်း၊ မြို့ကွင်းတံတားကို ကားနှင့်ရထား နှစ်မျိုးစလုံး ဖြတ်သန်း မောင်းနှင်နိုင်ရန် ပြင်ဆင်ဆောင်ရွက် နေမှုကိုလည်းကောင်း၊ အင်ပူဘူတာ၌ ရုံပိုင်များ၏ လုပ်ငန်းဆောင်ရွက်မှု များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ခဲ့ပြီး ဘူတာယာဉ်ဝန်းများ သန့်ရှင်း သပ်ရပ်မှုရှိစေရေး၊ အချိန်မှန်ကန်စေ ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ဆက်ဆံမှုပြေပြစ်စေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။



ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီ တွင် ပြည်ဘူတာခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ အရာထမ်း၊ အမှုထမ်းများ နှင့်တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြ ချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဝန်ထမ်းအားလုံးသည် ပြည်သူ့ ဝန်ထမ်းဖြစ်သောကြောင့် ပြည်သူများ ၏ ကျေနပ်မှု၊ အားကိုးယုံကြည်မှုရှိစေ ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ RBE ရထားဖြင့် ပြည်-ဆတ်သွား ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးခဲ့ရာ အောင်လံဘူတာ တွင် ဝန်ကြီးဌာနလက်အောက်ခံ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် ဘူတာရုံပိုင်များ၏လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ပေးခဲ့သည်။ **(သတင်းစဉ်)**

## ပန်းရန်၊ လက်သမားသင်တန်း (၉/၂၀၁၇) ဖွင့်ပွဲ ဒီးမော့ဆို၌ ကျင်းပ

**ဒီးမော့ဆို ဇန်နဝါရီ ၁၀။** ။အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်း(၉/၂၀၁၇) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဒီးမော့ဆိုမြို့နယ် ခူးပရာကျေးရွာအုပ်စု ခူးပရာ(ထက်)ကျေးရွာ၌ဖွင့်လှစ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းတို့က အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ခူးပရာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပန်းရန်၊ လက်သမားနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှံသင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း


အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀



# နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ ဒုတိယအကြိမ် ၂+၂ အစည်းအဝေးကျင်းပရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ မိသားစုများအား လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ မိသားစုများအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ အိမ်ထောင်စု စုစုပေါင်း ၁၆၄၂၄ စု လူဦးရေ စုစုပေါင်း ၁၃၉၇၄၅ ဦးအတွက် ဆန်အိတ် ၄၀၀၀၊ ဆီ ၈၂၁၂ ပိဿာ၊ ဆား ၈၂၁၂ ပိဿာ၊ ပဲ ၈၂၁၂ ပိဿာနှင့် ငါးခြောက် ပိဿာ ၄၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ရှောင်မိသားစုများအား မစ္စ ရန်ဟီလီနှင့်အဖွဲ့ တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ IDP စခန်းများမှ စစ်ရှောင်မိသားစုများနှင့် တွေ့ဆုံသည်။

မစ္စရန်ဟီလီနှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်းနားနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဖွံ့ဖြိုးရေးဝင်းအတွင်းရှိ စစ်ရှောင်စခန်းနှင့် မိုင်းနား RC အသင်းတော်ဝင်းအတွင်းရှိ စစ်ရှောင်စခန်းများသို့ သွားရောက်ပြီး မိသားစုများအား တွေ့ဆုံအားပေးကာ စစ်ရှောင်စခန်းနေအိမ်များကို လှည့်လည်ကြည့်ရှုပြီး မိသားစုဝင်တချို့နှင့် သီးခြားစီတွေ့ဆုံသည်။

မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက် RC အသင်းတော် စစ်ရှောင်စခန်းသို့ သွားရောက်ပြီး စစ်ရှောင်မိသားစုဝင်တချို့နှင့် သီးခြားတွေ့ဆုံကာ မိသားစုများအား တွေ့ဆုံအားပေးသည်။

ထို့နောက် မစ္စရန်ဟီလီသည် မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြစ်ကြီးနားမြို့မှ ရန်ကုန်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**(ပြည်နယ်ပြန်/ဆက်)**



# နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**
နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေကို လာမည့် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ စာပေပွဲတော်နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ကျင်းပသည်။



စာနယ်ဇင်းရှင်းလင်းပွဲတွင် နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမော်လင်းက နိုဘယ်လ်-မြန်မာစာပေပွဲတော်ကျင်းပသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ်တွင် စာပေနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၊ ဒုတိယအကြိမ်တွင် ကလေးစာပေပွဲတော်နှင့် ယခုနှစ်တွင် ရသစာပေဟု ပေးထားပါကြောင်း၊ ပွဲတော်ဖြစ်မြောက်စေရန် စာအုပ်စာပေကို မြတ်နိုးသူများက အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး စာပေဖွံ့ဖြိုးတိုးတက်ရန်မှာ စာဖတ်သူ များပြားရန်လိုပြီး စာအုပ်ကောင်းများ ထွက်ရန်လိုကြောင်း၊ ရသစာပေဆိုသည်မှာ စာဖတ်ချင်စိတ်ရှိသူများ၊ စာဖတ်ခါစလူများကို စာဖတ်ဖြစ်သွားအောင် ဆွဲဆောင်နိုင်သည့် စာပေအမျိုးအစားဖြစ်ကြောင်း၊ ရသစာပေ၊ စာပေဖွံ့ဖြိုးရေးဆိုသည်မှာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ကြောင်း၊ ရသစာပေနှင့် ပတ်သက်သည့် စာအုပ် ၁၀၀ ကို ပြုစုရွေးချယ်ထားပြီး စာအုပ်ထုတ်ရန်လည်း ဆောင်ရွက်နေပါကြောင်း၊ စာအုပ် ၁၀၀ ထဲမှ အနည်းဆုံး စာအုပ် ၅၀ ကို ထုတ်ရန် စီစဉ်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွှန့်က တတိယအကြိမ်မြောက် ကျင်းပသည့် ရသစာပေပွဲတော်ဖြစ်ကြောင်း၊ ရသစာပေကို ဦးစားပေးထားကြောင်း၊ ကဗျာဆွေးနွေးပွဲများလည်း ပါဝင်ကြောင်း၊ ကဗျာပုဒ်ရေ ၁၀၀ ကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။


ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးကြည်ဝင်းက စာပေပွဲတော်တွင် ရသစာပေနှင့် နှစ်ပေါင်း ၁၀၀ က ထုတ်ဝေခဲ့သည့် မြန်မာစာအုပ်များကို ပြသရန် စီစဉ်ထားကြောင်း၊ ကော်မတီက ရွေးချယ်ထားသည့် စာအုပ် ၁၀၀ ၏ မူရင်းစာရေးသူ ဓာတ်ပုံများ၊ မှတ်စုများ ပြပွဲတွင် ပြရန် စီစဉ်ထားကြောင်း၊ စာဖတ်ပရိသတ်များအား စာရေးသူနှင့် စာအုပ်ထုတ်ဝေသူများ ရသစာပေအပေါ် အတတ်နိုင်ဆုံး အားကြိုးမာန်တက် ရေးသားထားသည်များကို ပြသမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းချို က စာပေပွဲတော်တွင် ရသစာပေဖွံ့ဖြိုးတိုးတက်ရေး ပြန့်ပွားရေးအတွက် စာတမ်း ၁၁ စောင် ဖတ်ကြားမည်ဖြစ်ကြောင်း၊ စကားဝိုင်းဆွေးနွေးပွဲများ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဇာတ်ရုံ၏ အောက်ဘက်တွင် ဝတ္ထုစာရေးဆရာ ဆရာမများ စုပေါင်းပြီး ရသစာပေဝိုင်း၊ ကဗျာဆရာ ဆရာမများ၏ ကဗျာရွတ်ပွဲနှင့် ကာတွန်းဆရာများ၏ ရသစာပေနှင့် ပတ်သက်သည့် ကာတွန်းပြပွဲများရှိမည်ဖြစ်ကြောင်း၊ စာအုပ်တိုက်များကလည်း စာအုပ်ဆိုင်ပေါင်း ၁၄၀ ကျော် ရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျင်းပရေးကော်မတီဝင် ဦးခင်မောင်စိုး (မောင်သာမည) က ရသစာပေ ထွန်းကားရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အတိတ်ကို ပြန်ကြည့်ပြီး အကောင်းဆုံးနှင့် အကြိုက်ဆုံး ရွေးချယ်ကာ စာအုပ် ၁၀၀ ကို စာရင်းထုတ်ပေးမည်ဖြစ်ကြောင်း၊ ယခင် နိုဘယ်လ်-မြန်မာ စာပေပွဲတော်တွင် နိုဘယ်လ်ဆုရ စာရေးဆရာများ၏ စာအုပ်များကိုလည်း စာရင်းပြုစုထားပါကြောင်း၊ ရသစာပေကို ဖန်တီးသူများက မည်သည့် အကြောင်းအရာများကို မည်သို့ရေးဖွဲ့ဖန်တီးခဲ့သည်ကို သိလိုသူများအတွက် ထည့်သွင်းထားကြောင်း၊ ရသစာပေကို အားလုံးစိတ်ဝင်စားမည်ဟု ထင်ပါကြောင်း ပြောကြားသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာအုပ် စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများနှင့် စာပေလောကမှ တာဝန်ရှိသူများပူးပေါင်း၍ မြန်မာနှင့် နိုင်ငံတကာစာပေများ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်၊ ရသစာပေ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှု အသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင် ဗဟုသုတကြွယ်ဝခြင်းနှင့်အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်း၊ အများပြည်သူတို့ တိုးတက်သိမြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက် အထိ အမျိုးသား ဇာတ်ရုံ၌ကျင်းပမည်ဖြစ်ရာ စကားဝိုင်းဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်မိတ်ဆက်ပွဲ၊ ကဗျာရွတ်ပွဲ၊ ရသစာဖတ်ဝိုင်းများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ စာအုပ်ပြပွဲ၊ ကာတွန်းပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး စာပေနှင့် အနုပညာရှင်များ ကိုယ်တိုင်တင်ဆက်ကပြမည့် ပြဇာတ်ဖျော်ဖြေပွဲ အစီအစဉ်ကိုလည်း တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**



# ဒေါ်နယ်လ်ထရန့်က သမက်ဖြစ်သူကို အိမ်ဖြူတော်အကြံပေးခန့်

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်က ၎င်း၏ သမက်ဖြစ်သူ ဂျာရက်ကတ်ရှ်နာကို အိမ်ဖြူတော်ထိပ်တန်းအကြံပေးတစ်ဦးအဖြစ် ခန့်အပ်လိုက်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ကတ်ရှ်နာသည် ထရန့်၏သမီး အီဗန်ကာ၏ ခင်ပွန်းဖြစ်သည်။

ကတ်ရှ်နာသည် အစိုးရအဖွဲ့တွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့်အတွက် ဂုဏ်ယူကြောင်း၊ ယခုအခါ စီးပွားလုပ်ငန်းများတွင်သာမက နိုင်ငံရေးတွင်လည်း ထူးခြားစွာအောင်မြင်သူတစ်ဦးဖြစ်ကြောင်း ထရန့်က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကတ်ရှ်နာသည် မူဝါဒများ ချမှတ်ရေးဆွဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဟု မျှော်လင့်ရပြီး အိမ်ဖြူတော်ဝန်ထမ်းရေးရာ အရာရှိချုပ်ဖြစ်လာမည့် ပရင့်ပရီဘက်စ်နှင့် မဟာဗျူဟာရေးရာ အကြီးအကဲဖြစ်လာမည့် စတီ ဗန်နန်တို့နှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်သွားရမည်ဖြစ်သည်။

ကတ်ရှ်နာနှင့် ၎င်း၏ဇနီး အီဗန်ကာတို့သည် ထရန့်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလများတွင် မဟာဗျူဟာများရေးဆွဲချမှတ်ခြင်းနှင့် မိန့်ခွန်းမူကြမ်းများရေးရာတွင် အကြံပေးခဲ့ကြသူများဖြစ်သည်။

နိုဝင်ဘာလအတွင်း ဒေါ်နယ်လ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့တွေ့ဆုံသည့် ဆွေးနွေးပွဲသို့ ကတ်ရှ်နာနှင့် အီဗန်ကာတို့ တက်ရောက်ခဲ့ကြသည်။

ယခုကဲ့သို့ သမ္မတနှင့် ဆွေမျိုးနီးစပ်သူများကို ရာထူးခန့်အပ်မှုသည် ဥပဒေကိုချိုးဖောက်ရာရောက်ကြောင်း အမေရိကန်သတင်းမီဒီယာများက ဝေဖန်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**

## တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်းအား ဝေဖန်စာ အွန်လိုင်းပေါ်တင်သည့်ပါမောက္ခ ရာထူးမှဖယ်ရှားခံရ

**ပေကျင်း ဇန်နဝါရီ ၁၀**

ကွယ်လွန်သူ တရုတ်ခေါင်းဆောင်ကြီးမော်စီတုန်း၏ (၁၂၃) နှစ်မြောက် မွေးနေ့အခါသမယတွင် ၎င်းအား ဝေဖန်သည့်ရေးသားဖော်ပြချက်ကို အွန်လိုင်းပေါ်တင်သည့်ပါမောက္ခတစ်ဦးကို ရာထူးမှ ဖယ်ရှားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ခေါင်းဆောင်ကြီးမော်သည် ၁၉၇၆ ခုနှစ်စက်တင်ဘာ ၉ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်အထိ ၎င်းကို ပြည်သူတို့က ကြည်ညိုလေးစားနေကြဆဲဖြစ်သည်။ အာဏာရကွန်မြူနစ်ပါတီသည် ခေတ်သစ်တရုတ်နိုင်ငံထူထောင်သူအဖြစ် မော်ကို အသိအမှတ်ပြုထားပြီး နိုင်ငံသုံးယွမ်ငွေစက္ကူတိုင်းတွင် မော်၏ရုပ်ပုံကို ထည့်သွင်းဖော်ပြထားသည်။ တရုတ်နိုင်ငံ၌ရှေးထုံးစဉ်လာများအား အလေးပေးသူများနှင့် ပြုပြင်ပြောင်းလဲရေးဝါဒီများအကြား မော်၏ခေါင်းဆောင်မှုအပေါ် ရှုမြင်ချက်မှာ ကွာဟလျက်ရှိသည်။

တရုတ်နိုင်ငံ၌ ပြည်သူသုံးသန်းအထိ သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သော အငတ်ဘေးကျရောက်မှုဖြစ်စဉ်နှင့် ပြည်သူနှစ်သန်း သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သောယဉ်ကျေးမှုတော်လှန်ရေးတို့အတွက် ခေါင်းဆောင်ကြီးမော်တွင် တာဝန်ရှိသည်ဟု ပါမောက္ခတိန့်ကျောင်ချောင်က ဝေဘိုလူမှုကွန်ရက်မီဒီယာမှတစ်ဆင့်ဝေဖန်စာကို ရေးသားဖော်ပြခဲ့သည်။ အသက် ၆၂ နှစ်ရှိချောင်သည် တရုတ်နိုင်ငံအလယ်ပိုင်း ရှန်တုန် ကျန်ကျိုးတက္ကသိုလ်၌ အနုပညာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အဆိုပါ ဝေဖန်စာကို သမ္မတမော်၏မွေးနေ့ဖြစ်သော ဒီဇင်ဘာ ၂၆ ရက်နေ့စွဲတပ်ကာ အွန်လိုင်းပေါ်တင်ခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

## အမေရိကန်ရွေးကောက်ပွဲ၌ ရုရှားစွက်ဖက်သည်ဆိုမှု စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ကော်မရှင်ဖွဲ့ရန်တိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ရုရှားနိုင်ငံက ကြားဝင်စွက်ဖက်ရန် ကြိုးပမ်းခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် လွတ်လပ်သော အထူးကော်မရှင်တစ်ရပ်ကိုထူထောင်ရန် အမေရိကန်ကွန်ဂရက်လွှတ်တော်ရှိ ဒီမိုကရက်တစ်အမတ်များက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်၏နိုင်ငံရေး ပါတီကြီးနှစ်ပါတီမှ ကိုယ်စားလှယ် ၁၂ ဦးပါဝင်သည့်လွတ်လပ်သောအထူးကော်မရှင်ကို ဒီမိုကရေစီကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေနှင့်အညီ ထူထောင်သင့်ကြောင်း ဒီမိုကရက်တစ် အမတ်များက တိုက်တွန်းကြသည်။


လွတ်လပ်သောအထူးကော်မရှင်ကို စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့သည့် လွတ်လပ်သော ကော်မရှင်နည်းတူ ဖွဲ့စည်းသင့်ကြောင်း၊ အဆိုပါကော်မရှင်သည် မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းခြင်း၊ သက်ဆိုင်ရာစာလွှာစာတမ်းများ စုဆောင်းခြင်း၊ ကြားနားစစ်ဆေးနိုင်ရေးအတွက် လာရောက်ရန် ဆင့်ခေါ်စာများထုတ်ခြင်း၊ အများပြည်သူတို့၏သက်သေခံချက်များ ရယူခြင်းစသည်တို့ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဒီမိုကရက်တစ်အမတ်များက ပြောကြားကြသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရုရှားနိုင်ငံနှင့် အခြားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက ကြားဝင်စွက်ဖက်နိုင်ရန် ကြိုးပမ်းခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသင့်သည်ဆို၏။ လွတ်လပ်သောကော်မရှင်၌ ကွန်ကရက်လွှတ်တော်၏အမတ်များပါဝင်မည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲအကြို လူထုသဘောထားဆန္ဒစစ်တမ်းများတွင် ရေပန်းစားခဲ့သူ ဒီမိုကရက်သမ္မတလောင်း ဟီလာရီကလင်တန်မှာ ရွေးကောက်ပွဲ၌ အောင်ပွဲခံမည်ဟု အများက မျှော်လင့်ခဲ့ကြသော်လည်း ရီပတ်ဘလီကန်သမ္မတလောင်း၏ရလဒ်များအပေါ် ဩဇာသက်ရောက်နိုင်ရန် ရုရှားနိုင်ငံက ကြားဝင်စွက်ဖက်ခဲ့သည်ဟု အမေရိကန်ထောက်လှမ်းရေးဌာနများက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

**ရိုက်တာ။**

# အီရန် အမြန်မောင်းတိုက်ခိုက်ရေးရေယာဉ်များကို အမေရိကန်ရေတပ်သင်္ဘော သတိပေးပစ်ခတ်



**ဝါရှင်တန် ဇန်နဝါရီ ၁၀**

ဟောမုဇ်ရေလက်ကြားအနီး၌ အမေရိကန်ဖျက်သင်္ဘောတစ်စင်းအနီးသို့ အလျင်အမြန်ချဉ်းကပ်လာသည့် အီရန်အမြန်မောင်း တိုက်ခိုက်ရေးရေယာဉ်လေးစင်းကို အမေရိကန်ဖျက်သင်္ဘောက သတိပေးပစ်ခတ်မှုသုံးကြိမ်ပြုလုပ်ခဲ့ရကြောင်း အမေရိကန်ရေတပ်က ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၉ ရက်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဒေါ်နယ်လ်ထရန့်သည် ယခုနှစ်ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ အိမ်ဖြူတော်၌ တာဝန်ထမ်းဆောင်ရန်ရှိနေစဉ် ယခုဖြစ်စဉ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မည်သည့်အီရန် ရေတပ်ရေယာဉ်များကို မဆို အမေရိကန်ရေတပ်ရေယာဉ်များက ပင်လယ်ကွေ့ဒေသရေပြင်အတွင်းပစ်ခတ်ဖယ်ရှားပစ်မည်ဟူ၍ ထရန့်က မဲဆွယ်စည်းရုံးရေးကာလတွင် သန္နိဋ္ဌာန်ပြုပြောကြားခဲ့သည်။

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်မာဟန်အမည်ရှိ ဖျက်သင်္ဘော၏ကိုက် ၉၀၀ (မီတာ ၈၀၀)အဝန်းအဝိုင်းအတွင်းသို့ အီရန် ရေတပ်ဖွဲ့မှ အမြန်မောင်းတိုက်ခိုက်ရေးရေယာဉ်လေးစင်းဝင်ရောက်လာခဲ့ပြီးနောက် သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **ရိုက်တာ။**

# မြောက်ကိုရီးယားမှ တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်လာနိုင်မှုကြောင့် တောင်ကိုရီးယားတပ်မတော်အား အမြင့်ဆုံးအဆင့်တပ်လှန့်ထား

**ဆိုးလ် ဇန်နဝါရီ ၁၀**

မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်လာနိုင်မှုကြောင့် မိမိတပ်ဖွဲ့ကို အမြင့်ဆုံးအဆင့် တပ်လှန့်ထားကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။

တိုင်းပြည်ခေါင်းဆောင် ကင်ဂျုံအန်သတ်မှတ်ထားသော မည်သည့်အချိန်၊ မည်သည့်နေရာမှ မဆို တိုက်ချင်းပစ် ဒုံးကျည်တစ်စင်း ပစ်လွှတ်နိုင်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်ကဲ့သို့သော ဒုံးကျည်တစ်စင်းစမ်းသပ်ပစ်ခတ်ရန်ကြိုတင်ပြင်ဆင်မှုများမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နှစ်သစ်ကူးမိန့်ခွန်းအတွင်း ကင်က ပြောကြားသည်။



မြောက်ကိုရီးယားနိုင်ငံ၏ မကြာသေးမီက ပြောကြားချက်မှာ ယုံကြည်လောက်သောကြောင့် ယင်းနိုင်ငံကလုပ်ဆောင်ချက်များကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း တောင်ကိုရီးယားတပ်မတော်၊ ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထောက်များသို့ ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်နည်းပညာမှာ အဆင့်တစ်ခုသို့ရောက်ရှိနေပြီဖြစ်သော်လည်း ခေတ်မီအဆင့်တစ်ခုသို့ မရောက်ရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ရွေးကောက်ခံ သမ္မတ ဒေါ်နယ်လ်ထရန့် ကျမ်းသစ္စာမကျိန်ဆိုမီ မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်သော သဘောထားပြောင်းလဲလာရန် အမေရိကန်ပြည်ထောင်စုအပေါ် ဖိအားပေးရန် မြောက်ကိုရီးယားနိုင်ငံက ကြိုးစားနေကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက သီးခြားသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**တူရကီသမ္မတနိုင်ငံ**

တူရကီနိုင်ငံအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရီဆက်တေယစ် အာဒိုဂန်က နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့သည်။

နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုအခြေခံ၍ နှစ်နိုင်ငံနယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်မည်ဟု မိမိယုံကြည်ကြောင်း ဖော်ပြထားသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ကိုးကွယ်ယုံကြည်ရာ ဘာသာမျိုးစုံတည်ရှိသည့် မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားအောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများကို တူရကီနိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဟု ဖော်ပြထားသည်။

**ပိုလန်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပိုလန်ပြည်သူများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပိုလန်သမ္မတ မစ္စတာ အန်ဒရစ်(ဂျ) ဒူဒါက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြောင်းလဲရေးလုပ်ငန်းများကို ပိုလန်နိုင်ငံက ထောက်ခံအားပေးပါကြောင်း၊ ပိုလန်နိုင်ငံ၏ အရှေ့တောင်အာရှနိုင်ငံခြားရေးမူဝါဒတွင် မြန်မာနိုင်ငံသည် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် မိမိတို့ နှစ်နိုင်ငံကြား နိုင်ငံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆွေတော်နှင့် မြန်မာပြည်သူများ ကျန်းမာချမ်းသာပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

**ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ အမ်ဒီ အဗ္ဗဒူလ်ဟာမစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် အာရှဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ပါကြောင်း၊ နှစ်နိုင်ငံ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိမည်ဟု မိမိအခိုင်အမာယုံကြည်ကြောင်း ဖော်ပြထားသည်။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝချမ်းသာငြိမ်းချမ်းပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**အိန္ဒိယသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အိန္ဒိယသမ္မတ ပရာနာ့ဗ် မူခါဂျီးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ အဆွေတော်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လခရီးစဉ်အတွင်း မိမိတို့သည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကဏ္ဍအသီးသီးကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်အောင်မြင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

# အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်စွာတတ်မြောက်ရေးသည် အဓိကဖြစ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရက်ကန်းသင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူတစ်ဦးချင်း၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပုံမှန်ဝင်ငွေရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်ရေးသည် အဓိကအချက်ဖြစ်ကြောင်း၊ ကုန်ကြမ်းရရှိနိုင်မှုနှင့် ဈေးကွက်ဆိုင်ရာ အခြေအနေအရပ်ရပ်အပေါ် မူတည်ပြီး လက်တွေ့အမှန်တကယ်အသုံးချကာ ဘဝရပ်တည်နိုင်သည်အထိ မျှော်မှန်း၍ သီအိုရီနှင့် လက်တွေ့ပေါင်းစပ်ပါဝင်သော အသက်မွေးပညာရပ်များကို ခိုင်ခိုင်ခံ့ခံ့ သင်ကြားပေးနိုင်သည့် ပြည်သူများအားကိုးအားထားပြုရာ စံပြအသက်မွေးကျောင်းကြီးများအဖြစ် ဂုဏ်ယူစွာ သင်ကြားပေးနိုင်ရေးကြိုးပမ်းကြစေလိုကြောင်း ဖြင့် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပို့ချသင်ကြားပေးနေမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မုန့်မျိုးစုံသင်တန်းခန်းမဆောင်နှင့် သင်တန်းသားများ လက်တွေ့ထုတ်လုပ်ထားသော တန်ဖိုးမြင့် ကုန်ချောပစ္စည်းများကိုလည်းကောင်း၊ ရက်ကန်းသင်တန်းခန်းမအတွင်း စက်ရက်ကန်း၊ လက်ရက်ကန်း၊ ဂျပ်ခုတ်နှင့် ကြာချည်ထုတ်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ရှမ်းရိုးမမွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး စုဝေးဆောင်ခန်းမတွင် ဇုန်အတွင်းရှိ ဥစားကြက်မွေးမြူထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအဆင့်မီမွေးမြူရေးဇုန်များ ဖြစ်ပေါ်လာစေရေးအတွက် နည်းပညာစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ တိရစ္ဆာန်ရောဂါများ တိရစ္ဆာန်အချင်းချင်း ကူးစက်မှုအပါအဝင် လူသို့ကူးစက်နိုင်မှုများကို တားဆီးကာကွယ်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာအေးမြေငလျင်စခန်းမှအရှေ့တောင်ဘက် ၁၉၈၅ မိုင်အကွာတွင် ရစ်(ချ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၄၃ မိနစ် ၄၈ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၈၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(Celebes Sea,Philippines)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း သိရသည်။

“အခုလှုပ်ခတ်ခဲ့တဲ့မြေငလျင်က ကျွန်တော်တို့ရေပိုင်နက်ထဲမှာတော့ မဟုတ်ပါဘူး။ ရေပြင်မှာဖြစ်တာဆိုတော့ မြန်မာနိုင်ငံဘက်ကို ဘာအကျိုးသက်ရောက်မှုမှလည်းမရှိနိုင်ဘူး။ မြေပြင်ဗဟိုချက်အနက်က ၆၀၀ ကျော်ဖြစ်နေတဲ့အတွက် ဆူနာမီမဖြစ်နိုင်သလို အန္တရာယ်လည်းမဖြစ်နိုင်ပါဘူး။ လှုပ်ခတ်သွားတဲ့နေရာမှာတော့ ပြတ်ရွေ့တွေဖြစ်သွားနိုင်တယ်။ ကျွန်တော်တို့နဲ့ အတော်ဝေးတယ်။ တကယ်လို့ ဆူနာမီဖြစ်မယ်ဆိုရင်တောင် မြန်မာ့ကမ်းရိုးတန်းကို မသက်ရောက်နိုင်ဘူး။ မြန်မာ့ကမ်းရိုးတန်းကို ဆူနာမီသက်ရောက်နိုင်တာက အိန္ဒိယသမုဒ္ဒရာနဲ့ပဲဆိုင်တယ်။ အခုလှုပ်ခတ်ခဲ့တဲ့နေရာဘက်ကတော့ မြေငလျင်ကြီးတွေ မကြာခဏလှုပ်ခတ်လေ့ရှိတယ်။” ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်အတွင်း မြေငလျင်လေးကြိမ်လှုပ်ခတ်ခဲ့ပြီး ကလေးမြို့အနီးတွင်သုံးကြိမ်လှုပ်ခတ်ခဲ့ကာ တစ်ကြိမ်မှာ သပိတ်ကျင်းမြို့အနီးတွင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ သိရသည်။ **(ကြေးမုံ)**

# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအား ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

**မောင်တော ဇန်နဝါရီ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မောင်တောမြို့နယ်အတွင်း ဆန်နှင့်ပဲများ ထောက်ပံ့ပေးလျက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများက ယနေ့တွင် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။



တမန်းသားကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ အောင်သာယာ(နတလ)၊ အောင်ဇေယျ(စုစည်း) ကျေးရွာများမှ အိမ်ထောင်စု စုစုပေါင်း ၁၅၈ စု၊ လူဦးရေ ၆၂၄ ဦးအတွက် ဆန် ၇၅ ဒသမ ၅ အိတ်နှင့် ပဲ ငါးအိတ်ကို အောင်ဇေယျ စာသင်ကျောင်းတွင်လည်းကောင်း၊ ငါးစားကြူးကျေးရွာအုပ်စုရှိ ငါးစားကြူး၊ ကြက်ရိုးပြင်ကျေးရွာများမှ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၁၁၈၉ ဦးအတွက် ဆန် ၂၃ ဒသမ ၂၅ အိတ်နှင့် ပဲနှစ်အိတ်ကို ကြက်ရိုးပြင်ကျေးရွာအုပ်စု ပြောင်ပိုက်စာသင်ကျောင်းတွင် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တမန်းသားကျေးရွာအုပ်စုရှိ တမန်းသား၊ နန်းရာကိုင်း၊ သစ်တုံးနားခွဆုံ၊ ရေနောက်ငါးသား၊ သက်ကိုင်ညာကျေးရွာများမှ အိမ်ထောင်စု ၁၁၉၀၊ လူဦးရေ ၈၆၈၇ ဦးတို့အတွက် ဆန် ၃၀၄ အိတ်နှင့် ပဲအိတ် ၂၀ နှင့် ၂၇ ပိဿာကို တမန်းသား အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း၊ ကြိမ်ချောင်းကျေးရွာအုပ်စုရှိ ကြိမ်ချောင်း၊ ဝက်ကျိန်း၊ လောင်းဒုံ၊ စံကားပင်ရင်း၊ မျောချောင်းကျေးရွာများမှ အိမ်ထောင်စု ၄၉၂ စု၊ လူဦးရေ ၃၈၂၇ ဦးအတွက် ဆန် ၁၂၃ အိတ်နှင့် ပဲ ရှစ်အိတ်နှင့် ခြောက်ပိဿာကို ကြိမ်ချောင်း စာသင်ကျောင်းတွင် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကား ပြောကြားသည်။

“စားဝတ်နေရေးအခက်အခဲဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်အစိုးရက ဆန်နဲ့ပဲကို လာရောက်ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်ချင်ပါတယ်”ဟု တမန်းသားကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာများရှိ ဒေသခံအများစုသည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး လုံခြုံရေးအခြေအနေအရ တောင်ပေါ်သို့ သွားရောက်၍ မရကြောင်းနှင့် တောင်ယာသီးနှံများ အမြန်ဆုံး စိုက်ပျိုးနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

**(ကိုမင်း)**

# အားလုံးပူးပေါင်းပါဝင်ဖို့လိုသည်

ခင်မာလာကြာဖြူ

ပညာရေးစနစ်ရဲ့ သင်ရိုးညွှန်းတမ်းတွင် မျိုးဆက်ပွားကျန်းမာရေး (Reproductive Health) နှင့် ပြည်သူ့နီတိ (Civic Duty)ကို စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံဉာဏ်ပေးချင်သည်မှာ ယခုသက်ငယ်၊ သက်ကြီးမုဒိမ်းမှု၊ ရိုက်၊ သတ်၊ အနုကြမ်းစီးမှုတွေ အပူတပြင်းကြီးထွားလာမှ မဟုတ်ပါ။ ရပ်ရွာဒေသအသီးသီးရှိ မလိုလားအပ်သော တံခါးပိတ်တဲကော်ဖီဆိုင်များကြောင့် အမျိုးသမီးငယ်လေးများသည် မလိုချင်သောကိုယ်ဝန် (Unwanted Pregnancy) ရခဲ့ပြီး ဆရာဝန်ထံဖျက်ချလို၍လာကြသည်များကို ဆရာဝန်ဘဝကပင် တွေ့ရှိခဲ့ရပါသည်။ လာကြသူတိုင်းကိုလည်း သူတို့ကိုပတ်သက်မိသူနှင့် လက်ထပ်ဖို့တိုက်တွန်းပေမယ့်လည်း အဆင်မပြေပါဘူးတဲ့။ အဲဒီအခါမှာ လမ်းကောင်းမဟုတ်ပေမယ့် လိင်နှင့်ပတ်သက်၍ အကာအကွယ် ကွန်ဒုံးသုံးဖို့ ဒါလည်းအသုံးမချလိုဘူးဟု ဆိုပြန်သည်။ ဒါဆိုရင် ကိစ္စဖြစ်ပြီးပြီးချင်း သောက်ရမည့် ဆေးရှိသည်ဆိုပြီး ညွှန်ပေးရပါသည်။ ဒါပေမယ့်လည်း တခြားနေရာသို့ သွားရောက်ကလေးဖျက်ချ၍ အသက်အန္တရာယ်ဖြစ်သွားသူများ၊ ကျန်းမာရေးထိခိုက်လူညွှန့်တုံးသွားသူများကိုလည်း တွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်ပြီး ငါးပါးသီလနှင့် ရင်းနှီးကြပါသည်။ သို့သော် မကျင့်သုံးကြ၍သာ မကြားဝံ့မနာသာ အဖြစ်ဆိုးမျိုး ဖြစ်ပျက်ကြုံတွေ့နေရပါသည်။ သူများပစ္စည်းမခိုးနဲ့၊ ကိုယ့်ပစ္စည်းအခိုးခံရရင် ဘယ်လိုနေမလဲ၊ သူများအသက်မသတ်နဲ့၊ မိသားစုအသတ်ခံရရင် ဘယ်လိုနေမလဲ၊ မလိမ်နဲ့၊ ကိုယ့်ကိုသူများ လိမ်သွားရင်ဘယ်လိုနေမလဲ၊ မူးယစ်စေတတ်သော အရာများမသုံးစွဲနဲ့ စသည့် တားမြစ်ကန့်သတ်ချက်များကို ချိုးဖောက်ပါက လူဆိုတဲ့ဂုဏ်သိက္ခာဆုံးရှုံးပြီး သတိလက်လွတ် အမှားများစွာ ကျူးလွန်တတ်ကြောင်း၊ ယခုခေတ်တွင်မှ ပိုမိုထင်ရှားလာပါသည်။ ဘုမသိ၊ ဘမသိ လေးနှစ်အရွယ်ကလေးကို မုဒိမ်းမှုကျူးလွန်ခြင်းသည် စိတ်ခံစားမှုကြောင့် မဟုတ်ဘဲ လူစိတ်ပျောက်စေသော မူးယစ်ဆေးဝါးကြောင့်သာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်မိခြင်းဖြစ်ပါလိမ့်မည်။ သူတစ်ပါးအိမ်ရာ မကျူးလွန်နှင့် ဆိုသည်မှာလည်း မုဒိမ်းမှုများတွင် အကျုံးဝင်၏။

ဤသီလများ ကျိုးပေါက်သွားသောကြောင့် ယခုအပူတပြင်း အရေးယူသင့်သော အဖြစ်အပျက်များဖြစ်လာကြရပါသည်။ နည်းပညာတိုးတက်မှုသည်လည်း ထုံးစံအတိုင်း ကောင်းကျိုးများစွာကို ဖြစ်ထွန်းစေသလို မကောင်းကျိုးများစွာကိုလည်း ဖြစ်ပေါ်စေသည်။ Internet,Website, Facebook များတွင် မဖွယ်မရာကြည့်ရှုပြီး စိတ်ဆန္ဒကို မလွန်ဆန်နိုင်၍ အသက်ကြီးသူကိုဖြစ်စေ၊ အသက်ငယ်သူကိုဖြစ်စေ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ ဖြစ်စေပါသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ငယ်မုဒိမ်းမှု ဖြေရှင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့်တကွ တက်ရောက်လာသူများက အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တက်ကြွစွာ ဆွေးနွေးခဲ့ကြပါသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နေပြည်တော်တွင် Hot Line နှင့် Help Line ၀၆၇-၄၀၄၆၆၆ နှင့် ၀၆၇-၄၀၄၇၇၇ တယ်လီဖုန်းနံပါတ်များကို ၂၄ နာရီဝန်ဆောင်မှုအဖြစ် ဖော်ဆောင်ထားရှိမှုကို တင်ပြပါသည်။ နေပြည်တော်တွင် Hot Line ကို ၂၀၁၆ ခုနှစ် မေ ၁၁ ရက်မှစ၍ ဖွင့်လှစ်တာဝန်ချထား ဆောင်ရွက်လျက်ရှိပြီး Public Relation Corner နံပါတ် ၀၉-၄၅၁၀၉၇၂၂၅ ကို ၂၀၁၆ ခုနှစ် မေ ၉ ရက်မှစတင်၍ ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (The United Nations Convention on the Rights of the Child - UNCRC)ကို လက်မှတ်ရေးထိုးထားပြီး ကလေးသူငယ်များ၏အခွင့်အရေးကိုဖော်ဆောင်ရန်နှင့် အကာအကွယ်ပေးမှုများလုပ်ဆောင်ရန် ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းထားရှိပါသည်။ အလားတူ LIFE CYCLE APPROACH ဖြင့် လူမှုဒုက္ခကာကွယ်ရေးအတွက် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခြင်း၊ ဥပမာ အန္တရာယ်ကင်းသည့်နေရာသို့ ချက်ချင်းပို့ဆောင်ခြင်း၊ လွှဲပြောင်းရမည့်ကိစ္စများကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခြင်းစသည့် လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ယခုသက်ငယ်မုဒိမ်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ သီးခြား Hot Line နံပါတ်များဖြစ်သည့် ၀၆၇-၄၀၄၂၂၂ နှင့် ၀၆၇-၄၀၄၉၉၉ နံပါတ်များကို သီးခြားဖွင့်လှစ်၍ ၂၄ နာရီ ဝန်ဆောင်မှုပေးလျက် ရှိပါသည်။




သက်ငယ်မုဒိမ်းမှုကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရပါ။ ပြည်သူလူထုအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ပါသည်။

အဆိုပါအစည်းအဝေးတွင် ပြဿနာများကို စုပေါင်းဖြေရှင်းသည့်ပုံစံကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဤသို့တင်ပြဆွေးနွေးခဲ့ပါသည်-

ဤတြိဂံတွင် တြိဂံနှစ်ခုကြားမှ နေရာသည် ကျဉ်းမြောင်းသွားပါမှ ပြဿနာဖြေရှင်းရလွယ်ကူမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။ ဆိုလိုသည်မှာ ပြဿနာတစ်ခုဖြစ်လာလျှင် ကျူးလွန်သူ၊ ပစ်မှတ်ထားသည့် သားကောင်နှင့် နေရာဌာနဆိုတာ ရှိပါသည်။

သားကောင်များအတွက်ဆိုလျှင် အုပ်ထိန်းသူ၏ အခန်းကဏ္ဍသည် အဓိကအရေးကြီးပါသည်။ မိဘများသည် မိမိတို့ကလေးများ အန္တရာယ်ကင်းရန်အတွက် အောက်ပါအချက်များ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည် -

(၁) အုပ်ထိန်းသူမိဘများသည် သားကောင်ဖြစ်နိုင်သော ကလေးများကို နေအိမ်မှဝေးရာသို့ ခိုင်းစေခြင်း လုံးဝမပြုလုပ်ရ။
(၂) ညအချိန်တွင် ကလေးတစ်ယောက်တည်း မည်သည့်နေရာကိုမှ မလွှတ်ရ။
(၃) မူးယစ်ဆေးဝါးသုံးစွဲသူ၊ အရက်သောက်သူများနှင့် ကလေးကို ဝေးဝေးထားပါ။
(၄) သူတစ်ပါးကို မယုံကြည်ပါနှင့်။
(၅) ကလေးကို အခြားသူများနှင့် ထားခဲ့ခြင်း၊ အခြားသူများကို စောင့်ကြည့်ခိုင်းခြင်း လုံးဝမလုပ်ရ။
(၆) ကျောင်း/ကျူရှင်သို့ တစ်ယောက်တည်းလုံးဝ မလွှတ်ရ။
(၇) ကလေးရှေ့တွင် လိင်ပိုင်းဆိုင်ရာ အပြုအမူများ လုံးဝမလုပ်စေရ။
(၈) ကလေးတွင် ပြောင်းလဲလာသော အပြုအမူများ၊ အနေအထိုင်များ ရှိပါက ချက်ချင်းမေးမြန်းပါ။
(၉) ကလေးရင်ဖွင့်သည့်၊ ပြောပြသည့် စကားများကို အလေးထားနားထောင်ပါ။
(၁၀) လိင်မှုဆိုင်ရာများကို ကလေးသိတတ်သည့် အရွယ်မှစ၍ ဗဟုသုတအဖြစ် ပြောပြပါ။ (ကံ့ကော်မြေမှ တွဲလက်များ၏ ဖြန့်ဝေထားသော စာရွက်မှ ကောက်နုတ်သည်)

ပစ်မှတ်သားကောင်ဖြစ်သော ကလေးများအနေဖြင့် အန္တရာယ်များမှ ကင်းဝေးစေရေး အောက်ပါအချက်များကို လိုက်နာရန် မိဘများမှ သတိပေးရန်ဖြစ်ပါသည် -

(၁) နေအိမ်မှဝေးရာသို့ မိဘ/အုပ်ထိန်းသူများမသိဘဲ လုံးဝမသွားပါနှင့်။
(၂) နေအိမ်မှ အပြင်ထွက်ကစားလျှင် အိမ်တွင်ရှိသူများကို အသိပေးပြီးမှ သွားပါ။
(၃) ကျောင်း/အလှူ/ သင်တန်းမှ ပြန်လျှင် အိမ်တန်းပြန်ပါ။ အဖော်နှင့်ပြန်ပါ။
(၄) မိမိကို မည်သူခေါ်ခေါ် မလိုက်ရန်။
(၅) မိမိမသိသော သူစိမ်းများနှင့် လုံးဝစကားမပြောပါနှင့်။
(၆) မိမိမသိသောသူများကျွေးသည့် အစားအစာများကို လုံးဝမစားပါနှင့်။
(၇) လူမရှိသောနေရာသို့ မသွားသင့်သကဲ့သို့ လူများသော နေရာများသို့ မသွားရန်။
(၈) မိမိခန္ဓာကိုယ်ကို မည်သူ့ကိုမှကိုင်တွယ်ခွင့်၊ ဓာတ်ပုံရိုက်ခွင့် မပြုရန်။
(၉) ဖုန်းအတွင်းမှ ဓာတ်ပုံများ ဗီဒီယိုများကို မည်သူလာပြပြ မကြည့်ရန်။
(၁၀) လူရှင်းသောလမ်းများ၊ မှောင်သောနေရာများသို့ တစ်ယောက်တည်းလုံးဝမသွားရန်။

(ကံ့ကော်မြေမှ တွဲလက်များ၏ ဖြန့်ဝေထားသော စာရွက်မှ ကောက်နုတ်ပါသည်)

ပြဿနာတစ်ခုဖြစ်လျှင် ဖြစ်ရပ်စီမံခန့်ခွဲသူများမှ အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် အစိုးရဌာန၊ အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများနှင့် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာတို့မှ ပေါင်းစပ်ညှိနှိုင်းပေးရန်ဖြစ်သည်။

ကြိုတင်ကာကွယ်ရေးအစီအစဉ်အနေဖြင့် မိဘနှင့်ကလေးများအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရမည်။ အသိပညာပေးမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာနများမှတစ်ဆင့် လက်ကမ်းစာစောင်များကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖြန့်ဝေ၍ အသိပေးပါမည်။ လူစုလူဝေးရှိရာ ကျောင်း၊ ဈေး၊ ဆေးရုံစသည်တို့တွင် ပညာပေးပိုစတာကပ်ရန်၊ ပညာပေးဟောပြောပွဲပြုလုပ်ရန် အဓိကအားဖြင့် ပြစ်မှုပြစ်ဒဏ်ကို ပွင့်လင်းမြင်သာစွာ လူထုသိအောင် ဖြန့်ဝေပေးရန်ဖြစ်ပါသည်။

ပြစ်ဒဏ်အနေဖြင့် ဤသက်ငယ်မုဒိမ်းမှုကိုကျူးလွန်လျှင် ထောင်ဒဏ်နှစ် ၂၀ အထိ ကျခံရမည်ကို ပြည်သူလူထု သိသာထင်ရှားစွာ သိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်အသိပေးရန်လိုအပ်ပြီး ငွေလျော်ကြေးပေး၍ ကျေအေးခြင်းကို ခွင့်မပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။ ။



ဗန်းမော်ခရိုင်အတွင်းရှိ လျှပ်စစ်ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို ဇန်နဝါရီလ ပထမပတ်က ခရိုင်လျှပ်စစ်ရုံးခန်းမ၌ပြုလုပ်ရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦး သင်တန်းပို့ချစဉ်။ ခရိုင်(ပြန်/ဆက်)

## နွေနှမ်း၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန် သဲနုန်းမြေများပြန်လည်တူးဖော်

**ကျောက်ဆည် ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ကျောက်ဆည်မြို့နယ် ဇော်ဂျီမြစ်ရေသောက် ငပြောင်ဆည်မှ ခွဲထွက်သော မြောင်းမတော် သရက်ချိုမြောင်းသောက်တောင်သူများ နွေနှမ်း၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေးအတွက် ရေစီးရေလာကောင်းမွန်ရေး သဲနုန်းမြေများ ပြန်လည်တူးဖော်ခြင်းကို ယနေ့ နံနက် ၉ နာရီက ခေတ်မီစက်ကြီးများဖြင့် တူးဖော်လျက်ရှိသည်။

အဆိုပါ သရက်ချိုမြောင်းမှ လယ်ကြီး၊ ဟန်မြင့်မိုရ်၊ ကိုးပင်နှင့် ကလိုင်ကျော်ကွင်းတို့မှ တောင်သူများ စိုက်ပျိုးမြေဧက ၂၄၀၀ ရှိပြီး မြောင်းပေအရှည်မှာ ပေ ၂၇၀၀ရှိရာ တောင်သူများ နွေနှမ်း၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် ရေစီးရေလာကောင်းမွန်ပြီး ဆည်မြောင်းရေကို အဓိကထား၍ စိုက်ပျိုးရသောကြောင့် တောင်သူများ ဝမ်းသာလျက်ရှိကြောင်းနှင့် မိုးရွာသွန်းမှုမှာလည်း ကောင်းမွန်၍ တောင်သူများနှင့် လုပ်သားများပါ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်မောင်လွင်)**



# ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းများ ရန်ကုန်နှင့် မန္တလေးတို့တွင် တစ်ပြိုင်နက်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကကြီးမှူး၍ ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်မြို့)တွင် သင်တန်းသား ၃၀၀ ဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေးမြို့)တွင် သင်တန်းသား ၂၀၀ ဖြင့်လည်းကောင်း သင်တန်းကြေးအခမဲ့ဖြင့် စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ပြည်ပနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ နိုင်ငံများ၏ ပထဝီ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ သိသင့်သည့်အချက်များ၊ အလုပ်သမားရေးရာဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သိရှိသင့်သည့်အချက်များ၊ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါအချက်များ၊ ဆက်သွယ် အကူအညီတောင်းခံမည့်နေရာများ၊ ပြည်ပထွက်ခွာခြင်း၊ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်းတို့ကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများကို တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိလည်းကောင်း၊ ကြာသပတေးနေ့မှ စနေနေ့အထိလည်းကောင်း တစ်ပတ်လျှင် နှစ်ကြိမ် အခမဲ့ပို့ချသွားမည်ဖြစ်ပြီး အသက်(၁၈)နှစ် ပြည့်ပြီးသူ၊ ကျန်းမာရေးကောင်းမွန်သည့် အမျိုးသား အမျိုးသမီးများ တက်ရောက်နိုင်ပြီး သင်တန်းကာလ သုံးရက်ကို မပျက်မကွက် တက်ရောက်ရမည်ဖြစ်ပြီး ပျက်ကွက်ပါက နောက်တစ်ကြိမ် တက်ရောက်ရမည်ဖြစ်ကာ အချိန်ပြည့်တက်ရောက်သူများကိုသာ သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ သင်တန်းဆင်းလက်မှတ်ရရှိပြီး တစ်နှစ်အတွင်း ပြည်ပသို့ သွားရောက်ခြင်းမရှိပါက သင်တန်းပြန်လည်တက် ရောက်ရမည်ဖြစ်သည့်အပြင် သင်တန်းပြီးသူများသည်သာ ကိုရီးယားနှင့် ထိုင်းနိုင်ငံမှလွဲ၍ အခြားပြည်ပနိုင်ငံများ အားလုံးသို့ သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်သည်။





ယနေ့စတင်ဖွင့်လှစ်သည့် သင်တန်းများကို ရန်ကုန်မြို့ သင်တန်းကျောင်း၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကလည်းကောင်း**(အပေါ်ပုံ)**၊ မန္တလေးမြို့ သင်တန်းကျောင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ရွှေဦးကလည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"အလုပ်သမားတွေက အရင်က ပြည်ပကို ထွက်ခွာခါနီးမှသာ လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်ရတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ အချိန်လုံလောက်မှု မရှိတာကို တွေ့ရပါတယ်။

"အခုအစီအစဉ်ကတော့ အလုပ်သမားတွေအနေနဲ့ ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းကို မိမိတို့တက်ရောက်လိုတဲ့အချိန် ကြိုတင်တက်ရောက်ခွင့်ရတဲ့အတွက် ပြည်ပကို သွားရောက်လုပ်ကိုင်ဖို့ လိုအပ်တာတွေကို အချိန်မီကြိုတင်ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ ဌာနအနေနဲ့ အလုပ်သမားတွေရဲ့ အကျိုးအတွက် ဦးစားပေးစီမံဆောင်ရွက်တာဖြစ်သလို ပြည်ပသို့သွားရောက်လုပ်ကိုင်ဖို့ လက်တွေ့လိုအပ်ချက်တွေကို သင်ကြားပေးမှာဖြစ်ပါတယ်" ဟု ဒေါ်ခင်ရွှေဦးက ပြောကြားသည်။

ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက်ရည်ရွယ်၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို ကောင်းမွန်သင့်တော်သော အလုပ်အကိုင်များရရှိရန်၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာရေးဖြစ်ရန်၊ မှတ်ပုံတင်ထားသော အေဂျင်စီများဖြင့်သာ ချိတ်ဆက်သွားရောက်နိုင်ရန်၊ တရားမဝင်ပွဲစားများ ပပျောက်ရန်၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-နေသန်၊ ဓာတ်ပုံ-ကိုကိုနေ**

# ပဲစင်းငုံဈေးနှုန်း ယမန်နှစ်ထက် ထက်ဝက်ခန့်ကျဆင်း

**ပခုက္ကူ ဇန်နဝါရီ ၁၀**

အညာဒေသတွင် အဓိကစိုက်ပျိုးသည့် ပဲစင်းငုံဈေးမှာ ယမန်နှစ် ကာလပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ခန့် ဈေးနှုန်းကျဆင်းလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ပဲစင်းငုံတစ်တင်း ပိဿာ၂၀ လျှင် ကျပ် ၄၈၅၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၉ ရက်တွင် ပခုက္ကူမြို့နယ် ကုန်သည်ပွဲစားများအသင်း၏ ထုတ်ပြန်ချက်ပေါက်ဈေးနှုန်းအရ ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၂၄၂၀၀ ဖြစ်ကြောင်း သိရသည်။



ပဲစင်းငုံဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများ စိတ်ဓာတ်ကျနေကြောင်း၊ ပဲစင်းငုံကို ပိုစိုက်တာကနှမ်း၊ မြေပဲထက် စိုက်စရိတ်သက်သာကြောင်း၊ တာရှည်အထားခံကြောင်း၊ ပဲစင်းငုံတစ်တင်း ထုတ်လုပ်မှုလုပ်အားခ ကျပ် ၄၀၀၀ ခန့်သာကုန်ကျပြီး နှမ်းတစ်တင်းထုတ်လုပ်မှုလုပ်အားခမှာ ကျပ် ၈၀၀၀ ခန့်ကုန်ကျကြောင်း၊ ပဲစင်းငုံဈေး ကျဆင်းသော်လည်း လုပ်အားခမှာ ယမန်နှစ်က လူတစ်ဦး ကျပ် ၄၀၀၀ သာ ပေးရသော်လည်း ယခုနှစ်တွင် ကျပ် ၅၀၀၀ မှ ၆၀၀၀ အထိပေးရကြောင်း ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာမှ တောင်သူကိုမိုးကျော်၏ ပြောကြားချက်အရ သိရသည်။

**ကိုဇော်(ဓာတုဗေဒ)**

# မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေး၊ စာပြန်ပွဲတော် ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်အား အမှူးထား၍ (၁၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေး၊ စာပြန်ပွဲတော်ကို ဇန်နဝါရီ ၈ ရက်က အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါစာပြန်ပွဲသို့ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၇ ကျောင်းတို့မှ ရဟန်းသံဃာတော်နှင့် ရှင်သာမဏေပေါင်း ၃၉၄ ပါးဝင်ရောက်ဖြေဆိုတော်မူကြရာ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများအတွက် စေတနာရှင်များက လှူဒါန်းပူဇော်ကြပြီး ဇန်နဝါရီ ၁၂ ရက် (ပြာသိုလပြည့်နေ့)တွင် အောင်လက်မှတ်များ ဆက်ကပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြမည် ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လယ်လုပ်သားရှားပါးသည့်အတွက် စက်စွမ်းအားကိုသာ အများစုအသုံးပြုလာ

**အမရပူရ ဇန်နဝါရီ ၁၀**

နွားမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်သော တောင်သူများမှာ နွားစာရရှိရေးအတွက် အားထားလုပ်ဆောင်ပြီး လူဖြင့်ရိတ်သိမ်းကာ သယ်ယူပို့ဆောင်ခြင်း၊ ခြွေခြင်း၊ လှေ့ခြင်းများကို စက်စွမ်းအားများဖြင့် အသုံးပြုလျက်ရှိကြသည်။ အများစုမှာ လယ်လုပ်သားငှားရမ်းရာတွင် အခက်အခဲရှိသည့်အတွက် မိသားစု ဝိုင်းဝန်းလုပ်ဆောင်သည့်စနစ်၊ တစ်ဦးလုပ်ငန်းတွင် တစ်ဦးကူညီဆောင်ရွက်ပေးသည့် အစဉ်အလာများဖြင့် ပူးပေါင်းလုပ်ဆောင်ကြပြီး လယ်လုပ်သားများမှာ နေ့စားရိတ်သိမ်းခြင်းထက် ပုတ်ပြတ်စနစ်ဖြင့်သာ လုပ်ဆောင်လာကာ လိုချင်သည့်ရက်ရရှိရန် ခက်ခဲလာကြောင်း သိရသည်။

တောင်သူများမှာ ကောက်လှိုင်းရရှိရန်အတွက် လူနှင့်စပါးရိတ်ကာ နေလှန်းပြီး ထော်လာဂျီများဖြင့် အိမ်သို့သယ်ယူပြီး ခြွေစက်ဖြင့်ခြွေကာ စက်ဖြင့်ပင် ရဟတ်ပုတ်ခြင်းများပြုလုပ်သည်။ ကောက်လှိုင်းသယ်ဆောင်မှုတွင် ထော်လာဂျီကို ဟိုက်ဒရောလစ်ပါသည့် ထော်လာဂျီကို အသုံးပြုမှုများပြားပြီး ကောက်လှိုင်းချရာတွင် ဟိုက်ဒရောလစ်ဖြင့် လှန်ချကာ လုပ်ငန်းတွင်ကျယ်အောင် ပြုလုပ်ကြသည်။ ထော်လာဂျီတစ်စီးလျှင် စပါးပါဝင်သော ကောက်လှိုင်း ၂၇၅ လှိုင်းမှ ၃၀၀ အထိ တင်ဆောင်ကြသည်။ ထော်လာဂျီတစ်ခေါက်သယ်ယူခအနေဖြင့် ငွေကျပ် ၅၀၀၀ ပေးရသည်။ ကောက်လှိုင်းများကို အိမ်တွင်သယ်ယူပြီး စက်ဖြင့်ခြွေခြင်း၊ စက်ဖြင့် ရဟတ်ပုတ်ကာလှေ့ခြင်း၊ ကောက်လှိုင်းများကို နွားစာစဉ်းစက်ဖြင့် စဉ်းကာ ကျီတဲများအတွင်း သိုလှောင်ခြင်းများကို ပြုလုပ်ကြသည်။ လက်ရှိကာလ အမရပူရမြို့နယ်အတွင်းတွင် လယ်လုပ်သားရှားပါးသည့်အတွက် သယ်ယူခြင်းမှအစ စက်စွမ်းအားကိုသာ အသုံးပြုကာ ခြွေခြင်း၊ လှေ့ခြင်း၊ နွားစာစဉ်းခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်(ရွှေဈေး) ၈၆၂၀၀၀ - ၈၆၂၀၀၀၊ မန္တလေး(ရွှေဈေး) ၈၆၂၀၀၀ - ၈၆၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**၂-၁-၂၀၁၇ ရက်နေ့မှ ၆-၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၉၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၉ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၂၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၀.၅ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၆၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၅၉ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၇.၈၆၈ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၂.၂၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁.၆၄ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၀.၆၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ဆေးဝါးဘေးထွက်ဆိုးကျိုးစောင့်ကြပ်ကြည့်ရှုမှုစနစ် အသုံးပြုပုံအား အများပြည်သူသိရှိနိုင်စေရန် အသိပေးကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု (Drug Safety)အတွက် ဆရာဝန်ညွှန်ကြားချက်ဖြင့် ဆေးဝါးများကို အများပြည်သူတို့ မှီဝဲသုံးစွဲရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆေး၏ဘေးထွက်ဆိုးကျိုးစောင့်ကြပ်ကြည့်ရှုခြင်းစနစ်ကို အားဖြည့်တိုးမြှင့်ဆောင်ရွက်ရန်အတွက် အထူးလိုအပ်သည်။

သို့ဖြစ်ပါ၍ ဆရာဝန်၊ သူနာပြု၊ ဆေးဝါးကျွမ်းကျင်၊ ကျန်းမာရေးမှူး အစရှိသည့် ကျန်းမာရေးဝန်ထမ်းများအားလုံးအနေဖြင့် ပြည်သူများ ဆေးဝါးမှီဝဲသုံးစွဲရာမှ ဖြစ်ပေါ်လာနိုင်သော မလိုလားအပ်သည့်ဆိုးကျိုးများကို သိရှိရန်နှင့် ကုသရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် SMS စနစ်ဖြင့် ADR Reporting ကို အချိန်နှင့်တစ်ပြေးညီ သိရှိဖြေရှင်းနိုင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်သည်။

၎င်း Drug Safety Network ကို ADR reporting application အဖြစ် Android နှင့် iOS နှစ်မျိုးလုံးတွင် အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး ဇန်နဝါရီ ၄ ရက်တွင်စတင်၍ FDA ၏ Website ဖြစ်သော www.fdamyanmar.gov.mm တွင် အခမဲ့ download ဆွဲ၍အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

**(ကြေးမုံ)**

**ရှေ့ဖုံးမှ**

၂။ ကျယ်ပြန့်လှသောငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် လိုအပ်သောရန်ပုံငွေများ ရရှိရေး၊ ရရှိလာသောရန်ပုံငွေများကို မျှတညီညွတ်စွာ ခွဲဝေပေးနိုင်ရေး၊ ရန်ပုံငွေများသုံးစွဲရာတွင် စနစ်တကျနှင့်ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်ရေးတို့မှာ အရေးကြီးလှပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိရာ ယင်းကူညီထောက်ပံ့မှုများကိုစနစ်တကျ ဖြန့်ခွဲမျှဝေနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်ထောင်စုတိုင်းရင်းသား မြန်မာနိုင်ငံသားအားလုံးနှင့်သက်ဆိုင်ပြီး တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြမှသာ ပြည်သူလူထုပါဝင်သောငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သော ရန်ပုံငွေရှာဖွေစုဆောင်းရာတွင်လည်း နိုင်ငံတကာမှ အလှူရှင်များသာမက ပြည်တွင်းအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြန်မာနိုင်ငံသားများပါဝင်နိုင်ရေးအတွက် အထူးအရေးကြီးလှပါသည်။ ထိုသို့ ပြည်သူအများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် **အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ(NRPC-Peace Fund) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊** ငွေစုဘဏ်စာရင်း၊ SF-၀၀၄၀၄၈တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ ပြည်တွင်းမှ လှူဒါန်းလိုသောအလှူရှင်အဖွဲ့အစည်းများ၊ အလှူရှင်ပုဂ္ဂိုလ်များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးရန်ပုံငွေတွင် ထည့်ဝင်လှူဒါန်းခြင်းဖြင့် မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မိမိတို့ကိုယ်တိုင် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန**

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Trading ကုမ္ပဏီများအနေဖြင့် ID/ED formများတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းခြင်းမရှိပါက ပထမအကြိမ်တွင် ကုမ္ပဏီ၊ အေးဂျင့်များကိုသတိပေးရန်နှင့် ဆက်လက်၍ ပျက်ကွက်ပါက အရေးယူဆောင်ရွက်ရန်ကိစ္စ၊ ၎င်းကိစ္စနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက ကုမ္ပဏီများ၊ အေးဂျင့်များကို ရှင်းလင်းဆွေးနွေး အသိပေးထားရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် In Cash , In Kind ရင်းနှီးမြှုပ်နှံမှုပုံစံများကို နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစေရန်နှင့် နစ်နာမှုမရှိစေရန် နည်းဥပဒေသို့မဟုတ် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ဖြင့် ဆောင်ရွက်နိုင်ရေး သုံးသပ်ရန်ကိစ္စ၊ ဌာနအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားချေးငွေရယူမှုများတွင် Short Term Loan (Hot Money) ရယူခြင်း မပြုသင့်ဘဲ Medium Term၊ Long Term ချေးငွေများသာ ရယူဆောင်ရွက်ရေးကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရေးကိစ္စ၊ ကုန်သွယ်မှုကဏ္ဍတွင် Trade Deficit ဖြစ်ပေါ်မှုကို ကွာဟမှုကျဉ်းမြောင်းစေရန်အတွက် Exportတိုးမြှင့်နိုင်မည့် နည်းလမ်းများ၊ သွင်းကုန်စိစစ်တင်သွင်းခွင့်ပြုရန် နည်းလမ်းများဖော်ထုတ်ရေးကိစ္စ၊ ခရီးသွားလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုကဏ္ဍများမှ နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒

ပြာသိုလပြည့် အမေနေ့

## အတုမရှိတဲ့ အနှိုင်းမဲ့မေတ္တာ

◆ မြင်းမိုရ်တောင်ကြီးက ပြောတယ်
လောကမှာ ငါဟာအမြင့်မားဆုံးတဲ့။
◆ ဟိမဝန္တာတောင်ကြီးက ပြောတယ်
လောကမှာ ငါဟာအကြီးကျယ်ဆုံးတဲ့။
◆ သမုဒ္ဒရာကြီးက ပြောတယ်
လောကမှာ ငါဟာအနက်ရှိုင်းဆုံးတဲ့။
◆ နေမင်းကြီးက ပြောတယ်
လောကမှာငါဟာ အထွန်းလင်းဆုံးတဲ့။
◆ လမင်းကြီးက ပြောတယ်
လောကမှာ ငါဟာအအေးမြဆုံးပါတဲ့။
◆ ကျွန်တော်မေးလိုက်ချင်တယ်
အမေ့မေတ္တာနဲ့ ပြိုင်ရဲသလားလို့။

**ဟံသာဝတီ-ဦးအုန်းကြိုင်**

၁၃၇၈ ခု ပြာသိုလပြည့် ၁၂-၁-၂၀၁၇ “အမေများနေ့”တွင် ကျေးဇူးဂုဏ် အနန္တစုံပြည့်ဝသည့် မွေးမြတ်မိခင် ကျေးဇူးရှင်တို့အား အကြိမ်ကြိမ် မြေဝယ်ဦးခိုက် ရှိခိုးကန်တော့ပူဇော်လိုက်ပါတယ်။

# မောင်တောခရိုင်အတွင်းရှိ ငါးဖမ်းရေယာဉ်များအား မှတ်ပုံတင်ကွင်းဆင်းပြုလုပ်ပေးမည်

**မောင်တော ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့မှုကြောင့် ရပ်နားထားရသော ငါးဖမ်းရေယာဉ်များအား ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များနှင့် ရေယာဉ်မှတ်ပုံတင်များ ကျေးရွာအရောက် ကွင်းဆင်းပြုလုပ်ပေးရေး ညှိနှိုင်းအစည်းအဝေးကို မောင်တောမြို့ရှိ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက် အခြေစိုက်နယ်မြေများရှိ ငါးဖမ်းစက်လှေများကို ပြည်နယ်ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်အာမခံလုပ်ငန်း၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းကို စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ရမ်းဗြဲမြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ မောင်တောမြို့နယ်အတွင်းရှိ အလယ်သံကျော်နယ်မြေအတွင်း မှတ်ပုံတင်ပေးရေးနှင့် ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များ ကျေးရွာအရောက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်းရှိ ငါးဖမ်းစက်လှေများတွင် ကမ်းဝေးငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိဘဲ ကမ်းနီးငါးဖမ်းရေယာဉ် အစီးရေ ၃၀၀ကျော်ရှိကာ တစ်ပိုင်တစ်နိုင် ငါးဖမ်းစက်လှေ အစင်းရေ ၁၃၀၀ကျော်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းမှ အဓိကထုတ်လုပ်ရခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးမှု၏ လေးပုံသုံးပုံခန့်မှာ ပင်လယ်ပြင် ငါးဖမ်းဆီးခြင်းမှ ရရှိနေခြင်းကြောင့် မောင်တောဒေသအတွင်း ငါးဖမ်းလုပ်ငန်းသည် ဒေသခံများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ကာ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် ငါးဖမ်းဆီးမှုလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ယခုအခါ ဒေသခံများ ဝင်ငွေရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိရေး ငါးဖမ်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် ဒေသအာဏာပိုင်များ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောသည်။



အလယ်သံကျော်ကျေးရွာအနီး ရပ်နားထားသော ငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

ယခုလက်ရှိ မောင်တောဒေသအတွင်း တည်ငြိမ်လာပြီဖြစ်သည့်အတွက် ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပထမဦးစွာ ငါးဖမ်းစက်လှေများ၊ အသိအမှတ်ပြုလိုင်စင်များ အချိန်တိုအတွင်း ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သည့်အခါ ဖမ်းဆီးရမိသော ငါးများအား ပြည်ပသို့ရောင်းချခြင်း မပြုရေးတားမြစ်ထားပြီး ပြည်တွင်းစားသုံးမှုဖူလုံမှသာ ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်ရေး ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်လိုင်စင်ပြုလုပ်ပြီးသည်များကို လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးခြင်း အသစ်မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် ငါးဖမ်းခွင့်လိုင်စင်များ ပြုလုပ်ရန်အတွက် အလျား၊ အနံ၊ စောက်တိုင်းတာပြီး အင်ဂျင်ပါဝါ မြင်းကောင်ရေ ၂၀ အောက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ကာ၊ မြင်းကောင်ရေ ၂၀ အထက်ဖြစ်ပါက ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ရေယာဉ်လိုင်စင်ဆောင်ရွက်ပေးပြီးပါက တစ်နှစ်ခွင့်ပြုပေးထားပြီး လိုင်စင်ထုတ်ပေးထားသော ရေယာဉ်များကိုလည်း စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေယာဉ်လိုင်စင် ပြုလုပ်ရေးအတွက် သတ်မှတ်ချက်များနှင့်ပတ်သက်၍ ပြည်နယ်ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက “ကျွန်တော်တို့ အဖွဲ့ကနေ မြင်းကောင်ရေ ၂၀အထက် ငါးဖမ်းရေယာဉ်ရော၊ ရိုးရိုးငါးဖမ်းရေယာဉ်များကိုပါ နဂိုလိုင်စင်ရှိပြီးသားရေယာဉ်တွေကို သက်တမ်းတိုးပေးတယ်။ လိုင်စင်မရှိသေးတဲ့ ရေယာဉ်တွေကို တိုင်းတာစစ်ဆေး မှတ်ပုံတင်ပေးပါတယ်။ ဇန်နဝါရီ ၁၁ရက်နဲ့ ၁၂ ရက်မှာ မောင်တောမြို့နယ် မောင်နီရွာကို စဆင်းပါမယ်။ အဲဒီနောက်မှာ ညောင်ပင်ကြီး၊ အလယ်သံကျော်၊ မြင်းလွတ်ရွာတွေကိုသွားပြီးတော့ ကွင်းဆင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ခန့်မှန်းရေယာဉ်အစင်းရေ ၃၀၀ ကျော်အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

ငါးဖမ်းရေယာဉ်များအား ခုတ်မောင်းပြေးဆွဲခွင့်လိုင်စင်၊ ငါးဖမ်းခွင့်လိုင်စင်များနှင့် ရေယာဉ်မှတ်ပုံတင်များကို စစ်တွေမြို့နယ် သဲချောင်းနယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် ရေယာဉ်အစင်းရေ ၁၂၈ စင်း၊ မြင်းကောင်ရေ ၂၀ အောက် ၇၆ စင်းအတွက်လည်းကောင်း၊ စစ်တွေမြို့နယ် ဗေဒါနယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် ၅၃ စင်းအတွက်လည်းကောင်း၊ ပေါက်တောမြို့နယ် ဆင်တက်မော်၊ စစ်ကဲပြင်၊ အနောက်ရဲနယ်မြေများရှိ မြင်းကောင်ရေ ၂၀ အထက် ၁၄၂ စင်းနှင့် မြင်းကောင်ရေ ၂၀ အောက် ရေယာဉ် ၁၀၃ စင်းအတွက်လည်းကောင်း၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်နယ်မြေမှ မြင်းကောင်ရေ ၂၀ အထက် အစင်း ၇၀ နှင့် မြင်းကောင်ရေ ၂၀ အောက် ၁၂၅ စင်းကိုလည်းကောင်း စုစုပေါင်း မြင်းကောင်ရေ ၂၀ အထက် ၁၁၁ စင်းနှင့် မြင်းကောင်ရေ ၂၀ အောက် ၁၀၈ စင်းအတွက် သက်တမ်းတိုးခြင်းနှင့်အသစ်ဆောင်ရွက်ခြင်းများ ပြုလုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# စစ်တွေမြို့ ဝေသာလီဘောလုံးကွင်း ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၁၀**

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အိမ်ကွင်းအဖြစ် အသုံးပြုမည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝေသာလီဘောလုံးကွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ သရုပ်ဆောင် အဆိုတော်များဖြစ်သည့် သူထူးစံ၊ နေထက်လင်း၊ ထူးအယ်လ်လင်း၊ ခိုင်နှင်းဝေ၊ စန္ဒီမြင့်လွင်၊ ချစ်စနိုးဦး တို့နှင့်အတူ ရခိုင်အဆိုတော်များဖြစ်သည့် ဝင်းကိုခိုင်၊ မြတ်ခိုင်ကျော်၊ ဝတီစိုးမိုး၊ စောနှင်းနွယ် တို့က ဖျော်ဖြေသွားမည်ဖြစ်ပြီး ကွင်းဖွင့်ပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်မင်းသိန်းက ပြောကြားသည်။

ရခိုင်ယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၁၄ ရက်တွင် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁) အဖြစ် ဆောက်သမ်းမြန်မာအသင်းကို အိမ်ကွင်းအဖွင့်ပွဲစဉ်အဖြစ် လက်ခံကစားရမည်ဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# RB News ဝက်ဘ်ဆိုက်တွင်ပါရှိသည့် သတင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ မမှန်မကန်သတင်းထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာ(တောင်)အတွင်းသို့ ဇန်နဝါရီ ၇ ရက် ညနေပိုင်းက တပ်မတော်သားများဝင်ရောက်၍ ရွာသားများအား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်း၊ အမျိုးသမီးများအား ရိုက်နှက်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် လုယက်ခြင်းများပြုလုပ်ကာ အမျိုးသား ခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဇန်နဝါရီ ၈ ရက် RB News Website ၌ ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာသို့ သွားရောက်၍ ကျေးရွာတာဝန်ခံ၊ ရပ်မိ၊ ရပ်ဖများ၊ ရွာသူ၊ ရွာသားများနှင့်တွေ့ဆုံကာ သတင်းမှန်ကန်မှုရှိ/မရှိ စုံစမ်းစစ်ဆေးမေးမြန်းခြင်းများဆောင်ရွက်ခဲ့ရာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိကြောင်းနှင့် သတင်းရေးသားထုတ်လွှင့်မှုများမှာ မမှန်မကန် ရေးသားထုတ်လွှင့်မှုများသာဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် အဆိုပါ RB News Website သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းကလည်း ရွာသားများသေဆုံးမှုနှင့် နေအိမ်များမီးလောင်ဆုံးရှုံးမှုသတင်းများကို မမှန်မကန်ရေးသားထုတ်လွှင့်ခဲ့သဖြင့် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းမှန်ပြန်ကြားထုတ်ပြန်ခဲ့ရဖူးသည်။

တပ်မတော်အနေဖြင့် မောင်တောဒေသတွင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေနှင့်အညီ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

OBAS Intensive Weaken Spot Whitening Day Cream + Night Cream




# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သောတားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | OBAS Intensive Weaken Spot Whitening Day Cream + Night Cream | Taiwan Obas Cosmetics Co., Ltd., Taipei City | Mercury(+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ်(Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ရွှေသတ္တုတူးဖော်သူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟွေ့လှမ်းကျေးရွာအနီးတစ်ဝိုက်၌ တရားမဝင် ရွှေသတ္တုတူးဖော်လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့နံနက် ၄ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းရာ ဟွေ့လှမ်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ တရားမဝင် ရွှေသတ္တုတူးဖော်နေသော တစ်ဖက်နိုင်ငံသား ရှစ်ဦးနှင့် မြန်မာနိုင်ငံသား ၂၀ တို့ကို ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဘက်ဟိုး သုံးစီး၊ ဒိုဇာ တစ်စီး၊ မြေသယ်ယာဉ် တစ်စီး၊ မော်တော်ယာဉ် တစ်စီး၊ ရေစုပ်စက် သုံးလုံး၊ မီးစက် တစ်လုံး၊ လူနေတဲ သုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



အဆိုပါယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု ၁၃၀ ဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးကို ဦးစားပေး အစီအစဉ်အဖြစ်ထားရှိ၍ စီမံကိန်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုဖွဲ့စည်းခြင်း၊ အမျိုးသား ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခြင်း၊ မဲခေါင် ခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် ပြည်ပရောက် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်စေရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးအတွက် ကုလသမဂ္ဂနှင့်ပူးပေါင်း၍ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခွင့်ပြုခြင်းစသည့် ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည်ဖော်ဆောင်၍ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို အဘက်ဘက်မှ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော်လည်း ဝိသမစီးပွားရေးသမားများ၏ လူမဆန်စွာ လုပ်ကိုင်မှုများကြောင့် လူအချင်းချင်းရောင်းစားသော လူကုန်ကူးမှုများဖြစ်ပွားလျက်ရှိသည်။ အချို့မှာလည်း စီးပွားရေးအဆင်မပြေမှု၊ ရိုးသားဖြူစင်မှုများကို အခွင့်ကောင်းယူ၍ မက်လုံးပေးစည်းရုံးဆွဲဆောင်ကာ လူပွဲစားများလက်ထဲမှ ရောင်းစားခံရသည့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိကြသည်။

ဤကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် လူပွဲစားများ၏ လုပ်ဆောင်မှုကြောင့် လူကုန်ကူးမှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု ၁၃၀ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ကိုးမှု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်မှု၊ မကွေးတိုင်းဒေသကြီးတွင် သုံးမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁ မှု၊ ကရင်ပြည်နယ်တွင် ငါးမှု၊ မွန်ပြည်နယ်တွင် ခုနစ်မှု၊ ရခိုင်ပြည်နယ်တွင် ရှစ်မှု၊ ကချင်ပြည်နယ်တွင် ၁၂ မှု၊ ရှမ်းပြည်နယ်တွင် ၄၇ မှု ဖြစ်ပွားခဲ့သည်။

ပြစ်မှုကျူးလွန်သူ အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၁၄၉ ဦး ပေါင်း ၂၃၀ ဦးဖမ်းဆီးရမိခဲ့သည်။ တရားခံပြေးအနေဖြင့် အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၁၀၈ ဦး ပေါင်း ၁၇၅ ဦး ရှိခဲ့ပြီး ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

တစ်နှစ်လုံး လူကုန်ကူးခံရသူပေါင်း ၃၀၅ ဦးရှိခဲ့ရာ ၂၅၄ ဦးကို ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ၅၁ ဦးကို ပြန်လည်ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။ လူကြီး ၂၂၆ ဦး၊ လူငယ် ၃၈ ဦး၊ ကလေး ၄၁ ဦးတို့ လူကုန်ကူးမှုခံခဲ့ရခြင်း ဖြစ်သည်။

လူကုန်ကူးခံရသည့် ဦးတည်ရာနိုင်ငံများမှာ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ပြည်တွင်း၌လည်း ဖြစ်ပွားခဲ့သည်။ ဦးတည်ရာ နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ လူကုန်ကူးမှု ၈၈ မှု၊ ထိုင်းနိုင်ငံသို့ ကိုးမှု၊ မလေးရှားနိုင်ငံသို့ ခြောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးခံရသူများအား အဓမ္မလက်ထပ်စေခိုင်းမှု ၈၅ မှု၊ အဓမ္မခိုင်းစေမှု ၃၁ မှု၊ ပြည့်တန်ဆာပြု လုပ်ခိုင်းစေမှု ၁၂ မှု၊ ကြွေးမြီအတွက် တစ်မှု၊ ကလေး မွေးစားမှု တစ်မှု ဖြစ်သည်။

သို့ပါ၍ ပြည်သူများအနေဖြင့် လူအချင်းချင်းရောင်းစားကြသော လူပွဲစားများကို သတိ၊ အသိနှင့်ယှဉ်၍ ရှောင်ရှားကြရန်နှင့် မိမိ၏ ပတ်ဝန်းကျင်တွင် အဆိုပါ လူပွဲစားများ တွေ့ရှိ၊ သိရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားစေရန် တိုက်တွန်းအပ်ပါသည်။

**သန်းဦး(လေးမျက်နှာ)**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်အား တရားစွဲဆိုအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တရားသူကြီးဒေါ်အဥ္ဇလီမြရှိန်သည် ယစ်မျိုးဥပဒေအရ တရားစွဲခံရသူများအနက် ဂုဏ်အားငွေမပေးသူများကို ထောင်ဒဏ်ချမှတ်ပြီး ငွေပေးသူများအား ငွေဒဏ်သာချမှတ်ခဲ့ပါသဖြင့် အရေးယူပေးပါရန် တိုင်ကြားလာခြင်းအပေါ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁(ဂ) (၃) နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပွင့်ဖြူမြို့နယ်တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်သည် ပွင့်ဖြူမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ်(၂၁၉/၂၀၁၆)၊ ယစ်မျိုးဥပဒေပုဒ်မ ၃၀(က) အမှုတွင် အမှုပြီးပြတ်စေရေးအတွက် အဆိုပါအမှုအားလိုက်ပါဆောင်ရွက်သောအထက်တန်းရှေ့နေမှ တစ်ဆင့် ငွေကျပ် ငါးသိန်းတောင်းခံရယူခဲ့ခြင်းနှင့် ပွင့်ဖြူမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ်(၂၉၄/၂၀၁၆)၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က) အမှုတွင် တရားခံအပေါ် ပြစ်ဒဏ်သက်ညှာစွာစဉ်းစားပေးနိုင်ရန် တရားခံ၏ ဇနီးဖြစ်သူထံမှ ငွေကျပ် ငါးသိန်းလက်ခံရယူခဲ့ခြင်းတို့ကြောင့် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဖြစ်ပြီး ရာထူးတာဝန်ကိုအလွဲသုံးစားပြု၍ လာဘ်ငွေရယူခဲ့ကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ တရားစွဲဆိုအရေးယူရန်ဆောင်ရွက်ရာ အဆိုပါ ပွင့်ဖြူမြို့နယ်တရားသူကြီး ဒေါ်အဥ္ဇလီမြရှိန်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကွမ်းခြံကုန်းတွင် ကွန်ပျူတာသင်တန်းဖွင့်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၁၀** ။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ခေတ်မီနည်းပညာများ တတ်ကျွမ်းရေးအတွက် ရည်ရွယ်ပြီး A.B.C ကွန်ပျူတာသင်တန်းကျောင်းနှင့်ပူးပေါင်း၍ ကွန်ပျူတာ အင်တာနက်နည်းပညာပြန့်ပွားရေးသင်တန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာ၌ ဇန်နဝါရီ ၇ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား၃၀ အား တစ်လတာသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂) ဦးအောင်မင်းမင်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

**သရဖီ(ကွမ်းခြံကုန်း)**

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦး"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# မဖြစ်မနေပြောင်းလဲရတော့မည့် ရန်ကုန်မြို့ပြ ဘတ်စ်ကားစနစ်

**သတင်း-ဆုနှင်းလှဲ့၊ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**




ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ်တွင် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မပြောင်းလဲနိုင်ခဲ့သည့် ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်ကို ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ပြောင်းလဲပြေးဆွဲတော့မည်ဖြစ်သည်။ မ. ထ. သ စီမံအုပ်ချုပ်သည့်စနစ်မှ အများပိုင်ကုမ္ပဏီများက တာဝန်ယူပြေးဆွဲသည့်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန် စတင်လိုက်ခြင်းဖြစ်သည်။

ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ယာဉ်လိုင်းပြေးဆွဲမည့် ကုမ္ပဏီရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက အတည်ပြုရွေးချယ်သတ်မှတ်ထားပြီး ထိုကုမ္ပဏီရှစ်ခုမှ သက်ဆိုင်ရာ လမ်းကြောင်းများအလိုက် ပြေးဆွဲသွားမည်ဟု တိုင်းဒေသကြီးအစိုးရက အသိပေးကြေညာထားသည်။ ယင်းအပြင် ယခင်ယာဉ်လိုင်းပေါင်း ၃၀၀ ကျော် ရှိနေသည့် လမ်းကြောင်းများကို လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသည့်လိုင်းများကို စုစည်းကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ပြောင်းလဲပြေးဆွဲစေမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဇန်နဝါရီ ၆ ရက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအရ ယခင်ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ခန့်ကို ဖျက်သိမ်းကာ စနစ်သစ်ဖြင့် လမ်းကြောင်း ၆၀ခန့်၊ ယာဉ်လိုင်း ၆၀ခန့်ဖြင့် ပြောင်းလဲပြေးဆွဲစေမည်ဟု သိရပြီး လက်ရှိမြို့ပြ လမ်းကြောင်းများပေါ်တွင် ပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းများအားလုံးကို ဖျက်သိမ်းပစ်လိုက်သည်ဟု အထင်ရှိစရာဖြစ်ခဲ့သည်။ အမှန်တကယ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မ. ထ. သ(မြို့တွင်း)၊ ပါရမီ၊ မေတ္တာလှိုင်း၊ သန်မြန်သူ၊ စစ်မှုထမ်းဟောင်း၊ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင် စသည်ဖြင့် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၈ ခုခန့်ရှိပြီး အဆိုပါယာဉ်လိုင်းများ၏ လက်အောက်တွင် လိုင်းငယ်ပေါင်း ၃၀၀ ကျော်ခန့်ရှိသည်။

အချို့ယာဉ်လိုင်းများသည် လိုင်းနံပါတ်သာ ရှိသော်လည်း ပြေးဆွဲသည့် ယာဉ်မရှိတော့ခြင်း၊ ယာဉ်တစ်စီး နှစ်စီးသာ ကျန်ရှိတော့ခြင်းနှင့် လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသော ယာဉ်လိုင်းများစွာ ရှိနေခြင်းကြောင့် ပြန့်ကျဲနေသည့် ယာဉ်လိုင်းများကို စုစည်းကာ ယာဉ်လိုင်း ၆၀ ခန့်ဖြင့်သာ ပြေးဆွဲစေမည်ဟု သိရသည်။ မ. ထ. သ၊ ပါရမီ၊ မေတ္တာလှိုင်း စသည့် ယာဉ်လိုင်းအဖွဲ့အစည်းများကလည်း အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရန် ပြင်ဆင်နေပြီး အဆိုပါကုမ္ပဏီများကို ယခင်က မ. ထ. သ (ဗဟို)မှ စီမံအုပ်ချုပ်သည့်စနစ်မှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကြပ်မတ်ဆောင်ရွက်သွားမည့် စနစ်ပင်ဖြစ်သည်။

ထိုသို့ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး စနစ်သစ်တစ်ခုကို ကူးပြောင်းရန် ဆောင်ရွက်နေမှုတွင် ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအနေဖြင့် ယခင်ဘတ်စ်ကားလိုင်းများကို ဖျက်သိမ်းလိုက်သည့်အတွက် မည်သို့ဆက်လက်သွားလာရမည်ကို ရှင်းရှင်းလင်းလင်း မသိရှိသကဲ့သို့ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများအနေဖြင့်လည်း မည်သည့်လမ်းကြောင်းတွင်၊ မည်သည့်ကုမ္ပဏီအဖွဲ့အစည်း လက်အောက်တွင် ဆက်လက်ဆောင်ရွက်ရမည်ကို ရှင်းရှင်းလင်းလင်း မသိရှိကြသေးကြောင်း ဝေဖန်ပြောဆိုမှုများရှိသည်။ လက်ရှိပြေးဆွဲနေသော ယာဉ်များအနေဖြင့် စနစ်သစ်ပြောင်းလဲမှုတွင် မိမိတို့ပြေးဆွဲလိုသည့် လမ်းကြောင်းများကို ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အတွင်း အဆိုပြုလျှောက်ထားရန် ကြေညာခဲ့ပြီး ယာဉ်မောင်းများကို လခစားစနစ်ဖြင့် ခန့်အပ်သွားရန်အတွက်ကိုလည်း လျှောက်လွှာများ လက်ခံခဲ့သည်။

သို့ရာတွင် အချိန်အားဖြင့် ၄ ရက်ခန့်သာရရှိပြီး စနစ်သစ်ဖြင့် စတင်ပြောင်းလဲပြေးဆွဲမည့်ရက်နှင့် စနစ်သစ်ပြေးဆွဲမည့်အကြောင်း တရားဝင်ကြေညာခဲ့သည့်ရက်မှာ အချိန် ၁၀ ရက်ခန့်သာရရှိပြီး ထိုရက်ပိုင်းအတွင်း အချိန်မီစနစ်တကျ ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများစွာရှိနိုင်ကြောင်း ယာဉ်ပိုင်ရှင်များက ဆိုကြသည်။ ထို့အတူ လက်ရှိပြောင်းလဲလိုက်သည့် ယာဉ်လိုင်း ၆၀ခန့်၏ ခရီးစဉ်လမ်းကြောင်းများသည် ရန်ကုန်မြို့ပြအနှံ့ ဖြန့်ကြက်ထားမှုမရှိဘဲ အချို့မြို့နယ်များသို့ ပြေးဆွဲသည့်ကားလမ်းကြောင်း အခက်အခဲများဖြစ်ပေါ်သွားပြီး အချို့မှာမူ ယာဉ်နှစ်ဆင့်၊ သုံးဆင့် ပြောင်းစီးရမည့် အနေအထားများ ဖြစ်သွားကြောင်း နေ့စဉ်ဘတ်စ်ကားစီးခရီးသည်များက လမ်းကြောင်းသစ် အစီအစဉ်များအပေါ် ဝေဖန်ပြောကြားကြသည်။ အလားတူ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် စားဝတ်နေရေးအပေါ် စိုးရိမ်ကြောင့်ကြမှုများက ရှိနေပြန်သည်။

"မ. ထ. သ အဖွဲ့ကို ဖျက်သိမ်းစေချင်တာက ကြာပါပြီ။ အရေးယူမှုတွေ မထိရောက်တဲ့အခါကျတော့ ပြည်သူတွေ ပူးပေါင်းပြီး အွန်လိုင်းမှာ ဂရုဖွဲ့ပြီးတော့ စည်းကမ်းမဲ့ ဘတ်စ်ကားတွေနဲ့ ယာဉ်မောင်း၊ စပယ်ယာတွေကို ဆန့်ကျင်တဲ့အဖွဲ့တွေ၊ ဓာတ်ပုံတွေနဲ့တင်ပြတာတွေ လုပ်လာရတယ်။ အခုလို မ. ထ. သအဖွဲ့ဖျက်သိမ်းပြီးတော့ စနစ်သစ်နဲ့ ဘတ်စ်ကားတွေ ပြေးဆွဲပေးမယ်ဆိုတော့ အများကြီးကြိုဆိုပါတယ်။ ဒါပေမယ့် အဓိကက ဘယ်လိုပြောင်းလဲမှာလဲ ဆိုတာရယ်၊ အခုအစိုးရက ကြေညာလိုက်တဲ့ လမ်းကြောင်းတွေကို ကျွန်တော်တို့ သေချာနားမလည်တာပါပဲ။ နောက်တစ်ခုက တချို့နေရာတွေမှာ ကားနှစ်ဆင့်၊ သုံးဆင့်စီးရသလိုဖြစ်တဲ့အတွက် ကားခပိုကုန်ကျလာမှာ။ အပြောင်းအလဲရဲ့ အခက်အခဲကို ကျွန်တော်တို့ ရင်ဆိုင်ရပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းနဲ့ ရေရှည်လည်းကောင်းမယ့်ဟာမျိုးတော့ ဖြစ်စေချင်တယ်။ ဒီကားခအတွက် ကုန်ကျရတဲ့စရိတ်တက်သွားရင် ကျန်တဲ့ကုန်ဈေးနှုန်းပါ ထပ်တက်နိုင်တဲ့အတွက် သေသေချာချာလေးတော့ လုပ်စေချင်ပါတယ်" ဟု ဘတ်စ်ကားစီး ခရီးသည်တစ်ဦးဖြစ်သူ ကုမ္ပဏီဝန်ထမ်းကိုအာကာက ပြောသည်။

ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်နှင့်ပတ်သက်၍ ဝေဖန်မှုအချို့ ရှိနေသော်လည်း ယင်းသို့ ဘတ်စ်ကားပြုပြင်ပြောင်းလဲရေးစနစ် စတင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICAအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပုဂ္ဂလိက ယာဉ်ပိုင်ရှင်များတွေ့ဆုံစဉ် မြို့ပြပို့ဆောင်ရေးတွင် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ထူထောင်၍ မ. ထ. သအဖွဲ့ဖြင့် စီမံအုပ်ချုပ်နေသည့်စနစ်ကို ဖျက်သိမ်းကာ အများပိုင်ယာဉ်လိုင်းများ ထူထောင်ပြေးဆွဲစေမည်ဟု အစိုးရအဖွဲ့က တရားဝင်ပြောကြားခဲ့သည်။ ပုဂ္ဂလိက ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း စနစ်သစ်ပြောင်းလဲမှုတွင် ပူးပေါင်းပါဝင်လိုကြသော်လည်း ယာဉ်အသစ်ဝယ်ယူရန် ငွေကြေးလိုအပ်ချက် အခက်အခဲများရှိနေသည်။ ထို့အတွက် အစိုးရအနေဖြင့် ၁၉၉၅ ခုနှစ် မော်ဒယ်အောက် အိုဟောင်းဘတ်စ်ကားများကို လဲလှယ်ခွင့်ပြုခဲ့ပြီး ဘတ်စ်ကားအသစ်ပြန်လည်ဝယ်ယူလိုသူအတွက် စီအင်န်ဂျီပြန်လည်ထုတ်ပေးမည်ဖြစ်ကာ ဘဏ်ချေးငွေစနစ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**စာမျက်နှာ ၁၁ »»**



## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၁၀ မှ

ဘတ်စ်ကား ပြန်လည်ဝယ်ယူလိုခြင်းမရှိသူများအတွက် လူစီးစလစ်ထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ ၁၉၉၅ မော်ဒယ်အောက်ယာဉ်များကို လက်ရှိပြေးဆွဲမည့် စနစ်သစ်တွင် ပြေးဆွဲခွင့်ပြုမည် မဟုတ်တော့ကြောင်း ကြေညာထားသည်။ အလားတူ လက်ရှိပြေးဆွဲနေသည့် ယာဉ်များတွင် ယာဉ်ဥပမိရုပ်ကောင်းမွန်ကာ ကြံ့ခိုင်မှုကောင်းသောယာဉ်များကို ပြေးဆွဲခွင့်ပြုထားပြီး နောင်တွင် BRT Lite ယာဉ်လိုင်းကဲ့သို့ ယာဉ်အသစ်၊ ကတ်စနစ် ငွေပေးချေမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ပြီး အစိုးရအနေဖြင့် အများပိုင်ကုမ္ပဏီများကို ငွေကြေးမတည်ထည့်ဝင်မှု ဆောင်ရွက်ပေးမည်ဟု သိရသည်။

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအနေဖြင့် မြို့ပြဘတ်စ်ကားလိုင်းများ၏ ဝန်ဆောင်မှုများအပေါ် စိတ်ပျက်နေကြသည်မှာ ကြာပြီပင်ဖြစ်သည်။ မြို့နေလူဦးရေ၏ ထက်ဝက်ကျော်မှာ အဆိုပါ ဘတ်စ်ကားလိုင်းများကိုသာ အားထားစီးနေရသည့်အတွက် ယာဉ်အစီးရေနှင့် လူဦးရေမျှတခြင်းမရှိသော်လည်း အခြားသော ပို့ဆောင်ရေးစနစ်များ အားထားရခြင်းမရှိသေးသည့် အတွက်ကြောင့် ဘတ်စ်ကားလိုင်းများကိုသာ သည်းခံစီးနင်းနေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ကာလမှစ၍ ယနေ့ထက်တိုင် ခေတ်အဆက်ဆက် စစ်ကျန်ဘတ်စ်များ၊ ဟီးနိုး၊ ဒိုင်နာ၊ ဟိုင်းလပ်၊ စီးတီးဘတ်စ်ဟူ၍အဆင့်ဆင့်အသုံးပြုခဲ့သည့် မြို့ပြယာဉ်လိုင်းများတွင် မြို့သစ်များ တိုးချဲ့မှုနှင့် လူဦးရေထူထပ်များပြားလာမှုတို့ အပေါ် လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်ခဲ့သည့် နည်းလမ်းများကိုသာ အသုံးပြုခဲ့ပြီး ကောင်းမွန်သည့် ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲနိုင်ခဲ့ ခြင်းမရှိခဲ့ပေ။ ထို့ကြောင့်လည်း ယာဉ်လိုင်းများ ရှုပ်ထွေးကာ ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုဖြစ်ပေါ်စေပြီး လမ်းကြောင်းတူ နေသည့် ယာဉ်များအပြိုင်အဆိုင် အလုအယက်မောင်းနေ ခြင်း၊ ပုတ်ပြတ်စနစ်ဖြင့် ဝင်ငွေခွဲယူမှုစနစ်ကြောင့် ခရီးသည်ဝန်ဆောင်မှုမဖြစ်ဘဲ ဝင်ငွေအပြိုင်အဆိုင် ရှာဖွေမှုကိုသာဖြစ်ခဲ့သည့်အတွက်ကြောင့်လည်း လိုအပ်ချက်များစွာရှိခဲ့သည်။ ယင်းအပြင် ယာဉ်လုပ်သားများ၏ ရိုင်းပျစွာဆက်ဆံခြင်း၊ ခိုက်ရန်ဖြစ်ပွားရန်ရှာခြင်းနှင့် ၎င်းတို့အပေါ် အရေးယူထိန်းသိမ်းနိုင်မှုမှာလည်း အားနည်းချက်များရှိနေသည့်အတွက်ကြောင့် ရန်ကုန်မြို့ပြ ဘတ်စ်ကားလိုင်းစနစ်သည် မဖြစ်မနေ ပြုပြင်ပြောင်းလဲရမည့် အခြေအနေပင်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အရင်က န. ဝ. တ အစိုးရလက်ထက်မှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကော်မတီကို ဖွဲ့ခဲ့ပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို ဖွဲ့ခဲ့တယ်။ တိုင်းမှူးနဲ့ ဒုတိုင်းမှူးက ဦးဆောင်ပြီး အဲဒီတုန်းက အမိန့်တစ်ရပ်နဲ့ သက်ဆိုင်ရာဌာနတွေကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်စေခဲ့တယ်။ ဒါပေမယ့် ဟိုဌာနတာဝန်၊ ဒီဌာနတာဝန်နဲ့ မပြီးပြတ်တာတွေရှိတယ်။ နောက်တော့ ၂၀၁၀ ရွေးကောက်ပွဲအပြီး အစိုးရသစ်ပြောင်းတော့ ယာဉ်လိုင်းတွေကို ကြပ်မတ်ဖို့ မ. ထ. သ(ဗဟို) ဆိုတာ ဖြစ်လာပြန်တယ်။ ဒါလည်း မထိရောက်ခဲ့ဘူး။ နိုင်ငံတကာက မြို့ပြတွေမှာလို မြို့ပြသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့တစ်ခုက ဥပဒေနဲ့အညီ ကိုင်တွယ်ဆောင်ရွက်ဖို့လိုလာတယ်။ ဒါကြောင့် ယခုအစိုးရလက်ထက်မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ပါတယ်။ အလားတူပဲ မ. ထ. သ အဖွဲ့ကို ဖျက်သိမ်းပြီးတော့ ယာဉ်လိုင်းတွေကိုလည်း အများပိုင်ကုမ္ပဏီအဆင့်အထိရောက်အောင် ဖွဲ့စည်းဆောင်ရွက်ဖို့၊ ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးကိုလည်း ဒီကုမ္ပဏီတွေကနေ သက်ဆိုင်ရာလမ်းကြောင်းအလိုက် တာဝန်ယူပြေးဆွဲဖို့နဲ့ အာဏာပိုင်အဖွဲ့အနေနဲ့ ဒီကုမ္ပဏီတွေကနေတစ်ဆင့် ယာဉ်လိုင်းတွေကို ကြပ်မတ်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ စနစ်တစ်ခုအပြောင်းအလဲမှာ အခက်အခဲတွေ အများကြီး ကြုံရမှာဖြစ်တဲ့အတွက် ဒါတွေကို အများပြည်သူနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာပါ။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ စတင်ဖွဲ့စည်းကတည်းက အဓိကထား လုပ်ဆောင်မှာက ဘတ်စ်ကားစနစ်ပြုပြင်ပြောင်းလဲရေးပါ။ တစ်ဆက်တည်းမှာပဲ ယာဉ်ကြောရှင်းလင်းရေးစီမံချက်တွေကို နည်းလမ်းပေါင်းစုံသုံးပြီးဆောင်ရွက်သွားမှာဖြစ်သလို တက္ကစီတွေကိုလည်း စစ်တမ်းကောက်ယူပြီး စနစ်တကျ ကြပ်မတ်သွားမှာပါ။ အလားတူ ရေကြောင်းပို့ဆောင်ရေးစနစ် စတင်နိုင်အောင်၊ ရထားပို့ဆောင်ရေးစနစ်နဲ့ ဘတ်စ်ကားလိုင်းစနစ်တွေ ချိတ်ဆက်နိုင်အောင်နဲ့ အထပ်မြင့် ယာဉ်ရပ်နားစခန်းတွေ အကောင်အထည်ဖော်တာတွေလည်း ပါဝင်မှာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

မကြာမီရက်ပိုင်းအတွင်း စတင်တော့မည့် ဘတ်စ်ကားပို့ဆောင်ရေးစနစ်သစ်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ခရီးစဉ်လမ်းကြောင်းများကို ၎င်းအာဏာပိုင်အဖွဲ့ ဝက်ဘ်ဆိုက်တွင် အသေးစိတ်ရှင်းလင်းဖော်ပြပေးမည်ဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းများအတွက် ဘတ်စ်ကားမှတ်တိုင်များတွင် လမ်းညွှန်ဆိုင်းဘုတ်များ ထူထောင်ပေးမည်ဟု ကြေညာထားသည်။ ယင်းအပြင် မိုဘိုင်းဖုန်း အက်ပလီကေးရှင်းကတစ်ဆင့် လမ်းကြောင်းများ လမ်းညွှန်နိုင်ရန် ပြင်ဆင်နေပြီး Call Centre ကတစ်ဆင့် စုံစမ်းမေးမြန်းနိုင်အောင်လည်း ဆောင်ရွက်ပေးမည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဒေါ်နော်ပန်းသဥ္ဇာမျိုးက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခု စတင်ဆောင်ရွက်မှုသည် ဘတ်စ်ကားလောကကို ပြုပြင်ရန်အလို့ငှာ၊ အများပြည်သူဝန်ဆောင်မှုကို အကောင်အထည်ဖော်ရန်အလို့ငှာ သယ်ယူပို့ဆောင်ရေးစနစ် ခြေလှမ်းအစဟု ဆိုခဲ့သည့်အတိုင်း သက်ဆိုင်ရာအပြင် ဆက်စပ်နေသော ဌာနဆိုင်ရာများ၊ အများပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလည်း လိုအပ်မည်ဟု သိရသည်။ အလားတူ ပညာရှင်များ အကြံပြုဆွေးနွေးတင်ပြခဲ့သည့်အတိုင်း မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်နှင့် မြို့ပြယာဉ်လမ်းကြောများ စနစ်တကျရှင်းလင်းစွာ သွားလာနိုင်ရေးမှာလည်း ဘက်ပေါင်းစုံမှ တစ်ပြိုင်နက်တည်း ဖြေရှင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံချက် များစွာကလည်း ရှိနေပြန်သည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးမြို့တော်ဖြစ်သည်သာမက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အဓိကတည်ရှိရာ မြို့ပြလည်းဖြစ်သောကြောင့်ပင်ဖြစ်သည်။ နေ့စဉ် ဘတ်စ်ကားများပေါ်တွင် အချိန်များစွာပေး၍ ပင်ပန်းစွာ သွားလာနေကြရမှုများသည် တစ်ဦးတစ်ယောက်ချင်း၏ အလုပ်လုပ်နိုင်မှုစွမ်းရည်၊ ကုန်ထုတ်လုပ်မှုစွမ်းရည်များကို လျော့ကျစေသည်ဖြစ်ရာ နေ့စဉ်လူသန်းနှင့်ချီ သွားလာနေကြရာတွင် ကျွမ်းကျင်ပညာရှင်တို့၏ ဝေဖန်သုံးသပ်ချက်အရ ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်မရှိခြင်းသည် တိုင်းပြည်၏ GDP ကို လျော့ကျစေသည်ဟု ဝေဖန်ထားသည်။

အလားတူ အများပြည်သူလူထုအနေဖြင့်လည်း နေ့စဉ် ဘတ်စ်ကားစီးနင်းနေရသော ဒုက္ခများကို အင်မတန်စိတ်ပျက်နေပြီး မဖြစ်မနေမို့သာ သွားလာနေရသည်ဟု ညည်းညူလျက်ရှိကြသည်။ ထိုသို့ ညည်းညူမှုများ နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ပြောင်းလဲသွားခြင်း မရှိခဲ့ရာမှ ယနေ့ ပြုပြင်ပြောင်းလဲတော့မည့် စနစ်သစ်တွင် အများပြည်သူဝန်ဆောင်မှုကို ဗဟိုပြုသည့်၊ အများပြည်သူ ကြိုက်နှစ်သက်အားထားရသည့် ယာဉ်လိုင်းစနစ် ဖြစ်ပေါ်လာရန်မှာ လိုအပ်ချက် အခက်အခဲများစွာ ရှိနေမည်ဖြစ်သော်လည်း ပြည်သူလူထုအားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆိုထားသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် BRT Lite ကဲ့သို့ အများပိုင်ယာဉ်လိုင်းအဆင့်သို့ ရောက်ရှိရန် ကျန်ယာဉ်လိုင်းကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ရဦးမည်ဖြစ်သည့်အပြင် အဆိုပါ BRT Lite ယာဉ်လိုင်းသည်လည်း နိုင်ငံတကာ မြို့ပြများတွင်ပြေးဆွဲနေသည့် BRT Lite သီးသန့်လမ်းကြောင်းဖြင့် ပြေးဆွဲနိုင်သည့် အနေအထားသို့ရောက်ရှိရန် ကြိုးစားပြင်ဆင်ရဦးမည်ဖြစ်သည်။ အလားတူ နိုင်ငံတကာမြို့ပြပို့ဆောင်ရေးများကဲ့သို့ ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးရာတွင် အရှုံးခံဆောင်ရွက်ရမှုများ ရှိနိုင်ရာ အစိုးရ၏ ပံ့ပိုးမှုများသည်လည်း အဓိက ကျလာမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိ၌ ယာဉ်လိုင်းများ၏ ကိုယ်ရကိုယ်ယူစနစ်၊ အပြိုင်အဆိုင် အလုအယက် ခရီးသည်လုတင်ကာ ငွေရှာသည့်စနစ်၊ ပြိုင်မောင်း လုမောင်းနေသည့်စနစ်မှ စနစ်တကျ ကိုင်တွယ်အရေးယူနိုင်သည့် စနစ်ကို စတင်ပြောင်းလဲတော့မည်ဖြစ်ရာ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် စီမံအုပ်ချုပ်နိုင်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်တို့ အရေးပါလာမည်ဖြစ်သလို အများပြည်သူသဘောထားဆန္ဒများ၊ အခက်အခဲများ၊ ပြည်သူ့အသံများကိုလည်း နားစွင့်ဆောင်ရွက်ပေးရမည်ဟု ရန်ကုန်မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက သုံးသပ်ကြသည်။

**❒ လာမည့်လေးနှစ်အတွင်းမှ**

အဆိုပါတွေ့ရှိချက်များသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ လူဦးရေ အခြေပြုအစီရင်ခံစာမှ ထုတ်နုတ်ထားခြင်းဖြစ်ပြီး လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံက ရရှိထားသည့် လူဦးရေဆိုင်ရာအကျိုးအမြတ်သည် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများ လောက်သိသာစွာဖြစ်ပေါ်နေခြင်းမရှိကြောင်း၊ တစ်ဖက်တွင်လည်း မြန်မာ့လူဦးရေဆိုင်ရာအကျိုးအမြတ်သည် ကာလပိုမိုရှည်ကြာစွာ တည်ရှိနေမည်ဖြစ် ကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် လူဦးရေဆိုင်ရာအကျိုးအမြတ်ကို အထိုက်အလျောက်ရရှိခံစားရနိုင်သော်လည်း ထိုသို့ဖြစ်လာစေရန်မှာ လူငယ်များသည် မိသားစုစီမံကိန်းများချမှတ်ရာတွင် ပိုမိုပါဝင်ခွင့်ရရှိရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလက်လှမ်းမီစေရေး၊ မသင်မနေရ ပညာရေးစနစ်ကို လက်လှမ်းမီစေရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ပိုမိုသင်ယူခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်သည့် စီးပွားရေး အခြေအနေများ ရရှိစေရေး စသည့်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးရမည်ဖြစ်သည်။

“ကိန်းဂဏန်းတွေအရ အမျိုးသမီးတွေဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကြွယ်ဝမှုအတွက် သော့ချက်တစ်ခုဖြစ်နေပါတယ်။ ဒီကျား၊ မဦးရေအရ အကျိုးအမြတ်သော့ချက်ကို ဖွင့်နိုင်ဖို့ဆိုရင်၊ အမျိုးသမီးတွေဟာ ပညာရေး၊ အလုပ်အကိုင်၊ အသိအမှတ်ပြုခံရမှု၊ မြေယာပိုင်ဆိုင်မှုစတာတွေမှာ တန်းတူအခွင့်အရေးတွေ ရရှိဖို့လိုအပ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသမီးတွေက သော့ချက်နေရာက ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ လူငယ်နဲ့အမျိုးသမီး အကျိုးအမြတ်ကနေတစ်ဆင့် နှစ်ဆတိုးအကျိုးအမြတ်ရရှိမှာဖြစ်ပါတယ်”ဟု မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

အထူးသဖြင့် လူငယ်များအတွက် ရည်ရွယ်ချမှတ်ရေးဆွဲထားသည့် မူဝါဒများ၊ ပါဝင်ဆောင်ရွက်ပေးမှုများ လိုအပ်နေသည်။ နောက်လေးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံ၏ များပြားသော လူငယ်ထုကြီးအတွက် အလုပ်အကိုင် နေရာသစ်ပေါင်း တစ်သန်းလိုအပ်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ ကာလအတွင်း လက်ရှိလုပ်သားအင်အားပမာဏအတိုင်း ရှိနေစေရန်အတွက် အလုပ်အကိုင်နေရာအသစ်ပေါင်း ၃ ဒသမ ၇ သန်း လိုအပ်မည်ဖြစ်သည်။

“လက်ရှိအချိန်ဟာ လူငယ်တွေ အနာဂတ်အတွက် အလုပ်အကိုင်၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့ အကောင်းဆုံးအချိန်ပါပဲ။ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေရှိ မလာဘူးဆိုရင်၊ လူငယ်တွေ အလုပ်လက်မဲ့ဖြစ်ပြီး သူတို့နေထိုင်တဲ့ လူမှုအသိုင်းအဝိုင်းအတွင်းမှာ အသိအမှတ်ပြုမခံရတာတွေဖြစ်ပြီး မကျေနပ်ချက်တွေ တိုးပွားလာနိုင်ပါတယ်။ အလုပ်အကိုင်နေရာသစ် သန်းပေါင်းများစွာ ဖန်တီးမပေးနိုင်ရင်၊ လူဦးရေအချိုးအစားကနေရနိုင်တဲ့ အကျိုးအမြတ် အခွင့်အလမ်းတွေကို ဆုံးရှုံးရမှာဖြစ်ပါတယ်”ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများသည်လည်း မရှိမဖြစ် အရေးပါပြီး လက်ရှိအခြေအနေတွင် မြန်မာအမျိုးသမီးဦးရေ စုစုပေါင်း၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းမျှသာ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံတွင်မူ အမျိုးသမီးဦးရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမျှ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရကြောင်း ယခုထွက်ရှိလာသည့် သန်းခေါင်စာရင်း အစီရင်ခံစာအသစ်ပါ အချက်အလက်များအရ အမျိုးသမီးလုပ်သားဦးရေ များပြားလာလေလေ၊ နိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေပမာဏ တစ်ဟုန်ထိုး တက်လာမည်ကို တွေ့ရှိရကြောင်းနှင့် အမျိုးသမီးထုကြီး၏ စွမ်းအားကိုသိရှိပြီး အလုပ်အကိုင်ဈေးကွက်အတွင်းသို့ ဝင်ရောက်စေနိုင်ရန် ကူညီပေးပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသည် တစ်မူထူးခြားသော ကျား၊ မရေးရာ အကျိုးအမြတ်ကို ရရှိခံစားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**(နိုင်လင်းကြည်)**

❖

# သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်း မုံရွာမြို့၌ ဖွင့်လှစ်

**မုံရွာ ဇန်နဝါရီ ၁၀**

သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ခိုင်စံ ဦးဆောင်သောအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးများက ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးစီမံခန့်ခွဲမှု ဆောင်ရွက်ထားရှိမှုများကို စားပွဲဝိုင်းလေ့ကျင့် ဆွေးနွေးခြင်းများပြုလုပ်ပြီး အဖွဲ့လိုက်ဆွေးနွေးခြင်းများဆောင်ရွက်ကြသည်။



အဆိုပါ ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်းတွင် စာတွေ့သင်ကြားခြင်းနှင့် စားပွဲဝိုင်းဆွေးနွေးလေ့ကျင့်ခြင်း များကို မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

**■ မောတောင်ဒေသမှ**

(၂)ကျောင်းသို့ လည်းကောင်း ခေတ္တပြောင်းရွှေ့နေထိုင်စေခဲ့ရပြီး အမှတ်(၉)ကျေးရွာ မြစ်ကူးတံတားအထက်တွင် ရေအမြင့် ၁၂ ပေခန့်အထိတက်နေရာ တံတားအနီးရှိ ကားလမ်းများအပေါ်တွင် ရေအမြင့် ၁၁ ပေခန့်အထိ ရေလွှမ်း လျက်ရှိ၍ ရေလွှမ်းမှုအကျယ်အားဖြင့် ပေ ၅၀၀ ခန့်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မိုးရွာသွန်းမှုရပ်တန့်သွား၍ ရေအမြင့် ငါးပေခန့် လျော့ကျသွားခဲ့သော်လည်း အမှတ်(၉)တံတားအထက်၌ ရေအမြင့် ခုနစ်ပေခန့်ရှိပြီး တံတားအနီး ကားလမ်းများပေါ်တွင် ခြောက်ပေခန့် ရေလွှမ်းမိုး၍ရှိနေသေးသဖြင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာနိုင် ခြင်းမရှိသေးကြောင်း၊ ရေဘေးဒုက္ခသည်များအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ အမှတ်(၈)ကျေးရွာ ရာအိမ်မှူး ဦးဝင်းအောင်နှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများက ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ဒဏ်ရာရသေဆုံးမှုမရှိပါကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

❖

ကြေးမုံ
ဇန်နဝါရီ ၁၁၊ ၂၀၁၇



# Pirates of the Caribbean ရုပ်ရှင်သစ်အတွက်ဗီလိန်သစ်

ပင်လယ်ဓားပြတွေအကြောင်း ရိုက်ကူးပုံဖော်ထားတဲ့ "Pirates of the Caribbean" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်မှာ ပါဝင်လာမယ့် ဗီလိန်ဇာတ်ကောင်သစ်ရဲ့ ဓာတ်ပုံကို မကြာသေးမီက ပထမဆုံးအကြိမ် အပြည့်အစုံထုတ်ဖော်ပြသခဲ့ကြောင်း အွေ့စ်ရှိုးဘစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ငါးကားမြောက် ရုပ်ရှင်သစ် "Pirates of the Caribbean: Dead Men Tell No Tales" မှာ ပါဝင်လာမယ့် ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးရဲ့ရန်သူဖြစ်တဲ့ ဗီလိန်ဇာတ်ကောင်သစ်ရဲ့ ဓာတ်ပုံကို ယူအက်စ်အေဒေ့ါကွန်းက ဖော်ပြပေးခဲ့တာ ဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်မှာ ပါဝင်မယ့် ဗီလိန်ဇာတ်ကောင် ကပ္ပတိန်စလက်ဇာရဲ့ပုံရိပ်တွေကို မကြာသေးမီက အဆိုပါရုပ်ရှင်သစ်အတွက် အမြည်းသဘောထုတ်လွှင့်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာ တွေ့မြင်ခဲ့ပြီးဖြစ်ပေမယ့် ယခုအကြိမ်မှ ဓာတ်ပုံအပြည့်အစုံကို ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ကြရတာ ဖြစ်ပါတယ်။

ကပ္ပတိန်စလက်ဇာဟာ ကြောက်စရာကောင်းတဲ့ ဝိညာဉ်သဘော်သားတစ်ဦးဖြစ်ပြီး ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးကို အသေသတ်ချင်နေသူတစ်ဦးလည်းဖြစ်ပြီး သူ့ရဲ့ ပုံပန်းသဏ္ဌာန်ဟာ ယခင်ရုပ်ရှင်ဟောင်းက ဗီလိန်တစ်ဦးဖြစ်တဲ့ ဒေဗီဂျုန်းစ်နဲ့ ဆင်တူကြောင်းလည်း သိရပါတယ်။ အဆိုပါဗီလိန်ဇာတ်ဆောင်သစ်အဖြစ် ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျဗီယာဘာ့ဒ်ဒမ်က ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ် "Pirates of the Caribbean: Dead Men Tell No Tales" ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် မေ ၂၆ ရက်ကစတင်ပြီး ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# "Ant-Man" ရုပ်ရှင်သစ်ကို ယခုနှစ်အတွင်း စတင်ရိုက်ကူးမည်

ဟောလိဝုဒ်ရဲ့ လူစွမ်းကောင်းရုပ်ရှင်တစ်ကားဖြစ်တဲ့ "Ant-Man" ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ်ကို လာမယ့်ဇွန်လအတွင်း စတင်ရိုက်ကူးသွားရန်စီစဉ်ထားကြောင်း အွေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်သစ် "Ant-Man 2"ကို လာမယ့် ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်မှာ စတင်ရုံတင်သွားရန်စီစဉ်ထားပြီးဖြစ်ရာ ရုပ်ရှင်သစ်ရဲ့ ပထမပိုင်းရိုက်ကူးမှုတွေကို ယခုနှစ်အတွင်း အပြီးသတ်ရိုက်ကူးနိုင်ရန် ရည်ရွယ်ထားတဲ့အတွက် ယခုလို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

" Ant-Man 2"ရဲ့ ရုပ်ရှင်ရိုက်ကွင်းတွေကိုတော့ ယခင်ရုပ်ရှင်ကိုရိုက်ကူးခဲ့တဲ့ ပိုင်းဝတ်ဒ်အတ္တလန္တစတူရီယိုအတွင်းမှာပဲ ရိုက်ကူးသွားမှာဖြစ်ကြောင်းလည်း မိုင်အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ ခရစ်အီဗန်ရဲ့ "Captain America: Civil War"၊ ဂျနီဖာလောရန့်စ်နဲ့ ခရစ်ပရက်ထ်တို့ရဲ့ "Passengers (2016)" နဲ့ "Guardians of the Galaxy Vol. 2" တို့ကိုလည်း အဆိုပါစတူရီယိုအတွင်း ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။





# နှစ်နာရီအတွင်း ကြည့်ရှုသူနှစ်သန်းကျော်ခဲ့တဲ့ အမ်မာဝပ်ဆန်ရဲ့တေးသီချင်း

"Harry Potter" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဗြိတိန်မင်းသမီးချော အမ်မာဝပ်ဆန်ရဲ့ "Beauty and the Beast" ရုပ်ရှင်မှာ အမ်မာဝပ်ဆန်ကိုယ်တိုင် သီဆိုထားတဲ့ ဇာတ်ဝင်သီချင်းဟာ စတင်ထုတ်လွှင့်ခဲ့ချိန်မှ နှစ်နာရီအတွင်း အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ကြည့်ရှုနားဆင်သူ နှစ်သန်းကျော်ရှိခဲ့ကြောင်း တူဒေးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Beauty and the Beast" ရုပ်ရှင်ဟာ အမ်မာဝပ်ဆန်ရဲ့ ပထမဆုံးသော လိုက်ဖ်အက်ရှင်ရုပ်ရှင်တစ်ကားဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ ချောမောလှပတဲ့ အမျိုးသမီးငယ်လေး ဘယ်လီအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ အမ်မာဝပ်ဆန်ရဲ့ အဆိုပါရုပ်ရှင်အတွက် ဇာတ်ဝင်တေး "Belle" ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အဆိုပါတေးသီချင်းကို ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာလည်း အမြည်းသဘော ထုတ်လွှင့်ခဲ့ရာ ယင်းတေးသီချင်းမှာ အမ်မာရဲ့ အဆိုစွမ်းရည်ကို တွေ့မြင်ခံစားခဲ့ကြရပါတယ်။ ဒါ့အပြင် အဆိုပါဖျော်ဖြေတင်ဆက်မှုကို အမ်မာဝပ်ဆန်က သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာ စတင်ဖော်ပြခဲ့သည်မှ နှစ်နာရီအတွင်း ကြည့်ရှုသူနှစ်သန်းကျော်ရှိခဲ့ကြောင်း သိရပါတယ်။

အဆိုပါတေးသီချင်းဟာ အမ်မာဝပ်ဆန်ရဲ့ ပထမဆုံးသော တေးသီချင်းတော့မဟုတ်ခဲ့ပါဘူး။ "Beauty and the Beast" ရုပ်ရှင်အတွက် အမ်မာဝပ်ဆန်သီဆိုထားတဲ့ ပထမဦးဆုံးသော ဇာတ်ဝင်တေးဖြစ်တဲ့ "Something There" ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၁ ရက်က စမ်းသပ်ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။

"Beauty and the Beast" ရုပ်ရှင်ရဲ့ အမြည်းရုပ်ရှင်ကို ပြီးခဲ့တဲ့ နှစ်လခန့်က စတင်ပြီးထုတ်လွှင့်ခဲ့ရာ လတ်တလောအချိန်အထိ ကြည့်ရှုသူ ၂၈ သန်းကျော်ရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း သည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၁-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၀ စိုက်ပျိုးရေးရာအဖြေရှာ “သရုပ်ပြ နို့စားနွားမွေးမြူရေးခြံ”
- ၉း၃၀ ပြည်သူ့နီတိ“နှုတ်ချို သျှိုတစ်ပါး” (တိမ်ညွှန့်၊ ဇော်ဝင်းမောင်၊ စံပေါ) (ဒါရိုက်တာ -မိုးဇော်ကို)
- ၁၀း၃၀ “သာယာရှုမောဖွံ့ဖြိုးရည် မြိတ်ကျွန်းစုဒေသ အလှများဆီ” (အပိုင်း-၁)
- ၁၀း၅၀ “နှလုံးလှလူငယ်ပရဟိတ အသင်းရဲ့အကြောင်း
- ၁၁း၁၅ “ပိုမိုဘေးကင်းသောလမ်းမများဆီသို့”
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြမ္မာနှင့်ကျိန်စာ” (အပိုင်း-၄)
- ၁း၂၀ “ဖက်ဖူးစိမ်း” (ဒုတိယပိုင်း)
- ၂း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်-နန်းမြတ်ဖြိုးသင်း)
- ၂း၃၀ Sunday Talk
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ“လက်တွဲဖော်” (အပိုင်း-၇)
- ၄း၃၅ “အပူပိုင်းဒေသရေရှည် တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ချက်များ
- ၄း၄၀ လက်ဝှေ့ဂရင်းပရီဂျပန်-၂၀၁၆(အပိုင်း-၂)
- ၅း၁၅ “လက်ကမ်းမျှဝေ မြန်မာ့ရိုးရာ ခြင်းခတ်ပညာအမွေ”
- ၅း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “၅ည” (ဦးဝင်းမြိုင်၊အောင်မိုး၊ ဝင်းဝင်းဝါ၊ အေးမင်းဖြူ) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ“ဘဝဆိုသည်မှာ” (အပိုင်း-၄)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ “သူတို့ဒေသသူတို့ဘဝ” ပြည်ထောင်စုထဲကပအိုဝ်း
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “လက်တွဲဖော်” (အပိုင်း-၈) ဂီတသမား၊ ဂီတစကား “နန်းတော်ရှေ့ဆရာတင်၏ အံတော်ကြိုး” (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၁-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၇း၃၀ မျိုးချစ်တပ်မတော်
- ၇း၄၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၀၀ မြဝတီနေ့စဉ်သတင်း
- ၉း၁၅ သူနှင့်သူ၏သီချင်းများ
- ၉း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၉း၃၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၀၀ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
- ၁၀း၁၀ Made In Myanmar
- ၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၃၅ Journal Talk
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၀း၅၅ Liked
- ၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
- ၁၂း၁၅ DVD Hits
- ၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၃၅ နှစ်(၇၀)ကျော်ကြားတေးများ
- ၄း၂၅ ရှေးဟောင်းသုတ
- ၄း၄၀ သီချင်းလက်ဆောင်
- ၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ Top Magic
- ၆း၃၅ ဘဝများ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၂၀)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လျှို့ဝှက်ဆန်သောကျောင်း အပိုင်း(၉)

# စီရိုနယ်လ်ဒို၊ ဆူဘာရီ၊ ရာနီရေနီနှင့် ကာလီလွိုက်ဒ်တို့ ဖီဖာကမ္ဘာ့အကောင်းဆုံးဆုများဆွတ်ခူး

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒို၊ မလေးရှားတိုက်စစ်မှူး မိုဟာမက်ဖိုင်ဆူဘာရီ၊ လက်စတာစီးတီးနည်းပြ ရာနီရေနီနှင့် အမေရိကန် အမျိုးသမီးကစားသမား ကာလီလွိုက်ဒ်တို့သည် ဖီဖာကမ္ဘာ့အကောင်းဆုံးဆုများကို ရရှိခဲ့ခြင်းကြောင့် ဆုပေးပွဲကျင်းပသည့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ဆုများကို လက်ခံရယူခဲ့ကြသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် ဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးမက်ဆီနှင့် အက်သလက်တီကို မက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ကို ကျော်ဖြတ်ကာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ယူရို ၂၀၁၆ ဆုဖလားကိုလည်းကောင်း၊ ရီယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားကိုလည်းကောင်း ရယူဆွတ်ခူးနိုင်ခဲ့မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ဒီဇင်ဘာလအတွင်းကလည်း ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ ကာလီလွိုက်သည်လည်း ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ လက်စတာစီးတီးအသင်းနည်းပြ ရာနီရေနီသည် ကမ္ဘာ့အကောင်းဆုံးနည်းပြဆုကိုဆွတ်ခူးခဲ့ပြီး ဂျာမနီအမျိုးသမီးအသင်းနည်းပြဟောင်း ဆီလ်ဗီယာနီးဒ်



သည် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးနည်းပြဆုကို ရယူဆွတ်ခူးနိုင်ခဲ့သည်။


လက်စတာစီးတီးအသင်းနည်းပြ ရာနီရေနီသည် အကောင်းဆုံးနည်းပြဆုအတွက် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းနှင့် ပေါ်တူဂီလက်ရွေးစင်အသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်တို့ကို ကျော်ဖြတ်ကာ ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး လက်စတာစီးတီးအသင်း သမိုင်းတစ်လျှောက် ပထမဆုံး ပရီမီယာလိဂ်ဖလားကို ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အီတလီလူမျိုး ရာနီရေနီအတွက် အဆိုပါဆုဖလားသည် နည်းပြသက်တမ်း နှစ် ၃၀ အတွင်း ပထမဆုံးရရှိခဲ့သည့် လိဂ်ဖလားလည်းဖြစ်သည်။

၂၀၁၆ ခုနှစ်၏ အကောင်းဆုံးသွင်းဂိုး (ပွတ်စ်ကပ်စ်) ဆုကိုမူ မလေးရှားတိုက်စစ်မှူး မိုဟာမက်ဖိုင်ဆူဘာရီက ရယူဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ပီနန်းအသင်းနှင့် ပါဟန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် အကောင်းဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဖီဖာ၏ အသန့်ရှင်းဆုံးဆုကိုမူ ကိုလံဘီယာကလပ် အက်သလက်တီကိုနေစီယွန်နယ်အသင်းက ဆွတ်ခူးခဲ့ပြီး ဘရာဇီးနိုင်ငံ ဖူလ်ဆယ်ကစားသမား ဖယ်လ်ကာအိုမှာ ကစားသမားဘဝ တစ်သက်တာထူးချွန်ဆု ဆွတ်ခူးခဲ့သည်။ အကောင်းဆုံးပရိသတ်ဆုကိုမူ ဂျာမန် ဘွန်ဒက်စ်လီဂါကလပ်ဒေါ့မွန်အသင်းနှင့် အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်း ပရိသတ်များက ရရှိခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး အသင်းတွင်မူ ဂိုး-နူအာ (ဘိုင်ယန်မြူးနစ်/ဂျာမနီ)၊ နောက်တန်း-အဲလ်ဗက်စ် (ဂျူဗင်တပ်/ ဘရာဇီး)၊ ပီကေး(ဘာစီလိုနာ/စပိန်)၊ ရာမို့စ် (ရီးယဲလ်မက်ဒရစ်/စပိန်)၊ မာဆယ်လ်လို (ရီးယဲလ်မက်ဒရစ်/ ဘရာဇီး)၊ ကွင်းလယ်-လူကာမိုဒရစ်(ရီးယဲလ်မက်ဒရစ်/ခရိုအေးရှား)၊ တိုနီခရူးစ်(ရီးယဲလ်မက်ဒရစ်/ဂျာမနီ)၊ အင်နီယေစတာ (ဘာစီလိုနာ/စပိန်)၊ ရှေ့တန်း-မက်ဆီ (ဘာစီလိုနာ/အာဂျင်တီးနား)၊ ဆွာရက်ဇ် (ဘာစီလိုနာ/ ဥရုဂွေး)၊ စီရိုနယ်လ်ဒို (ရီးယဲလ်မက်ဒရစ်/ပေါ်တူဂီ)တို့ ပါဝင်လာခဲ့သည်။

(ငွေကြယ်)

## ဖီဖာအကောင်းဆုံး ဘောလုံးဆု ချီးမြှင့်ပွဲကို တက်ရောက်ခဲ့ခြင်းမရှိသည့် မက်ဆီအပေါ် ဝေဖန်မှုများ ထွက်ပေါ်လာ



မက်ဆီနှင့် ဘာစီလိုနာအသင်းဖော်များသည် ကိုပါဒယ်ရေးဖလားပြိုင်ပွဲယှဉ်ပြိုင်ရန်ရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် ဖီဖာအကောင်းဆုံးဘောလုံးဆု ချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ခြင်းမရှိသည့်အတွက် ဘောလုံးလောကအသိုင်းအဝိုင်းများဘက်မှ ဝေဖန်မှုများ ထွက်လာခဲ့ပြီဖြစ်သည်။ ဇန်နဝါရီ ၉ ရက် ဇူးရစ်မြို့တွင် ကျင်းပသည့် အဆိုပါအခမ်းအနား မတိုင်မီကပင် အကောင်းဆုံးအမျိုးသားကစားသမားဆုကို စီရိုနယ်လ်ဒိုပင် ရရှိသည်ဟု သတင်းပေါက်ကြားခဲ့ပြီးဖြစ်ရာ ယင်းအချက်အလက်ကပင် မက်ဆီ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာရန် ဆန္ဒမရှိအောင် လှုံ့ဆော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မှန်းဆချက်များ ထွက်လာခဲ့သည်။

အာဂျင်တီးနား ဂန္ထဝင်ကစားသမားကြီး မာရာဒိုနာက မက်ဆီ၏လုပ်ရပ်ကို စိတ်ပျက်ကြောင်း ပြောကြားခဲ့သလို ရီးယဲလ်ကစားသမားဟောင်းများ ဖြစ်ကြသည့် ရောဘတ်တိုကားလို့စ်နှင့် ဆိုဒါဒိုတို့ကလည်း အပြင်းအထန် ဝေဖန်ခဲ့ကြသည်။ မာရာဒိုနာက မက်ဆီအနေဖြင့် ရလဒ်မည်သို့ထွက်ပေါ်စေကာမူ တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် အခမ်းအနားကို တက်ရောက်သင့်ပြီး မက်ဆီနှင့် ဘာစီလိုနာအသင်းသားများ ကမ္ဘာ့အကောင်းဆုံးကစားသမားများ၊ နည်းပြများ စုဝေးနေသည့် ဆုချီးမြှင့်ပွဲသို့ လာရောက်ရန်တာဝန်ရှိကြောင်း သူ၏ယူဆချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ရောဘတ်တိုကားလို့စ်ကလည်း "မက်ဆီအနေနဲ့ စီရိုနယ်လ်ဒိုဆီက ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်မှုမျိုး သင်ကြားရမှာပါ။ စီရိုနယ်လ်ဒိုဆိုရင် သူဆုရဖို့ ရာနှုန်းနည်းတဲ့နှစ်တွေမှာလည်း ဒီလိုအခမ်းအနားတွေကို တက်ရောက်ခဲ့ပါတယ်။ ဒါကြောင့် မက်ဆီအနေနဲ့ မဖြစ်မနေပြောင်းလဲဖို့လိုပါတယ်။ ရီးယဲလ်မက်ဒရစ်လည်းပဲ ဘာစီလိုနာလိုကိုပါဒယ်ရေးဖလား ယှဉ်ပြိုင်ရဖို့ရှိနေတာပါပဲ။ ဒါပေမယ့် အကုန်လုံး စုံစုံညီညီနဲ့ ဆုချီးမြှင့်ပွဲကို တက်ရောက်လာကြတာဖြစ်ပါတယ်"ဟု ဆုချီးမြှင့်ပွဲမစတင်မီ ဝေဖန်ပြောကြားလိုက်သည်။

ဆိုဒါဒိုက ဘာစီလိုနာဘက်မှ ယခုထက်ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်မျိုးချမှတ်နိုင်မည်ဟု သူ့အနေဖြင့် မျှော်လင့်ကြောင်း ပြောကြားခဲ့သေးသည်။ သို့သော် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ပထမအကျော့တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိအောင် ကစားထားနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းက ဘီဘာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်အသင်းကြား အခြေအနေကွာဟချက်ရှိနေသည်။

(မေလှဲ့သင်း)

## ဖီဖာအကောင်းဆုံး ဘောလုံးဆုချီးမြှင့်ပွဲမှာ စီရိုနယ်လ်ဒို၊ မက်ဆီ၊ ရွှန်းနီတို့ ဘယ်သူတွေကို မဲပေးခဲ့သလဲ

ဖီဖာအကောင်းဆုံးဘောလုံးဆုချီးမြှင့်ပွဲမှာ စီရိုနယ်လ်ဒိုက မက်ဆီနဲ့ ဂရစ်ဇ်မန်းတို့ကို နောက်ကောက်ကျပြီး အကောင်းဆုံးကစားသမားအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဆုရွေးချယ်မှုကို နိုင်ငံလက်ရွေးစင် အသင်းနည်းပြတွေနဲ့ အသင်းခေါင်းဆောင်တွေက မဲပေးကြရတာဖြစ်ပြီး ဘယ်သူတွေက ဘယ်ကစားသမားကို အကောင်းဆုံးကစားသမားအဖြစ် မဲပေးခဲ့သလဲဆိုတာ ဖီဖာက ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ ဆုရွေးချယ်တဲ့နေရာမှာ တစ်ဦးချင်းစီက မိမိတို့စိတ်ကြိုက် ပထမ၊ ဒုတိယ၊ တတိယသုံးဦးကို ရွေးချယ်ခွင့်ရရှိကြပြီး ပထမအဖြစ်ရွေးချယ်ခံရတဲ့ ကစားသမားက ငါးမှတ်ရရှိကာ ဒုတိယနေရာအတွက် သုံးမှတ်နဲ့ တတိယနေရာအတွက် တစ်မှတ်စီ ရရှိကြတာဖြစ်ပါတယ်။


စီရိုနယ်လ်ဒိုက မဲအရေအတွက်ရဲ့ ၃၄ ဒသမ ၅၄ ရာခိုင်နှုန်းရရှိခဲ့ပြီး မက်ဆီက ၂၆ ဒသမ ၄၂ ရာခိုင်နှုန်း၊ ဂရစ်ဇ်မန်းက ၇ ဒသမ ၅၃ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြကာ ဒါကထိပ်ဆုံးသုံးနေရာကို ရယူနိုင်တဲ့ ကစားသမားတွေရဲ့ မဲရရှိမှုအခြေအနေပဲ ဖြစ်ပါတယ်။ နိုင်ငံလက်ရွေးစင်အသင်းခေါင်းဆောင်များဖြစ်တဲ့ မက်ဆီ၊ စီရိုနယ်လ်ဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ လူကာမိုဒရစ်နဲ့ ဝိန်းရွှန်းနီစတဲ့ နာမည်ကျော်ကစားသမားများရဲ့ ရွေးချယ်မှုတွေကို ဥပမာအနေနဲ့ တင်ပြလိုက်ပါတယ်။

### နိုင်ငံလက်ရွေးစင်အသင်းခေါင်းဆောင်များ မဲပေးရွေးချယ်မှု

| ရွေးချယ်သူ | ပထမ | ဒုတိယ | တတိယ |
|---|---|---|---|
| မက်ဆီ(အာဂျင်တီးနား) | ဆွာရက်ဇ် | နေမာ | အင်နီယေစတာ |
| စီရိုနယ်လ်ဒို( ပေါ်တူဂီ) | ဘေးလ် | မိုဒရစ် | ရာမို့စ် |
| ရွှန်းနီ(အင်္ဂလန်) | စီရိုနယ်လ်ဒို | ဆွာရက်ဇ် | ဗာဒီ |
| ဂျိမ်းစ်ရိုဒရီဂွက်ဇ်(ကိုလံဘီယာ) | စီရိုနယ်လ်ဒို | မိုဒရစ် | ဘေးလ် |
| လူကာမိုဒရစ်(ခရိုအေးရှား) | စီရိုနယ်လ်ဒို | မက်ဆီ | ဘေးလ် |

အားလုံးထဲမှာတော့ မက်ဆီ၊ စီရိုနယ်လ်ဒိုနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့က သူတို့ရဲ့ ကလပ်အသင်းဖော်တွေကိုပဲ မဲပေးရွေးချယ်ခဲ့တာကို တွေ့ကြရတာကလည်း ထူးခြားချက်တစ်ခုလို့ သတ်မှတ်ရပါမယ်။ (မေလှဲ့သင်း)

## ကော်တင်ဟိုအတွက် ဘာစီလိုနာအသင်းကို သတိပေးလိုက်တဲ့ လီဗာပူးနည်းပြ ဂျာဂန်ကလော့




ဘာစီလိုနာအသင်းသည် လီဗာပူးကစားသမား ကော်တင်ဟိုကိုခေါ်ယူရန် တောက်လျှောက်ကြိုးပမ်းနေရာ ယင်းကိစ္စရပ်အတွက် စိတ်အနှောင့်အယှက်ဖြစ်နေသည့် လီဗာပူးနည်းပြ ဂျာဂန်ကလော့က ကော်တင်ဟိုမှာ လီဗာပူးကစားသမားအဖြစ်သာ ရှိနေဆဲပင်ဖြစ်သည်ဟူသောစကားဖြင့် ဘာစီလိုနာအသင်းကို သတိပေးလိုက်ပြီဖြစ်သည်။

ကော်တင်ဟိုသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူနေရပြီး လာမည့် ဇန်နဝါရီ ၁၁ ရက် ဆောက်သမ်တန်နှင့် ယှဉ်ပြိုင်မည့် အီးအက်ဖ်အယ်လ်ဖလားအကြိုဗိုလ်လုပွဲအဆင့်တွင် လီဗာပူးအတွက် ပြန်လည်ဝင်ရောက်ကစားနိုင်ရန် ရှိနေသည်။ ကော်တင်ဟို ပြန်လည်ကစားနိုင်သည်နှင့်တစ်ပြိုင်နက် ဘာစီလိုနာအသင်း၏ ကြိုးပမ်းမှုမှာလည်း ပိုမိုအရှိန်မြင့်လာနိုင်သဖြင့် နည်းပြ ဂျာဂန်ကလော့က အဆိုပါကိစ္စရပ်အတွက် ရတက်မအေးဖြစ်နေခြင်းဖြစ်သည်။

သတင်းရင်းမြစ်များ၏အဆိုအရ ဘာစီလိုနာအသင်းသည် ကွင်းလယ်လူ အင်နီယေစတာ၏နေရာကို အစားထိုးဖြည့်ဆည်းနိုင်မည့် ကွင်းလယ်ကစားသမားတစ်ဦးကို ရှာဖွေလျက်ရှိရာ ကော်တင်ဟိုမှာ ဘာစီလိုနာအသင်း၏ နံပါတ်(၁) ပစ်မှတ်အဖြစ် ရှိနေခြင်းဖြစ်သည်။ သို့သော် ဂျာဂန်ကလော့က လီဗာပူးအသင်း ငွေကြေးလိုအပ်မှုမရှိသလို ကော်တင်ဟိုကိုလည်း ရောင်းချရန် အစီအစဉ်မရှိကြောင်း တုံ့ပြန်ခဲ့သည်။ (မေလှဲ့သင်း)

# အထူးလိုက်လှဲစွာ ဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၁၇ဖြင့် ဦးချမ်းသာ (ဥက္ကဋ္ဌ၊ Great Horizon Construction Group Co.,Ltd)အား သုဓမ္မမဏိဇောတရဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် Great Horizon Construction Group Co.,Ltd မိသားစုများမှ အထူး လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်းသက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Great Horizon Construction Group Co.,Ltd**

**မိသားစု**

# အထူးလိုက်လှဲစွာ ဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၁၇ဖြင့် ဦးချမ်းသာ (ဥက္ကဋ္ဌ၊ CHAN THA & SONS Construction Group Co.,Ltd)အား သုဓမ္မမဏိဇောတရဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် CHAN THA & SONS Construction Group Co.,Ltd မိသားစုများမှ အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်းသက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**CHAN THA & SONS Construction Group Co.,Ltd**

**မိသားစု**

## ချစ်ဖေဖေ ချစ်မေမေတို့၏ ချစ်သက်တမ်းမင်္ဂလာဂုဏ်ပြုဆုတောင်း

**၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကျရောက်ခဲ့သော ကျေးဇူးရှင်ဖေဖေသံအမတ်ကြီးဒေါက်တာလှမောင်(ငြိမ်း)+မေမေဒေါ်ခင်မြင့်ရီတို့၏**

(၆၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်ရေးဆက်လျှောက်လှမ်းရမည့် ဘဝတစ်လျှောက်လုံးတွင် ချစ်ဖေဖေ၊မေမေတို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့်ပြည့်စုံစေပြီး နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံအကျိုးပြုလုပ်ငန်း၊ လူမှုရေးအကျိုးပြုလုပ်ငန်း၊ ဘာသာပေါင်းစုံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြပြီး သား၊သမီး၊ မြေးများနှင့်အတူ ထာဝရရွှင်လန်းချမ်းမြေ့စွာလျှောက်လှမ်းနိုင်ကြပါစေရန် နက်ရှိုင်းသော ချစ်ခြင်းမေတ္တာတို့ဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| သား/သမီးများ | မြေးများ |
|---|---|
| ဦးခင်မောင်အေး+ဒေါ်ခင်မာနွယ် | ဒေါက်တာအောင်နိုင်ထူး+ဒေါက်တာတန်မန်ဝိုင် |
| ဦးတင်ဝင်းဦး+ဒေါ်ခင်မာသွယ် | ဒေါက်တာအေးမင်းထွန်း+မအိရွှေစင် |
| ဒေါက်တာစိုးလှအောင်၊ ဦးသန်းဇော် | ဒေါက်တာအေးချမ်းသူ |
| ဒေါက်တာသန်းလှအောင်+ဒေါက်တာသွယ်ဦး | မမြင့်သီရိဝင်း |
| ကိုစိန်ဘန်း + မဖြူမီဇော် | မလင်းလက်အောင် |

## ဝိပဿနာပညာမိတ်ဆက်သင်တန်းဖိတ်ကြားလွှာ

တရားရိပ်သာ မဝင်နိုင်သူများအတွက် မိသားစု တာဝန်ထမ်းဆောင်ရင်း၊ စီးပွားလုပ်ကိုင်ရင်း မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရုပ်၊ နာမ်၊ ကံ ဝဋ်သုံးပါး၊ သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာအကြောင်းတို့ကို ဆရာဦးမျိုးမြင့်ထွန်းက ဓမ္မဒါန(၁၀ရက်သင်တန်း) သင်ကြားပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

နေ့ရက်။ ။ ၁၂-၁-၂၀၁၇ရက်မှ ၂၁-၁-၂၀၁၇ရက်အထိ
အချိန် ။ ။ ညနေ ၅း၀၀နာရီမှ ည ၇း၃၀နာရီအထိ
နေရာ ။ ။ ၃၅-လမ်း(အထက်)၊ ဓမ္မရံသီ ဓမ္မာရုံ ကျောက်တံတားမြို့နယ်။ (သင်တန်းတက်ရောက်မည့်သူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

(အထောက်အကူပြုအဖွဲ့) ဦးရဲထွဋ်-၀၉-၅၅၀၃၃၁၃၊ ဦးဌေးဝင်း-၀၉-၄၃၀ ၅၅၃၂၂၊ မသီတာ-၀၉-၇၉၉၉၂၄၇၃၃၊ မအိမွန်-၀၉-၅၀၅၃၇၆၂

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/ တံတား)၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အတွင်းဆောင်ရွက်မည့် တပ်ကုန်းမြို့ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့ ယုဇနလမ်းနှင့် ဇေယျာသီရိမြို့ ပုပ္ပါးကုန်းရပ်ကွက် အမှတ်(၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းကျောက်များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ |
|---|---|---|---|
| (က) | ၂"×၄"ကျောက် | ၁၇၃၂ကျင်း | လုပ်ငန်းခွင်အရောက် |
| (ခ) | ၁"×၂"ကျောက် | ၈၃၂. ၉၈ကျင်း | လုပ်ငန်းခွင်အရောက် |
| (ဂ) | ၁/၂"×၃/၄"ကျောက် | ၃၈၃. ၃၃ကျင်း | လုပ်ငန်းခွင်အရောက် |
| (ဃ) | ၁/၄"×၁/၂"ကျောက် | ၁၂၄. ၅ကျင်း | လုပ်ငန်းခွင်အရောက် |
| (င) | ၁/၈"×၁/၄"ကျောက် | ၉၅ ကျင်း | လုပ်ငန်းခွင်အရောက် |

တင်ဒါပုံစံထုတ်ပေးမည့်ရက် -၁၁-၁-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် -၂၄-၁-၂၀၁၇ရက်၊ ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သာဝရ** (Ph: 09 250570004, 09 260360066,09260360006)

## သလင်းရတုမင်္ဂလာဆုတောင်း

၁၁-၁-၂၀၁၇ ရက်တွင်ကျရောက်သော ကိုရန်အောင်စိုး (မြန်မာ မဟော်ဂနီ ကုမ္ပဏီလီမိတက်)-မစောယုမွန် (သီရိရွှေစင်စိန်ရွှေရတနာဆိုင်) တို့၏ (၁၅) နှစ်ပြည့် သလင်းရတုမှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် ကျန်းမာချမ်းသာ အောင်မြင်မှုများရရှိပြီး ချစ်သောဖေဖေ-မေမေ၊ ချစ်သော ညီမလေး၊ ချစ်သော သားသမီးတို့နှင့် ပျော်ရွှင်စွာ ဖြတ်သန်းသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်ဖေဖေ-မေမေ-ဦးအေးဆွေ-ဒေါ်စုစုခိုင်**
**(ရောသီရိ ဆန်ဆီရောင်းဝယ်ရေး)**
**ချစ်ညီမလေး-ဗိုလ်ကြီးဖြိုးကျော်သူ(ခ)စည်သူကျော်ဖြိုး-မဇင်မွန်လွင်**
**(သီရိရွှေစင်စိန်ရွှေရတနာဆိုင်)**
**သီရိရွှေစင်စိန်ရွှေရတနာဆိုင်မှ ဝန်ထမ်းများ**

**တာထိက**
**အဝေးသင်**
ရူပ၊ ဓါတု၊ သင်္ချာ၊ သတ္တ၊ ရုက္ခ
(၉-ခရိုင်) လှည်းတန်း(၁)လမ်း ဘောင်ကျွတ်၊ ဖွင့်ပြီ
09 5003799, 09 428032103

## wp0D wnf;zpa&;umif

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာနေ ဦးမြင့်ဝင်းလှိုင်၏သား မောင်ထက်ဝေယံဦး(ခ) မောင်ဝေယံဦး[၇/ဒဥန(နိုင်)၁၄၃၀၆၉]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ဝေယံဦး**

**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့**

## ကျေးရွာအခြေခံသမအသင်းများသို့ ချေးငွေထုတ်ပေးမည်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ပူးပေါင်း၍ ဇန်နဝါရီ ၉ ရက်မှစ၍ Exim Bank ချေးငွေများ သိန်းပေါင်း ၂၃၀၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်ရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ စိတ်တူကိုယ်တူပူးပေါင်း၍ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းအသင်းများ၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းအသင်းများ၊ လယ်ယာလုပ်သားအသင်းများ စုစုပေါင်း ၂၆၉ သင်းကို ဖွဲ့စည်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် Exim Bank ချေးငွေ ၂၃၈၇၃၃၅၃၁၂ ကျပ်ကို အတိုးနှုန်း တစ်ကျပ်ခွဲဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ရာ အဆိုပါချေးငွေများကို ခြောက်လကြာတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**

## လွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလျာထားချက်များအား ကြိုတင်ညှိနှိုင်းဆွေးနွေး

**ရေကြည် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှိ ကျေးရွာအုပ်စု ၄၄ အုပ်စု၏ လွှတ်တော်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသုံးစရိတ်များ မကြာမီ ဘဏ္ဍာနှစ်အလိုက် အရစ်ကျချထားပေးသွားမည်ဖြစ်ရာ ကျေးရွာအုပ်စုအလိုက် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုတင်ညှိနှိုင်းခြင်းနှင့် အကျိုးရှိစွာအသုံးပြုဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားရေးရာကော်မတီဥက္ကဋ္ဌ ရေကြည်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းနှင့် မဲဆန္ဒနယ်အမှတ် (၂) မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အများပြည်သူအကျိုးထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးနှင့် စနစ်တကျပြီးစီးရေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလျာထားချက်များ စနစ်တကျဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလျာထားချက်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာ့ရုပ်သေးရုပ်များကို စိတ်ဝင်တစားဝယ်ယူမှုများပြား



**မန္တလေး ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များနှင့် သမိုင်းဝင်နေရာများစွာရှိကာ ခရီးသွားလုပ်ငန်းလုပ်ကိုင်၍ အကောင်းဆုံးနိုင်ငံဖြစ်သည်ဟုဆိုထားသည်။ လက်ရှိကာလ ပွင့်လင်းရာသီမှစကာ နိုင်ငံတကာခရီးသွားဧည့်သည်များစွာ ဝင်ရောက်လာသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလာသည်။ လက်ရှိကာလတွင်လည်း ခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်းအထိ လာရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြန်မာ့ရုပ်သေးရုပ်ကလေးများကို စိတ်ဝင်တစားဝယ်ယူအားပေးကြသည်။ ညပိုင်းတွင်လည်း ရုပ်သေးပညာရှင် ဆရာမဒေါ်မမနိုင် (ရုပ်သေး) ၏ ရုပ်သေးကဇာတ်ရုံသို့ သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြန်မာ့ရုပ်သေးကို စိတ်ဝင်စားသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ မြန်မာ့ရုပ်သေးပညာသည် မြန်မာ့အနုပညာအရပ်ရပ်၏ ဆက်ထုံးဆုံရပ်ပင်ဖြစ်သည်။ ရုပ်သေးသဘင်ကိုကြည့်ရှုခြင်းသည် မြန်မာ့အနုပညာ ပေါင်းစည်းဖွဲ့စည်းမှုကို ကြည့်ရှုခြင်းမည်သည်ဟု ဆိုနိုင်ကြောင်း သိရသည်။

မြန်မာ့ရုပ်သေးသည် ယခင်က အမြင့်သဘင်အဖြစ် တည်ရှိခဲ့သည်။ ရုပ်သေးတွင် ခံစားမှုအနုပညာ၊ အသုံးချအနုပညာဟု နှစ်မျိုးသတ်မှတ်နိုင်သည်။ အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အတွက် ခံစားမှုအနုပညာဟုခေါ်ကာ ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းပဲမှသည် ရွှေချည်ထိုးမှုအစ ပန်းဆယ်မျိုးအနုပညာကို အသုံးချအနုပညာဟု ညွှန်းဆိုထားသည်။ မြန်မာ့ရုပ်သေးကမူ ခံစားမှုအနုပညာနှင့် အသုံးချအနုပညာတို့ပါ ပေါင်းစပ်ထားသည့် အဖိုးတန်ပညာရပ်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အာဖရိကရုပ်သေး၊ နိုက်ဂျီးရီးယားရုပ်သေး၊ တရုတ်ရုပ်သေး၊ ပြင်သစ်ရုပ်သေး၊ အင်ဒိုနီးရှားရုပ်သေး၊ ထိုင်းရုပ်သေး၊ အီတလီရုပ်သေး၊ သီရိလင်္ကာရုပ်သေး၊ ပီရူးရုပ်သေး၊ နီပေါရုပ်သေးမှအစ နိုင်ငံအလိုက် ရုပ်သေးရုပ်များရှိသည်။ ထိုရုပ်သေးများထဲတွင် မြန်မာ့ရုပ်သေးသည် အလှပဆုံးနှင့် အနုပညာလက်ရာအမြောက်ဆုံးဖြစ်ပြီး ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများပြားသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မြန်မာ့ရုပ်သေးရုပ်ကလေးများကို ဝယ်ယူအားပေးမှုများလာသည်။ ရုပ်သေးရုပ်ကလေးများကို မန္တလေးမြို့တွင်ပင် ရုပ်သေးပညာရှင်များက ပြုလုပ်ရောင်းချသည်။ ဇော်ဂျီရုပ်၊ မင်းသားမင်းသမီးရုပ်၊ ဆင်၊ မြင်းမှသည် ရုပ်သေးစင်တော်ပေါ်မှ အရုပ်ပေါင်းစုံကို ပြုလုပ်ရောင်းချသည်။ ရောင်းချသည့်ရုပ်သေးငယ်များတွင် ကြိုးဆွဲရန် ကြိုးများပါသော်လည်း အလှဘက်သို့ အားသာပြုလုပ်ထားသည်။ ရုပ်သေးတစ်ရုပ်လျှင် မြန်မာငွေကျပ်ငါးထောင်ဖြင့် ရောင်းချပြီး ပြည်တွင်းဧည့်သည်များဆိုပါက ငွေကျပ်လေးထောင်ဖြင့် ရောင်းချကြောင်းနှင့် လက်ရှိကာလတွင် မြန်မာ့ရုပ်သေးရုပ်ကလေးများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်သက်သဘောကျကာ ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

**တိမ်တမန်**

# ပြည်ပအလုပ်အကိုင်လမ်းညွှန် အခမဲ့သင်တန်းအပတ်စဉ်(၁/၂၀၁၇) ဖွင့်လှစ်




**မန္တလေး ဇန်နဝါရီ ၁၀**

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကြမည့်သူများအတွက် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း(၁/၂၀၁၇) ကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကနောင်မင်းသားကြီးလမ်း(၄၇)လမ်းနှင့် (၄၈) လမ်းကြားရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျွမ်းကျင်လေ့ကျင့်မှုသင်တန်းကျောင်း စာသင်ခန်း (၁)၌ ကျင်းပသည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ချင်သူများအား ပြည်ပတွင် အလုပ်လုပ်ကိုင်ရာတွင် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ သွားရောက်အလုပ်လုပ်ကိုင်မည့် ပထဝီအနေအထား၊ ပတ်ဝန်းကျင်အခြေအနေ၊ ယဉ်ကျေးမှုများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သိသင့်သည့်အချက်များ၊ အကူအညီရရှိမည့်နေရာများအကြောင်းကို တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သုံးရက်သင်တန်းနှင့် ကြာသပတေး၊ သောကြာ၊ စနေ သုံးရက်သင်တန်းဟူ၍ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မကာအိုနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအား အခမဲ့သင်ကြားပို့ချပေးခြင်းဖြစ်သည်။ တက်ရောက်လိုသူများသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် သင်တန်းဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ လုပ်အားခနှင့် မိသားစုဝင်ငွေတိုးစေရန်၊ လုပ်သားဈေးကွက်မြှင့်တင်ပေးရန်၊ မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများမှ တိုးတက်လာသည့်နည်းပညာများ ကောင်းမွန်စွာ တတ်မြောက်ပြီး ကျွမ်းကျင်မှုများ အသုံးချ၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတတ်စေရန် ပြည်ပအလုပ်အကိုင်လမ်းညွှန် အခမဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

## သူနာပြုအကူသင်တန်း (၁/၂၀၁၇) သန်လျင်၌ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းရှိ ချမ်းမြေ့မေတ္တာဆေးရုံ သူနာပြုအကူသင်တန်း (၁/၂၀၁၇) ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် အဆိုပါဆေးရုံသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး အတွက် သင်တန်းများအား စာတွေ့၊ လက်တွေ့ သုံးလကြာသင်ကြားပို့ချသွားမည် ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် အဆိုပါဆေးရုံကြီးနှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မူလတန်းအဆင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ဝါးခယ်မ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သံကြိုးတိုင်ရပ်ကွက် မူလွန်သံကြိုးတိုင် (တိုးချဲ့)ကျောင်းတို့ ပူးပေါင်းကာ မူလတန်းအဆင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးငယ်များ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတကောင်းများ ရရှိစေရေး၊ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ရရှိလာစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက်လာစေရေး၊ ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်လျက် မူလွန်သံကြိုးတိုင် (တိုးချဲ့) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်း၊ နိုင်ငံတော်အစိုးရအဖွဲ့နှင့် မြို့နယ်တွင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပညာရေး၊ ကျန်းမာရေးစသည့် နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများက ကလေးငယ်များ ပန်းချီဆေးရောင်စုံခြယ်ပြိုင်ပွဲအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးပြီး မူလွန်သံကြိုးတိုင် (တိုးချဲ့) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက အကဲဖြတ်အမှတ်ပေးကာ ဆုရရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆုများနှင့်စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**လွမ်းသီဟ(ဝါးခယ်မ)**

# လူတို့ဖမ်းဆီးမှုများကြောင့် ဆောင်းခိုငှက်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကျက်စားနေရ

**ရေး ဇန်နဝါရီ ၁၀**
ဆောင်းခိုငှက်များမှာ တူးမြောင်းအင်းနှင့် မှိန်စိန်ဇွန် တလင်းရေအိုင်များ၌ နေတတ်ကြကာ လူတို့၏ဖမ်းဆီးမှုများကြောင့် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ကသိုင်အင်းအိုင်မှာသာ အများဆုံး ပြောင်းရွှေ့နေတတ်ကြကြောင်း သိရသည်။

ယခုအချိန်၌ ဆောင်းခိုငှက်များ အကောင်ရေ ၄၀၀၀ ခန့် နေထိုင်ကျက်စားပြီး ပတ်ဝန်းကျင် အေးချမ်းသာယာမှုကို နှစ်သက်ကြကြောင်း၊ အစာရှာထွက်သည့်အခါ နီးစပ်သည့်နေရာများကို ပိုမိုနှစ်သက်ကြပြီး ပင်လယ်ကမ်းစပ်ဘက် ခုနစ်မိုင်ခန့်ဝေးသည့်နေရာအထိ အစာရှာထွက်ကြောင်း ကသိုင်အင်းအနီး သီတင်းသုံးနေသော အရှင်ပညာသာမိက မိန့်ကြားသည်။

ဆောင်းခိုငှက်များထဲ၌ အခြားငှက်မျိုးစိတ် ခြောက်မျိုးလောက် နေထိုက်ကျက်စားကြကာ အဆိုပါငှက်မျိုးစိတ်များကို သဘာဝအလျောက် ထိန်းသိမ်းမှုအားနည်းနေသည့်အပြင် စီးပွားရေးလုပ်ကိုင်နေသူများမှာ ခရီးသွားလုပ်ငန်းလုပ်ကိုင်နိုင်ရန် အာရုံစိုက်ရာ နေရာတစ်နေရာလည်းဖြစ်နေကြောင်း အရှင်ပညာသာမိက ဆက်ပြီးမိန့်ကြားသည်။

အဆိုပါ ဆောင်းခိုငှက်များကို အနောက်ဥရောပနိုင်ငံသားများထဲမှ ဆွစ်ဇာလန်နိုင်ငံသားများက ပိုမိုလာရောက်လေ့လာကြကာ ပြည်တွင်းမှ တက္ကသိုလ်စာတမ်းပြုစုနေသူများနှင့် ငှက်ချစ်သူများလည်း စိတ်ဝင်တစား စူးစမ်းလေ့လာကြပြီး ရေးမြို့မှ လေးမိုင်အကွာအဝေးတွင်တည်ရှိနေ၍ ကား၊ ဆိုင်ကယ်များဖြင့် အချိန်မရွေး သွားလာနိုင်ကြောင်း သိရသည်။

ကသိုင်နယ်၌ နေထိုင်ကျက်စားလေ့ရှိနေသော ဆောင်းခိုငှက်များမှာ မိုးနည်းပါးသွားသည့်ကာလအလွန်မှ တော်သလင်းလဆုတ်နှင့် သီတင်းကျွတ်လဆန်းပိုင်းတွင် လာရောက်ကာ မိုးစရွာသွန်းသည့် ကဆုန်လပြည့်ကျော်နှင့် နယုန်လဆန်းပိုင်းတွင် အင်းအိုင်မှ အခြားနေရာသို့ ပြောင်းရွှေ့လေ့ရှိကြကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**





မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ကို သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်က ရဲအုပ်ဝင်းတင်၊ ဒုရဲအုပ်မင်းမင်းထွန်းနှင့် ဒုရဲအုပ်ယာချမ်းမြေ့အောင်တို့နှင့် အတူ သင်တန်းသားများသည် တောင်ညွန့်ကြီးရပ်ကွက်အတွင်းတစ်အိမ်တက်ဆင်းကွင်းဆင်းဆောင်ရွက်ခဲ့စဉ်။ ၁၁၈

## မြောက်ဦးမြို့ရှေးဟောင်းနန်းတော်ကုန်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောက်ဦး ဇန်နဝါရီ ၁၀**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အတွင်းရှိ အထင်ကရထဲမှ တစ်ခုအပါအဝင်ဖြစ်သော ရှေးဟောင်းရခိုင်ဘုရင်များ နန်းစိုက်ခဲ့သည့် နန်းတော်ကုန်းရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းနောက် နန်းတော်ကုန်းကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြရာ နန်းတော်ကုန်းအတွင်း ပေါက်ရောက်နေသော ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခုတ်ထွင်ရှင်းလင်းပြီးသော အမှိုက်သရိုက်များအား စုပေါင်း မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ရှေးဟောင်းနန်းတော်ကုန်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ပွဲတော်ကျင်းပရေးကော်မတီမှဦးဆောင်၍ မြောက်ဦးလူငယ်များ အစည်းအရုံး၊ မြောက်ဦးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ မြို့သူ၊ မြို့သားများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၀ သန့်ရှင်းရေးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကာယဗလမောင်ပြိုင်ပွဲ စစ်တွေ၌ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၀**
စစ်တွေမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(T.S. D.P)အရ ကာယဗလမောင်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်အဆိုတော်များက ရခိုင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ၆၀ ကီလိုတန်းမှစတင်ပြီး မောင်လောင်းပြိုင်ပွဲကို ကျင်းပသည်။ ပြိုင်ပွဲတွင် ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက် မောင်လောင်း ၂၅ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် မောင်လောင်းများက သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးနှင့် စိတ်ကြိုက်တီးလုံးများဖြင့် တစ်မိနစ်ခန့် ပြသရသည်။ ကာယဗလမောင်ပြိုင်ပွဲတွင် ၆၀ ကီလိုတန်း၌ ပထမ မောင်နိုင်ဌေး၊ ဒုတိယ မောင်မောင်၊ တတိယ မောင်လှသစ်တို့ကရရှိကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ၆၅ ကီလိုတန်းတွင် ဆုရရှိသူများအား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးက လည်းကောင်း၊ ၇၀ ကီလိုတန်းတွင် ဆုရရှိသူများအား စစ်တွေမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ၇၅ ကီလိုတန်းတွင် ဆုရရှိသူများအား စစ်တွေခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူးက လည်းကောင်း၊ ၇၅ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား စစ်တွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ကာယဗလမောင်ပြိုင်ပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်တွေမြို့ပေါ်မှ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရေဘေးပြန်လည်ထူထောင်ရေးလှူဒါန်းငွေဖြင့် စာရေးစားပွဲနှင့် ထိုင်ခုံများလှူဒါန်း

**ကျောင်းကုန်း ဇန်နဝါရီ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီမှ ရေဘေးပြန်လည်ထူထောင်ရေးလှူဒါန်းငွေဖြင့် စာရေးစားပွဲနှင့် ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက သဲကုန်းအုပ်စု အ. မ. က (သဲကုန်း) ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးစားပွဲနှင့် ထိုင်ခုံ ၁၅ လုံး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လှည်းဆိပ်အုပ်စု အ-မ-က (အပင်နှစ်ဆယ်)ကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံ ၁၅ လုံး၊ လှည်းဆိပ်အုပ်စု အ-မ-က အုန်းပင်စုကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံအလုံး ၂၀ ပေးအပ်လှူဒါန်းခဲ့သည်။ စာရေးစားပွဲမှာ အရှည် ခြောက်ပေ၊ အကျယ် ၁၆ လက်မ၊ အမြင့် ၂၈ လက်မ ဖြစ်ပြီး ထိုင်ခုံမှာ အရှည် ခြောက်ပေ၊ အကျယ် ၁၄ လက်မ၊ အမြင့် ၁၆ လက်မဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## စည်းကမ်းမဲ့ယာဉ်များအား အရေးယူမှုအပြင် ခြေကျင်ခရီးသွားများလမ်းစည်းကမ်းပျက်ခြင်း အရေးယူသင့်

**ပဲခူး ဇန်နဝါရီ ၁၀**
ပဲခူးမြို့နယ်အတွင်း ယာဉ်စည်းကမ်းလိုက်နာခြင်းမရှိကြသည့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်များအား နေ့စဉ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးပူးပေါင်းအဖွဲ့မှ စစ်ဆေးဖမ်းဆီး အရေးယူလျက်ရှိသည်။ ထိုကဲ့သို့ ယာဉ်များကို ဖမ်းဆီးအရေးယူနေကြသော်လည်း ယာဉ်အန္တရာယ် ကင်းရှင်းနိုင်ရေးသည် ယာဉ်များတင်မက ခရီးသွားပြည်သူအများကလည်း စည်းကမ်းရှိစွာ သတ်မှတ်ထားရှိသော လူကူးမျဉ်းကြား၊ တံတားတို့မှ ဖြတ်သန်းသွားလာကြရန် လိုအပ်သည်။



ပဲခူးမြို့၏ ယာဉ်ကြောအရှုပ်ဆုံးဖြစ်သည့် ပဲခူး-ရန်ကုန်ကားလမ်းမ အမှတ်(၃) အ-ထ-က ကျောင်းရှေ့၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် တာဝန်ရှိသူများက လူကူးလမ်းတံတားဆောက်လုပ်ပေးထားသော်လည်း ခရီးသွားပြည်သူအများစုတို့မှာ ယင်းလူကူးတံတားပေါ်မှ ဖြတ်သန်းသွားလာခြင်း မရှိသလောက်နည်းနေကြပြီး ကြုံသလိုလမ်းဖြတ်ကူး သွားလာနေကြသည့်အတွက် ယာဉ်အန္တရာယ် မကြာခဏဖြစ်ပေါ်နေကြသည်ကို တွေ့မြင်နေရသည်။

ယာဉ်များ စည်းကမ်းပျက်လျှင် စစ်ဆေးဖမ်းဆီးအရေးယူခြင်းများရှိနေသည့်အပြင် စည်းကမ်းမဲ့ခရီးသွားများအပေါ်၌လည်း ထိရောက်သော အရေးယူခြင်းများ ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုကဲ့သို့ နှစ်ဦးနှစ်ဖက်တို့အား အရေးယူခဲ့ကြမည်ဆိုလျှင် ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့ခြင်းနှင့် ယာဉ်အန္တရာယ် မကြာခဏဖြစ်ပွားခြင်း ပိုမိုကင်းဝေးသွားမည်ဖြစ်သည်။

**(၅၈၇)**

## ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ သံတွဲ၌ကျင်းပ

**သံတွဲ ဇန်နဝါရီ ၁၀**
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချထားပေးသည့် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်က ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးက အဆိုပြုတင်ပြတောင်းခံသည့် ကျေးရွာများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ချထားပေးသည့် ရန်ပုံငွေများကို စနစ်တစ်ကျသုံးစွဲရေးအတွက် လမ်းညွှန်မှာကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ရပ်ကွက်၊ ကျေးရွာများတွင် လုပ်ငန်းများဆောင်ရွက်ရန် ကော်မတီများဖွဲ့စီးပြီးဖြစ်သဖြင့် ယခုလိုလုပ်ငန်းများစတင်ဆောင်ရွက်ရန် ရန်ပုံငွေများကို ပထမအကြိမ်ထုတ်ပေးခြင်းဖြစ်ပြီး ငွေကြေးသုံးစွဲရာတွင် ငွေကြေးဆိုင်ရာ သုံးစွဲခွင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်များအောင်မြင်ပြီးစီးအောင် ဆောင်ရွက်ကြရန်လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့်တာဝန်ရှိသူများက ရန်ပုံငွေရရှိသည့် ကျေးရွာတစ်ရွာချင်းအလိုက် ပေးအပ်ကြရာ ကျေးရွာကော်မတီဥက္ကဋ္ဌများက လက်ခံရယူကြသည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် သံတွဲမြို့နယ်အတွင်းရှိ အဆိုပြုတင်ပြထားသည့် ကျေးရွာအုပ်စု ၅၀ မှ ကျေးရွာပေါင်း ၆၁ ရွာ၊ လုပ်ငန်းပေါင်း ၉၇ ခု ကို ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

အောင်ပွဲခံမိလို့ အားလုံးရဲ့ ငြိုငြင်ခံနေရတဲ့ ဂီရော့ဒ်၊ စပိန်ဒိုင်တွေအားလုံး ဘယ်လို မူဝါဒကို အခြေခံပြီး အလုပ်လုပ်နေတယ်ဆိုတာ ဘာစီလိုနာ အသင်းသားတွေ ကောင်းကောင်း သိထားတယ်လို့ဆိုတဲ့ ပီကေး၊ ဆုလည်းမရ အိတ်လည်းပျောက်ခဲ့ရတဲ့ အော့ဘာမီယန်ရဲ့ နှစ်ခါနာဖြစ်ရပ်စတဲ့စတဲ့သတင်းတွေအပြင် ဒီတစ်ပတ်ရဲ့ အခြားထူးခြားအားကစားသတင်းအချို့ကို တင်ဆက်ပေးလိုက်ပါတယ်။

**နှစ်ခါနာတဲ့ အော့ဘာမီယန်**

အာဖရိကအကောင်းဆုံးကစားသမားဆုကို အယ်လ်ဂျီးရီးယားနဲ့ လက်စတာစီးတီးကြယ်ပွင့် မာရက်ဇ် ဆွတ်ခူးသွားခဲ့တာကြောင့် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန် ဒုတိယနဲ့သာ ကျေနပ်လိုက်ရတာပါ။ ဒီအခမ်းအနားကို ဆန်ခါတင်စာရင်းမှာပါတဲ့ မာနေး၊ မာရက်ဇ်တို့ ဝတ်စုံပြည့်နဲ့ တက်ရောက်လာပေမယ့် အော့ဘာမီယန်က သာမန်ထသွားလာသွားပုံစံနဲ့ ရောက်ရှိလာခဲ့တာကြောင့် အားလုံး ဇဝေဇဝါဖြစ်ခဲ့ပါတယ်။ အော့ဘာမီယန်တစ်ယောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ နိုင်ဂျီးရီးယားမြို့တော် အဘူဂါကိုအလာ လေယာဉ် Transit လုပ်ချိန်အတွင်း သူ့ရဲ့ အိတ်ပျောက်ဆုံးသွားခဲ့လို့ အခုလို သာမန်ဝတ်စုံနဲ့သာ ပွဲကိုတက်ရောက်လာတာ ဖြစ်တယ်လို့ အာဖရိက ဘောလုံးအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဂျူနီယာဘီယန်က ရှင်းပြပါတယ်။

အော့ဘာမီယန်က အဘူဂါမြို့တော်ရှိ ဟီလ်တန်ဟိုတယ်ကို ပွဲမစခင် တစ်နာရီအလိုကမှ ရောက်လာတဲ့အတွက် အဝတ်အစားအတွက် ပြင်ဆင်ချိန်မရလိုက်ဘဲ ယခုလို သာမန်ဝတ်စုံနဲ့သာ ဆုချီးမြှင့်ပွဲကို တက်ရောက်နိုင်တယ်လို့ သိရပါတယ်။ ဒီကိစ္စကို အော့ဘာမီယန်ကိုယ်တိုင်ကလည်း အင်စတာဂရမ်စာမျက်နှာကတစ်ဆင့် ရှင်းလင်းရေးသားခဲ့ပါသေးတယ်။ ဒါ့ကြောင့် ဆုလည်းမရ၊ အိတ်လည်းပျောက်သွားတဲ့ အော့ဘာမီယန်ကို မီဒီယာတွေကတော့ "နှစ်ခါနာတဲ့ အော့ဘာမီယန်" လို့ ကင်ပွန်းတပ်ကြလေရဲ့။

**အောင်ပွဲခံမိလို့ ငြိုငြင်ခံနေရတဲ့ ဂီရော့ဒ်**

အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်က ဘုန်းမောက်အသင်းကို ချေပဂိုးသွင်းယူပြီးနောက် ကင်းမြီးကောက်ပုံ ကန်ချက်နဲ့ အောင်ပွဲခံခဲ့ပါတယ်။ အာဆင်နယ်က ဒီပွဲစဉ်မှာ သုံးဂိုးပြတ် အရေးနိမ့်နေရာကနေ သရေတစ်မှတ်ပြန်လည်ရရှိမယ့် တတိယချေပဂိုးကို ဂီရော့ဒ် သွင်းပေးလိုက်တာပါ။ ပွဲချိန်မိနစ်၉၀ပြည့်လို့ နာကျင်အချိန်ပို ၉၂မိနစ်အရောက်ကျမှ ဂီရော့ဒ်ဂိုးသွင်းနိုင်ခဲ့တာဖြစ်ပေမယ့် ဝင်းဂါးကတော့ အသင်းအတွက် အရေးကြီးတဲ့ အချိန်မှာ စက္ကန့်ပိုင်းလောက် အချိန်ကုန်သွားမယ့် အောင်ပွဲခံမှုမျိုးမလုပ်ဘဲ ပွဲကို လျင်လျင်မြန်မြန်ပဲ ပြန်စသင့်တယ်လို့ ယူဆကြောင်း မှတ်ချက်ပြုပါတယ်။

ဂီရော့ဒ် အောင်ပွဲခံမှုနဲ့ ပတ်သက်ပြီး ဝင်းဂါးက "အောင်ပွဲခံတာထက် ပွဲကို လျင်လျင်မြန်မြန်ပြန်စဖို့ ကျွန်တော်ပိုလိုလားပါတယ်။ ဒါပေမယ့် သုံးဂိုးပြတ်ရှုံးနေတော့ ကစားသမားတွေစိတ်ထဲ သေချာပေါက် ရှုံးပြီလို့ ယူဆချိန်မှာ ချေပဂိုးတွေ ဆက်တိုက်သွင်းယူနိုင်လို့ အောင်ပွဲခံတာဖြစ်ပါတယ်"လို့ ထိန်းထိန်းသိမ်းသိမ်း ဖြေကြားခဲ့ပါတယ်။

ဂီရော့ဒ်ရဲ့ အောင်ပွဲခံမှုအပေါ် ဆန်းချက်ဇ်ကလည်း ဒါဟာ သရေရလဒ်ထွက်ပေါ်နေချိန် အလကားသက်သက် အချိန်ကုန်တဲ့ကိစ္စရပ်လို့ ထင်မြင်တာကြောင့် ပွဲအပြီး ဒေါသပေါက်ကွဲခဲ့တာလို့ အားကစားသတင်းဝက်ဘ်ဆိုက်တွေက ဖော်ပြခဲ့ကြပါတယ်။ အာဆင်နယ်ပရိသတ်တွေကလည်း ဘုန်းမောက်အသင်း ၁၀ ယောက်သာကျန်တော့ချိန်မှာ အနိုင်ရအောင် ကစားသင့်တာကြောင့် ပွဲပြန်မစဘဲ အောင်ပွဲခံခဲ့တဲ့ ဂီရော့ဒ်ကို ချေပဂိုးသွင်းပေးပေမယ့် ကျေးဇူးမတင်ဘဲ ဒေါသထွက်နေကြတာပါ။ ဒါပေမယ့် ပရက်စတန်နဲ့ အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်တွေအတွင်း ဂီရော့ဒ်အောင်ပွဲခံမှုကိုတော့ ဘယ်သူကမျှငြိုငြင်ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။

ကိုယ့်ကိုယ်ကိုယ် တိရစ္ဆာန်တစ်ကောင်လို့ပဲ မြင်တယ်ဆိုတဲ့ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ကတော့ သူဟာ အသက်အရွယ်နဲ့ မမျှအောင် အခုထိ အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းသိမ်းနိုင်တာက ကိုယ့်ကိုယ်ကိုယ် တိရစ္ဆာန်တစ်ကောင်လိုပဲ ခိုင်းစေလို့ဖြစ်တယ်လို့ ဆိုပါတယ်။ သာမန်ဘောလုံးသမားတွေက နားချိန်နားပြီး လေ့ကျင့်ရေးဆင်းချိန်ရောက်မှသာ လေ့ကျင့်မှုတွေ လုပ်ဆောင်ကြတာဖြစ်ပေမယ့် အီဗရာဟီမိုဗစ်ကတော့ အကောင်းဆုံးပုံစံရဖို့ သူများအနားယူချိန်မနားခဲ့ဘဲ တစ်ဦးတည်း ကာယလေ့ကျင့်ခန်းတွေ အပြင်းအထန် လုပ်ဆောင်ခဲ့တယ်လို့ ဖွင့်ဟပြောကြားလိုက်ပါတယ်။ မိုဗစ်က လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ငဲ့ညှာတတ်တာကြောင့် ခုလို "တိရစ္ဆာန်လို" လို့ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

မိုဗစ်က ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ် ပွဲစဉ်၁၉ ပွဲ ဝင်ရောက်ကစားပြီး သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူထားနိုင်သူပါ။ ရာသီအစ ခြေစွမ်းပိုင်းရှုန်းကန်ခဲ့ရလို့ သူ့ကို အများက " မိုဗစ်ခေတ်ကုန်သွားပြီ"လို့ ဝေဖန်ခဲ့တာကို ချေဖျက်ဖို့ အရင်ကထက် ပိုမိုကြိုးစား လေ့ကျင့်ခဲ့တယ်လို့ ဆိုပါတယ်။ မိုဗစ်က လက်ရှိမှာ အသက်(၃၅)နှစ်ရှိပြီဖြစ်ပေမယ့် မန်ယူအသင်းရဲ့ ပွဲထွက် ၁၁ ယောက်စာရင်းမှာ ပွဲထွက်ခွင့်ရနေသူဖြစ်ပြီး မန်ယူနည်းပြ မော်ရင်ဟိုက မိုဗစ်သာ ဒဏ်ရာရသွားရင် မန်ယူအတွက် ကပ်ဆိုက်တာပဲဖြစ်မယ်လို့ ပြောကြားခဲ့ပါသေးတယ်။ ဒါ့အပြင် နည်းပြ မော်ရင်ဟိုရဲ့ အစီအမံတွေကလည်း သူ့ရဲ့ကြံ့ခိုင်မှုအနေအထားကို အမြင့်ဆုံး ထိန်းသိမ်းနိုင်ဖို့ အမှန်တကယ် အထောက်အပံ့ပြုခဲ့ကြောင်း မိုဗစ်က ဖောက်သည်ချခဲ့ပါတယ်။

**စပိန်ဒိုင်တွေအားလုံး ရီးယဲလ်မက်ဒရစ်အသင်းအတွက်ပဲ ဘက်လိုက်ပြီး အလုပ်လုပ်နေကြတယ်**

ဘာစီလိုနာနောက်ခံလူ ဂျာရတ်ပီကေးကတော့ စပိန်ဒိုင်တွေအားလုံးက ရီးယဲလ်မက်ဒရစ်ဘက်လိုက်ရေးမူဝါဒကိုပဲ အခြေခံပြီး အဲဒီဦးတည်ချက်တစ်ခုအတွက်ပဲ အလုပ်လုပ်နေတယ်လို့ စွပ်စွဲလိုက်ပါတယ်။ ကိုပါဒယ်ရေးဖလား ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေပြီးနောက် ပီကေးက အထက်ပါအတိုင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ကိုပါဒယ်ရေး ပွဲစဉ်တွေအဖြစ် ရီးယဲလ်မက်ဒရစ်-ဆီဗီလာ၊ ဘီဘာအို-ဘာစီလိုနာ အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာမှာ ရီးယဲလ်က ဆီဗီလာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမယ့် ဘာစီလိုနာကတော့ ဘီဘာအိုကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပါတယ်။ ကစားပွဲတစ်ပွဲမှာ အနိုင်၊ အရှုံးဆိုတာ ဆန်းကြယ်တဲ့ ကိစ္စရပ်မဟုတ်ပေမယ့် ပီကေးကတော့ ဘာကာရှုံးနိမ့်ရတာက ဒိုင်တွေရဲ့ မမျှတတဲ့ ဆုံးဖြတ်ချက်ကြောင့်ဖြစ်သလို ရီးယဲလ်ဂိုးပြတ်နိုင်ရတာကလည်း ဒိုင်ရဲ့ မျက်နှာသာပေးမှုကြောင့်လို့ ယူဆပါတယ်။

ဆီဗီလာပရိသတ်တွေကတော့ ဒိုင်ဖြစ်သူ မက်တေးယူးလိုဟုတ်ဇ်ရဲ့ ဆုံးဖြတ်ချက်အချို့အတွက် မကျေမနပ်ဖြစ်နေကြပြီး ပီကေးကလည်း ပွဲအစအဆုံး ဒိုင်ဖြစ်သူဟာ ရီးယဲလ်အသင်းဘက်ကနေ ရပ်တည်ပေးခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ ဘီဘာအိုနဲ့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ပင်နယ်တီ နှစ်ကြိမ်တောင်းဆိုခဲ့ပေမယ့် နှစ်ကြိမ်လုံးကို ဒိုင်ဖြစ်သူက လျစ်လျူရှုခဲ့တာကြောင့် ဒီအချက်ကို ကြည့်ရင်ပဲ ရီးယဲလ်နဲ့ ဘာစီလိုနာကြား ဘာကွာခြားသလဲဆိုတာ ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်လို့ ပီကေးက ထောက်ပြပါတယ်။

ပီကေးက ထင်မြင်ချက်တွေ မကြာခဏ ပေးတတ်သလို သူ့အပေါ် နေရာမပေးခဲ့တဲ့ နည်းပြတွေအကြောင်း၊ သူနဲ့ ချစ်သူ ပေါ့ပ်အဆိုတော် ရှာကီယာတို့ အချစ်ရေးစတင်ခဲ့ပုံအကြောင်းတွေကိုပါ လူသိရှင်ကြား ပြောခဲ့ဖူးသလို အခုလည်း ဒိုင်တွေနဲ့ ပတ်သက်ပြီး ဝေဖန်ခဲ့ပြန်တာ ဖြစ်ပါတယ်။ ဒီလိုစကားပြောခဲ့တဲ့ ပီကေးအနေနဲ့ ဘာအကျိုးအမြတ်ရမလဲဆိုတာ မသိပေမယ့် စပိန်ဒိုင်တွေရဲ့ မျက်မုန်းကျိုးမှုတွေ ခံရနိုင်တာကတော့ သေချာပါတယ်။








**စပါးကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်အတွင်း ပက်ဒရိုကို ကော်စတာ ဘာပြောခဲ့တာလဲ**

ပရီမီယာလိဂ် ပွဲစဉ် (၂၀)မှာ ချယ်လ်ဆီးအသင်းက အိမ်ကွင်းမာတဲ့ စပါးကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တဲ့အတွက် သူတို့ရဲ့ ၁၃ ပွဲဆက်အောင်ပွဲခံမှုအပြီး နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရပါတယ်။ ဒီပွဲစဉ်အတွင်း ချယ်လ်ဆီးကစားသမားနှစ်ဦးဖြစ်တဲ့ ကော်စတာ၊ ပက်ဒရိုတို့နှစ်ဦး ထိပ်တိုက်တွေ့တဲ့ပုံစံနဲ့ အချေအတင်ပြောဆိုခဲ့တဲ့ဖြစ်ရပ်ကို မီဒီယာတွေကလည်း အာရုံစိုက်ခဲ့သလို ပရိသတ်တွေကလည်း သူတို့နှစ်ဦး မသင့်မြတ်မှုကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ချယ်လ်ဆီးအသင်းရလဒ်ပိုင်းကိုပါ သက်ရောက်မှု ရှိလာမလားဆိုတာ စိုးရိမ် ပူပန်နေကြပါတယ်။ ဖြစ်စဉ်အရတော့ အော်စကာက ပက်ဒရိုကို အော်ဟစ်ပြီး ပြောကြားခဲ့တာကို ပက်ဒရိုကလည်း ပြန်လည်တုံ့ပြန်တဲ့ပုံစံပါ။ ဒါကြောင့် ကော်စတာအနေနဲ့ ပက်ဒရိုကို ဘာစပြောခဲ့သလဲ၊ ပက်ဒရိုကလည်း ဘာပြန်ပြောခဲ့သလဲဆိုတာကို ကာယကံရှင် ကော်စတာက"ကျွန်တော်က ဘာလို့ အဲဒီနေရာမှာ ရှိမနေခဲ့တာလဲလို့ပြောခဲ့တာကို သူကအဲဒီနေရာကို သွားခဲ့တယ်လို့ ပြန်ပြောခဲ့တာပါ။ ဒါကို ကျွန်တော်က ခင်ဗျား အဲဒီမှာရှိမနေဘူးလို့ ဆိုခဲ့တာပါ" လို့ ရှင်းပြတယ်။ ပက်ဒရိုနဲ့ ကော်စတာတို့နှစ်ဦးက ချယ်လ်ဆီးအတွက်သာမက စပိန်လက်ရွေးစင်အသင်းဖော်တွေလည်း ဖြစ်ပါတယ်။ ကော်စတာက ဒီလိုပွဲကစားချိန်အတွင်း တစ်ဦးနဲ့တစ်ဦး အချေအတင်ပုံစံနဲ့ ပြောခဲ့တာက ပြဿနာမဟုတ်သလို သူတို့နှစ်ဦးကြား ညီအစ်ကိုအရင်းလို နွေးထွေးတဲ့ ဆက်ဆံရေးရှိကြောင်းလည်း ဆိုခဲ့ပါတယ်။



မေလဲ့သင်းစုစည်းတင်ပြသည်။

## ဇရပ်ကုန်းကျေးရွာ၌ လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဖွင့်

**မြောင် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဇရပ်ကုန်းကျေးရွာတွင် လူမှုရေးဆိုင်ရာသုတေသနအဖွဲ့ (SSPRG) ကကြီးမှူး၍ လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ကျေးရွာ ရွာဦးကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းက ယခုကာလသည်ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလဖြစ်ပြီး ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုကို အခြေပြုထားကာအုပ်ချုပ်သူအဖွဲ့အစည်းနှင့် ပြည်သူလူထု ညီညွတ်မှုရှိမှ မိမိကျေးရွာ၊ မိမိမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူမှု ရေးဆိုင်ရာသုတေသန အဖွဲ့ (SPPRG)သင်တန်းနည်းပြက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ သင်တန်းအား မြောင်မြို့နယ်၌ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျေးရွာအုပ်စု ၁၀ ရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**တင်ကိုကို**

## ဂေါဝိန်ဆိပ်ကမ်းတွင်ဆန်နှင့် ပြောင်းတင်ပို့မှုများပြား ဆိပ်ကမ်းလုပ်သားများ တစ်နေ့ ၁၀၀၀၀ ခန့်ဝင်ငွေရ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်း၊ ရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့ အပြားသို့ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြား ကုန်တင်ဆိပ်ကမ်းများအပါအဝင် ဒေသအလိုက် ကုန်ပစ္စည်းအလိုက် တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သောဆိပ်ကမ်းဖြစ်ပြီး အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြသည်။ လက်ရှိကာလတွင်ဆန်နှင့် ပြောင်းတင်ပို့မှုများပြားနေပြီး ခေါက်တိုကားများ အလုပ်သမားများ အဆင်ပြေ လျက်ရှိသည်။ ကုန်တင်သင်္ဘောများ၊ ရှပ်ပြေးရေယာဉ်များလည်း အသွားကုန်၊ အပြန်ကုန်များဖြင့် အဆင်ပြေလျက်ရှိသည်။ ရေယာဉ်အမျိုးအစားအလိုက် ဆန်အိတ် ၂၀၀၀ မှ ၅၀၀၀ အထိ တင်ဆောင်ကြသည်။ ကုန်တင်ကုန်ချနှုန်းများအနေဖြင့် အတင်ပြုလုပ်သည့်နှုန်းမှာ တစ်အိတ်လျှင် ၉၅ ကျပ်ရရှိပြီး အချကုန်အတွက်မှ တစ်အိတ်လျှင် ငွေ ၇၅ ကျပ် ရရှိသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ် ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။ လက်ရှိကာလတွင် ဧရာဝတီမြစ်ရေ ကျချိန်တွင် ကုန်ကားများအောက်ထဲအထိဆင်းကာ သင်္ဘောနှင့်အနီးဆုံးနေရာတွင်ရပ်ထားပေးနိုင်မှုကြောင့် ကုန်စည်အတင်အချ လျင်မြန်လျက်ရှိသည်။ လက်ရှိကုန်တင်ပို့မှုတွင် ဆန်တင်ပို့မှု များပြားနေသည်။ ဂေါဝိန်ဆိပ်မှ သင်္ဘောများသည် အထက်ပိုင်းဗန်းမော်၊ ကသာနှင့် အောက်ပိုင်း ကလေး၊ တမူးအထိ ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလေ့ရှိသည်။ လက်ရှိ ပွင့်လင်းရာသီတွင် ကုန်စည်များ ပေါများပြီး အတင်အချမြန်ဆန်လျက်ရှိသည်။ ဆိပ်ကမ်းလုပ်သားများတွင် လှည်းခေါင်းများစွာဖြင့် အလုပ်သမားများစွာကို အလုပ်အကိုင်အခွင့်အလမ်းများ ပုံမှန်ပေးထား၍ အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ရာ တစ်နေ့ပျမ်းမျှ ဝင်ငွေကျပ် ၁၀၀၀၀ ခန့်ရကြသည်။

**စိုးရွှေ**

## နေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေး၊ အခြေအနေအရ နေရပ်စွန့်ခွာပြောင်းရွှေ့ ပြည်သူများအား စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်စိုးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ နယ်မြေလုံခြုံရေး အခြေအနေအရ နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ရည်ရွယ်ချက်ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ကချင်ပြည်နယ်၌သာမက မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များ၌လည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သည့် စခန်း ၉၄ ခုရှိ အိမ်ထောင်စု ၈၀၄၀ မှ လူဦးရေ ၃၉၅၈၅ ဦးအတွက် စားသုံးဆန် ၂၀၁၀ အိတ်၊ ဆီ ၄၀၂၀ ပိဿာ၊ ကုလားပဲ ၄၀၂၀ ပိဿာ၊ ဆား ၄၀၂၀ ပိဿာနှင့် အန္တေးစောင် အထည် ၁၀၀၀ တို့အား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် အိမ်ထောင် စုပေါင်း ၁၆၄၂၄ စုရှိ လူဦးရေ ၁၃၉၇၄၅ ဦးအတွက် ဆန် ၄၀၈၀ အိတ်၊ ဆီ ၈၂၁၂ ပိဿာ၊ ကုလားပဲ ၈၂၁၂ ပိဿာ၊ ဆား ၈၂၁၂ ပိဿာနှင့် ရှမ်းပြည်နယ်တွင် ဆန် ၁၂၅၀ အိတ်၊ ဆီ ၂၀၀၀ ပိဿာ၊ ကုလားပဲ ၆၀၀၀ ပိဿာနှင့် ဆား ၆၀၀၀ ပိဿာတို့အား တာဝန်ရှိသူများက သွားရောက် လှူဒါန်းနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စားလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က လက်ခံရယူခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်အား ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးဃံကျ(မြစ်ကြီးနား)**



## ဓာတုဆေးကင်းသည့်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေးပညာပေးသရုပ်ပြပွဲကျင်းပ

**မြို့သစ် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တောင်သူများ ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာပေးသရုပ်ပြပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့သစ်မြို့နယ်စိုက်ပျိုးရေးတောင်သူ ၅၄ ဦးတို့ တက်ရောက်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ကိုင်သူနှင့် စားသုံးသူများ ဓာတုအန္တရာယ်ကင်းရှင်းစေရေး၊ ထုတ်ကုန်အရည်အသွေးပြည့်ပြီး ဈေးကွက်ဝင်နိုင်ရေး၊ တောင်သူများကိုယ်တိုင် လယ်ယာသုံး သဘာဝမြေဆွေးနှင့် သဘာဝပိုးသတ်ဆေးများ ထုတ်လုပ်သုံးစွဲနိုင်ခြင်းဖြင့် စိုက်ပျိုးရေးသွင်းအားစု စရိတ်လျော့နည်းလာစေရန် ရည်ရွယ်၍ သရုပ်ပြဆွေးနွေးခဲ့ပြီး တောင်သူများကိုယ်တိုင် လယ်ယာသုံး သွင်းအားစုများ ပြုလုပ်သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းသုံး (E M) များ အခမဲ့ဖြန့်ဖြူးခဲ့သည်။

ယင်းနောက် မြေဆွေးပြုလုပ်ခြင်းလုပ်ငန်းများအား ကျေးရွာအုပ်စုများ၏ စိုက်ကွင်းအလိုက် တောင်သူများနှင့်အတူ စိုက်ပျိုးရေးဝန်ထမ်းများက ကူညီပူးပေါင်းဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များအား ဆက်စပ်ဌာနများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဇော်လင်းက ပြောသည်။

ယင်းနောက် မြို့သစ်မြို့နယ်တွင် သစ်တောကြိုးဝိုင်းကြိုးပြင်ကာကွယ်တောဧရိယာ ၁၁၈၆၀၉ ဧကနှင့် စိုက်ပျိုးနိုင်သော မြေဧရိယာ ၁၄၉၅၀၇ ဧကရှိပြီး အစိုးရဆည်တမံငါးခု၏ ဆည်ရေသောက်စနစ်အရ မိုးစပါး၊ နွေစပါးနှင့် နွေနှမ်းသီးနှံများကို အဓိကထား စိုက်ပျိုးနိုင်ကြောင်းသိရသည်။

**လှဝင်း(နတ်မောက်)**

## အင်းစိန်မြို့(၁၁၄)နှစ် နှင့် ပထမအကြိမ် မော်ကွန်းပြပွဲ စည်ကားစွာကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူမှုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့ (၁၁၄)နှစ် မြောက် အထိမ်းအမှတ်နှင့် ပထမအကြိမ်မော်ကွန်းပြပွဲ စည်ကားစွာကျင်းပရေး အထူးအစည်းအဝေးပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အင်းစိန်မြို့၏ သမိုင်းကို သမိုင်းကြောင်းမှန်ကန်အောင် ဖော်ထုတ်ပြီး မှန်ကန်သော အချက်အလက်များပြည့်စုံစွာ ပြသနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ဒု-ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က သမိုင်းမှန်မှ လူမျိုးမှန်နိုင်ကြောင်း၊ သမိုင်းမကောင်းက လူမျိုးမကောင်းနိုင်ကြောင်း၊ တိကျမှန်ကန်သော သမိုင်းကြောင်းများကို ပြသသွားရန် လိုအပ်ကြောင်း ပြောကြားကြသည်။

ယင်းနောက် အင်းစိန်မြို့ (၁၁၄)နှစ်မြောက် အထိမ်းအမှတ်နှင့်ပထမအကြိမ်မော်ကွန်းပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ အင်းစိန်ကြို့ကုန်းအနောက် ဗဟိုလမ်း အားကစားကွင်းတွင် နေ့ပိုင်း၌ ကဗျာ အရေး၊ အဖတ်၊ ပုံပြော၊ ကာတွန်း၊ ပုံဆွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို စည်ကားစွာပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင် စာပေဟောပြောပွဲများကို တစ်ညလျှင် စာရေးဆရာသုံးဦးစီတို့က ဗဟုသုတအဖြစ်တိုင်းကျိုး ပြည်ပြု စာပေရေးရာများကို ဟောပြောသွားမည်ဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ပြောကြားသည်။

ထို့နောက် အင်းစိန်မြို့ (၁၁၄)နှစ်မြောက်အထိမ်းအမှတ် မော်ကွန်းပြပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အလှူငွေကျပ် တစ်သိန်း၊ အဘထဆေးဝါး ထုတ်လုပ်ရေးမှ ဦးအေးကြိုင်က ငွေကျပ် ၁၂၀၀၀၀၊ ပြည့်ဖြိုးကျော်ဆေးတိုက်က အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ပိန္နဲကုန်းရပ်ကွက်၊ မြန်မာမူဆလင် လူမှုရေးအသင်းက အလှူငွေကျပ် ၂၀၀၀၀၀ တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(၆၈၄)**



## ပွင့်လင်းရာသီဖြစ်သောကြောင့် မီးဘေးလုံခြုံမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပလောက် ဇန်နဝါရီ ၁၀**

ပွင့်လင်းရာသီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ စည်ပင်သာယာဈေးကြီးအတွင်း၌ မီးဘေးလုံခြုံမှုရှိစေရန် မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ၊ မရှိ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၉ ရက်နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါစစ်ဆေးရာတွင် ပလောက်မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ပလောက်မြို့ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စည်ပင်သာယာဈေးကြီး မီးဘေးလုံခြုံမှုရှိစေရေးအတွက် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက မီးသတ်ဆေးဘူးများ အသုံးပြုမီးငြိမ်းသတ်နိုင်ရေး အသိပညာပေးခြင်း၊ ဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ အရန်သင့်ထားရှိစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# ခွင့်ပြုချက်မပါရှိသည့် အစားအသောက်နှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေမှု စစ်ဆေးအရေးယူဆောင်ရွက်သွားမည်



**လားရှိုး ဇန်နဝါရီ ၁၀**

သတ်မှတ်လိုင်စင်၊ ထောက်ခံချက်၊ ခွင့်ပြုချက်များမပါရှိသည့် အစားအသောက်များ၊ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများအား စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

လားရှိုးမြို့ပေါ်ရှိ ပင်လယ်စာ၊ အအေးခဲအသားရောင်းချနေသူများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးရောင်းချနေသူများ၊ ဈေးအတွင်း လက်လီ၊ လက်ကားရောင်းချနေသည့် ကုန်စုံဆိုင်ပိုင်ရှင်များ၊ ဈေးဆိုင်ပိုင်ရှင်များ၊ မီနီမားကက်၊ စူပါမားကက်များမှ တာဝန်ရှိသူများ၊ အကင်၊ ဟော့ပေါ့ဆိုင်ပိုင်ရှင်များ၊ မုန့်လုပ်ငန်းလုပ်ကိုင်နေသူများ၊ အချိုရည်စက်ရုံလုပ်ကိုင်နေသူများ အစရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန စသည့်ဌာနတို့မှတာဝန်ရှိသူများ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ လေ့လာလိုသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

အသိပညာပေးရှင်းလင်းပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ဌာနမှဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တားမြစ်ချက်များနှင့် တာဝန်များ၊ ဈေးများဆိုင်များတွင် ရောင်းချလျက်ရှိသော အစားအသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ပြည်ပမှတင်သွင်းလာသော အစားအသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ရှိရမည့် လိုင်စင်၊ ထောက်ခံချက်များ၊ ပြည်တွင်းမှထုတ်လုပ်သော အစားအသောက်၊ ကုန်ပစ္စည်းများတွင်ရှိရမည့် လိုင်စင်၊ ထောက်ခံချက်များ၊ အစားအသောက်၊ ကုန်ပစ္စည်းများတွင် ပါရှိရမည့်အမှတ်တံဆိပ်၊ Company အမည်၊ လိပ်စာ၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ FDA ထောက်ခံချက်အမှတ်များ စသည့်တို့ကို ရရှိရန်နှင့် လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးဟောပြောခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာပိုင်စိုးမိုးက FDA ထောက်ခံချက်နှင့် ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာစိုးနိုင်ဝင်းက ပြည်ပမှတင်သွင်းသည့် အအေးခဲအသားများနှင့်ပတ်သက်၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က အကောက်ခွန်မဲ့ပစ္စည်းများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရမည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ စက်မှု/ကြီးကြပ်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးက ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ပြုလုပ်ရမည့် စက်များအကြောင်းနှင့် မှတ်ပုံတင်ရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်နိုင်သည့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန ဦးစီးအရာရှိဦးမြတ်သူက စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပူစ်ပါးဒေဝီက ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာရောင်းချသူများ လိုက်နာရမည့်အချက်များ၊ ဥပဒေချိုးဖောက်ပါက အရေးယူဆောင်ရွက်မည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်ဖြင့် အသီးသီး ပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက်တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များမှ သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာနွားလှည်းယာဉ်ပြိုင်ပွဲထည့်သွင်းကျင်းပ



**မိတ္ထီလာ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ပန်းသွင်းကျေးရွာအနီး သီရိမ္မာသောကမင်းကြီးတည်ထားကိုးကွယ်ပြီး အနော်ရထာမင်းကြီး တည်ထားပြုပြင်ခဲ့သည့် သမိုင်းဝင်ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ နွားလှည်းယာဉ်ပြိုင်ပွဲ၌ နွားလှည်းယာဉ် အစီး ၆၀ ခန့် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်အား ဇန်နဝါရီ ၈ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယင်းပွဲတော်တွင် မြန်မာ့ရိုးရာနွားလှည်းယာဉ်ပြိုင်ပွဲကို ဘုရားပွဲတော်ကာလအတွင်း ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက် ( ပြာသိုလဆန်း ၁၁ ရက်မှ ပြာသိုလပြည့်) အထိ နှစ်စဉ်နှစ်တိုင်း ထည့်သွင်းကျင်းပသည်။ အဆိုပါ နွားလှည်းယာဉ်ပြိုင်ပွဲတွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်မြို့နယ်တို့အတွင်းရှိ ပန်းသွင်း၊ ပန်းတင်၊ ဒဟတ္တန်း၊ ဝါးရုံ၊ ကန့်ဖြူ၊ သိမ်ကုန်း၊ ညောင်တို၊ အုတ်ဖို၊ ပေါက်တန်း၊ ဥသျှစ်ကုန်း၊ လှည်းပွဲ၊ အိုင်ကြီးလည် စသည့်ကျေးရွာများမှ နွားလှည်းယာဉ် အစီး ၆၀ ခန့်နှင့် ဗလာမောင်းပြိုင်ပွဲတွင် နွားကောင်ရေ ၄၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

သမိုင်းဝင် ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် နွားလှည်းယာဉ်ပြိုင်ပွဲအပြင် ဘောလုံးပွဲ၊ ဇာတ်ပွဲများကိုလည်း ထည့်သွင်းကျင်းပပြီး တောင်သူလုပ်ငန်းသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ဈေးဆိုင်ကြီးငယ်များဖြင့် စည်ကားစွာ ဖွင့်လှစ်ရောင်းချသည့်အတွက် ရွာနီးပတ်ဝန်းကျင်ကျေးရွာများအပြင် သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်တို့မှ ဘုရားပွဲတော်လာ ဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# (၈၈) မျိုးဆက်ငြိမ်းချမ်းရေး ပွင့်လင်းလူ့အဖွဲ့အစည်း(ပဲခူး)နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) တို့ပူးပေါင်း၍ အခြေခံလူ့အခွင့်အရေး ပညာပေးဟောပြောပွဲပြုလုပ်

**ပဲခူး ဇန်နဝါရီ ၁၀**

(၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(ပဲခူး)နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) တို့ပူးပေါင်း၍ ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ အခြေခံလူ့အခွင့်အရေးပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းတို့က မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍများအား ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သိရှိပြီး မိမိပတ်ဝန်းကျင်နှင့် တခြားသူများလိုက်နာကျင့်သုံးသိရှိစေရန် ပြန်လည်ဖြန့်ဝေပေးခြင်းဆောင်ရွက်နိုင်ရန်အတွက် ယခုလို ဆွေးနွေးပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများသိရှိနိုင်ရန် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ်(၁)မှ အပိုဒ်(၃၀)အထိ အကြောင်းအရာများအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အတူ ပညာရေးနှင့်ပတ်သက်သည့် အခြေခံလူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ဦးကျော်စွာလင်းနှင့် လူ့အခွင့်အရေးနည်းပြ ဦးကျော်ကျော်ဦးတို့က လူအခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူအများ၏ထူးခြားသည့်လက္ခဏာဆိုင်ရာအချက်အလက်များကို အပြန်အလှန်ဆွေးနွေးဟောပြောခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ (၈၈)မျိုးဆက်ငြိမ်းချမ်းရေးပွင့်လင်းလူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ နိုးကြားတက်ကြွသောနိုင်ငံသားများနှင့် တာဝန်သိသော နိုင်ငံသားများဖြစ်လာစေရန်၊ လူတိုင်းအခြေခံလူ့အခွင့်အရေးဆိုင်ရာအချက်အလက်များသိစေရန်၊ နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများခွဲခြားသိရှိစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းအမှတ်စဉ်(၆/၂၀၁၇) သင်တန်းဖွင့်

**ရွှေဘို ဇန်နဝါရီ ၁၀**

တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှုအတတ်ပညာပြန့်ပွားစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း အမှတ်စဉ် (၆/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီက အမှတ် (၃) စက်မှုလယ်ယာစခန်း ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းရွှေဦးက လယ်ယာသုံးစက်ကိရိယာသင်ကြားမှု၊ အသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၄၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ပြည် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်က မြို့မဈေးကြီးတွင် ဈေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများပူးပေါင်း၍ မီးငြိမ်းသတ်ရေးသရုပ်ပြနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှုဆောင်အရာရှိနှင့် ခရိုင်မီးသတ် လက်ထောက်ညွှန်ကြားရေးမှူးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၄၉၇)**

# နန်းသုံးစည်တော်ရှမ်း

ဆူးငှက်

“ပြောင်းလဲချိန်တန်ပြီ” ဆိုတဲ့ လှုံ့ဆော်ကြွေးကြော်သံကြောင့် မြန်မာပြည်သူတွေ နိုးထခဲ့ကြတယ်ဆိုတာ မငြင်းသာပါဘူး။ ဟုတ်ပါတယ်။ အားလုံးဟာ စရိုက်ဟောင်း၊ အကျင့်ဟောင်း၊ ခြေရာဟောင်းတွေနဲ့ တဝဲလည်လည် နွံနစ်နေခဲ့တာ ဆယ်စုနှစ်ပေါင်း များစွာကြာလေတော့ အသစ်လိုချင်တယ်။ အပြောင်းအလဲလိုချင်တယ်။ တကယ် အလုပ်လုပ်မယ့်သူ လိုချင်တယ်။ ဒါကြောင့်လည်း “ပြောင်းလဲချိန်တန်ပြီ” ဆိုတဲ့ လှုံ့ဆော်ကြွေးကြော်သံကြားကတည်းက အားတက်တယ်။ ယုံကြည်တယ်။ အားကိုးတယ်။ မျှော်လင့်တယ်။ နှစ်ကာလများစွာ မွန်းကျပ်ချည့်နဲ့နေတော့ မြန်မြန်အသက်ရှူဝချင် တောင့်တင်းခိုင်မာချင်လှတာလည်း အပြစ်မဆိုသာပေဘူး။ ဒီတော့ ဆန္ဒစောကြတယ်။ တွန်းတွန်းတိုက်တိုက် အားကျိုးခန့်ဲလုပ်ကိုင် ပြောင်းလဲနေလို့ ခေါက်ရိုးမာ အဖုအထစ်ကြောင့် ထင်သလောက် မပေါက်သေးတာကိုတော့ သဘောပေါက်နားလည်ပေးကြရဲ့။

ဒီလိုမဟုတ်ဘဲ တစ်နှစ်သာပြည့်ရော စမ်းတဝါးဝါးနဲ့ ခတ်ကွင်းပြင်ဆဲ လမ်းဟောင်းမှာပဲ နှစ် ၂၀ စာ ပြက္ခဒိန်ဟောင်း အချိန်ဇယားအတိုင်း စက်ရုပ်လို လှုပ်ရှားနေသေးတယ်ဆိုရင်တော့ ဆန္ဒစောတာမဟုတ်တော့ဘူး။ ဒီလို အဖြစ်အပျက်တွေ အနီးကပ်တွေ့ဖန်များတော့ ငယ်ငယ်ကကြည့်ခဲ့ရတဲ့ မန္တလေးစည်တော်ကြီးအဖွဲ့တွေကို သတိရမိတယ်။



### မန္တလေးစည်တော်ကြီး

မန္တလေးမှာ ဝါကျွတ်ချိန်ကနေ တပို့တွဲ၊ တပေါင်းထိ ပွဲလမ်းတွေ ဆက်နေတယ်။ ဘုရားပွဲ၊ ကထိန်ပွဲ၊ အလှူပွဲ၊ ကျောင်းရေစက်ချ၊ ဘုန်းကြီးပျံ၊ မင်္ဂလာဆောင်အောင်ပွဲ၊ ကလေးမွေးနေ့ပွဲ၊ ဘောလုံးအနိုင်ရလို့ ဂုဏ်ပြုပွဲစသဖြင့် ကြံဖန်ပြီးကို ပွဲထည့်ပွဲခံကြတယ်။ အထူးသဖြင့် ဘုရားပွဲတွေမှာဆိုရင် အငြိမ့်တွေ၊ ဇာတ်တွေ၊ တီးဝိုင်းတွေ၊ ဆိုင်းတွေ ဖောဖောသီသီ ပါတတ်တယ်။ ဇာတ်တွေ အငြိမ့်တွေသာမက စည်တော်ကြီးအဖွဲ့လည်း အမြဲတမ်းပါတယ်။ စည်တော်ကြီးအဖွဲ့က ညနေစောင်းတာနဲ့ စပြီးတီးခတ်တယ်။ ညနေ ၅ နာရီလောက်ကနေ အငြိမ့်မထွက်ခင် ၇ နာရီလောက်အထိ တီးခတ်တယ်။ မနက် ဆွမ်းကြီးလောင်းတော့လည်း ရဲလောင်းမဏ္ဍပ်ထိပ်မှာ စည်တော်ကြီးအဖွဲ့က နေရာယူတီးခတ်တယ်။

နှစ်စထောင် ခေါင်းပေါင်းဖြူ ဖော့လုံးနဲ့ သျှောင်နဲ့ တောင်ရှည်ပုဆိုးနဲ့၊ သိုးရင်းအင်္ကျီနဲ့ စည်တော်အဖွဲ့တွေ ဂန္ဓာဗုံလေးတို့ခတ်၊ နဲ့ကြီးမှုတ်ပြီး သိုးရင်းအင်္ကျီလက်ပွကြီးမကာ မကာနဲ့ စည်ကြီးနားဝေ့ဝိုက်ပြီး တီးတော့မယ့်ဟန်ပြင်ပြီးမှ မတီးဘဲ ဝေ့ဝဲနေတာကို သိပ်သဘောကျတာကိုး။

### ကုန်းဘောင်ရာဇဝင်ခင်း

စည်ဆရာက ‘ဝမ်းဘဲ အင်းစံမင်းတရားကြီး လက်ထက်တွင် ကိုးဆောင်သော တိုက်ခန်းတို့ကို ဗားမဲ့ဆရာတော်ကြီးကိုယ်တိုင် ဘုရင်မင်းမြတ်နှင့် တိုင်ပင်တော်မူပြီးလျှင် သိုက်စာထွက် ကိန်းခန်းနှင့်ညီပြီးလျှင်

> မန္တလေးသားတွေကတော့ စည်တော်ကြီးအဖွဲ့တွေနဲ့ ရင်းနှီးခဲ့လေတော့ စည်းချက်ကျကျ စည်တော်သံကို မြိုင်မြိုင်ကြီးကြားချင်နေကြပြီ။ စည်းချက်ကျတိုင်း စည်တော်တီးလေမလားလို့ ရင်တမမ မျှော်လင့်စောင့်စားနေတာကြာပြီ။ စည်တော်သံကြားရမယ့်အချိန် မကြားရတာ ကြာလာရင် အားမလိုအားမရနဲ့ တက်ခေါက်လိုက်ကြမှာတော့ စိုးရိမ်မိသား. .

သားတွေက ‘မင်းရာဇာဧကရာဇ်ဘုရင်သည် တစ်ပြေခေတ်တွင် အရှိန်သရေလင်းစေဖို့ စိန်မြေသလင်းနတ်နန်းဝတိံကဲ့သို့ လျှပ်ပန်းတထိန်ထိန် ရှစ်ခန်းပလ္လင်ရတနာတို့နှင့် အသစ်ကြငှန်းထွင်ကာ၊ မနွမ်းအသရေမချို့ရအောင် နန်းတော်ရှေ့က နန်းသုံးစည်တော်ရှမ်း’ လို့ စည်တောင်ဆင့် သီဆိုလိုက်တော့ စည်တော်သားအသိအမှတ်ပြုထားခဲ့ကြောင်း’ လို့ အစချီပြီး သောနှင့်သတ္တာ၊ အဌနဝသချာ၊ စွန်းကောဇာတွင် မိစ္ဆာလူမျိုး၊ စက်ရောင်ညှိုး၊ တန်ခိုးအာဏာပျောက်လတ္တံ့ဆိုတဲ့ တဘောင်တွေရွတ်ပြီး ကုန်းဘောင်ရာဇဝင်ကို ခင်းကျင်းပြတယ်။ ကြားထဲမှာ စည်တော်သံတွေ လူးတာတွေလည်းရွတ်ဆိုတယ်။ ၁၉၇၀ ကျော် ၈၀ ကာလတွေမှာ ပန်းပွားရှည်ကြီး တဖွားဖွားနဲ့ လင်ကွင်းကစားပြီးကပြတဲ့ လင်ကွင်းအကကို နန်းရှေ့စည်တော်ကြီးအဖွဲ့က ဦးဘဦးက တီထွင်ကပြလာတယ်။

### စည်တော်ကြီးများသိမ်းဆည်း

ဦးဘဦးရဲ့ စည်တော်ကြီးအဖွဲ့က ကိုဘကွန်း၊ ကိုဘဦး၊ ကိုငွေ၊ ကိုအောင်ညွန့်တဲ့။ ကိုဘဦး၊ ကိုဘကွန်းတို့ဆရာကဆရာဇင်တဲ့။ ဆရာဇင်ရဲ့ ဆရာက ဦးကျောက်လုံးတဲ့။ ဦးကျောက်လုံးက ရှေ့တော်တီး စည်တော်ဆရာပါ။ ဦးကျောက်လုံးက ရွှေနန်းတော်အတွင်း ရှေ့တော်တွေမှာ ဝင်စည်၊ ထွက်စည် တီးရတဲ့သူပေ့ါ။ ပါတော်မူပြီးနောက် နန်းတွင်းမှာ တီးခတ်ခဲ့တဲ့ စည်ကြီးတွေကို ဦးကျောက်လုံးက မပျောက်မပျက် ထိန်းသိမ်းခဲ့တယ်။ အဲဒီစည်တော်ကြီးတွေကို ၁၂၇၇ ခုနှစ်မှာ နန်းတော်ရှေ့ ဓမ္မာရုံဒကာ ဦးကြီးကရှေ့တော်တီး စည်တော်ဦးကျောက်လုံးဆီက ဝယ်ပြီး ဓမ္မာရုံမှာ လှူထားခဲ့တယ်။ ဦးကျောက်လုံးဆီက စည်တော်တီးနည်းကိုလည်း ဆရာဇင်ကို သင်ယူစေခဲ့တယ်။

စည်တော်တီးရာမှာလည်း သူ့နည်းသူ့လမ်း၊ သူ့သမားစဉ်ရှိတယ်။ ဂန္ဓမာဗုံတီးပုံ၊ ကပုံ၊ ဟန်ပန်အမူအရာ၊ ပြောပုံဆိုပုံမက ရှေ့တိုးနောက်ဆုတ်၊ အချောက်၊ အဆို့အပိတ်တွေက စနစ်တကျရှိသတဲ့။ ဦးဘဦးရဲ့ မျိုးဆက်အနေနဲ့ မန္တလေးမှာ နန်းတော်ရှေ့မဟာမင်္ဂလာစည်တော်ကြီးအဖွဲ့ဆိုပြီး ကျန်ရစ်တယ်။

### ဆက်လက်ထိန်းသိမ်း

ကျန်ကောင်းကျန်ရာ ကျန်တော့တဲ့ နန်းတော်ရှေ့မဟာမင်္ဂလာစည်တော်ကြီးအဖွဲ့ဟာ ၁၂၉၉ ခုနှစ်ကတည်းက တည်ထောင်ခဲ့လို့ အခုဆိုရင် ၇၉ နှစ် သက်တမ်းရှိပါပြီ။ ရာပြည့်အကြိုကာလတိုင် ခိုင်မြဲတည်ဆဲအဖွဲ့တစ်ဖွဲ့ပါ။ နန်းတော်ရှေ့ မဟာမင်္ဂလာစည်တော်ကြီးအဖွဲ့ကို ဦးဘဦးမရှိတဲ့နောက် စည်တော် ပညာရှင်ဦးချိုက ဦးဆောင်တီးခတ်ပြီး အသက် ၈၈နှစ် အရွယ်မှာ ကွယ်လွန်ခဲ့တာပါ။ ဦးချိုရဲ့အဖေက စည်တော်ကြီးမင်းသား ဦးဘဦးပါ။ အခု ဦးချိုမရှိပြန်တော့ သားတွေက စည်တော်အဖွဲ့ကို ခက်ခက်ခဲခဲနဲ့ ဆက်လက် ထိန်းသိမ်းထားကြပါတယ်။

### စည်တော်အတု

ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေမှာတော့ မြို့ကြီးတိုင်းမှာ စည်တော်အဖွဲ့တွေ များပြားလာတယ်။ စနစ်ဇယားနဲ့ သမားစဉ်နဲ့ မဟုတ်တော့ပါဘူး။ လမ်းဖွင့်ပွဲ၊ တံတားဖွင့်ပွဲ၊ ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ မာတိမိဒီယာခန်းမ ဖွင့်ပွဲတွေမှာ စည်တော်အဖွဲ့က မပါမဖြစ်ကိုး။ ‘အောင်စေ၊ ပိုင်စေ’ နဲ့ တိုင်းမှူး၊ ဝန်ကြီးများ၊ ဘုန်းတော်ဘွဲ့ရတုပိုဒ်စုံ ရွတ်ရာဗိန်းဗိန်းနဲ့ တီးရုံပါပဲ။ တောင်ရှည်ခါးတောင်းကျိုက်၊ ခေါင်းပေါင်းလေးတွေနဲ့ ကလေးတွေက သင်ထားတဲ့အတိုင်း ကကြတာပေါ့။ ပိုအရုပ်ဆိုးတာက တကယ့်စည်တော်အစစ်အတိုင်း အလျား ၄ ပေ၊ မျက်နှာဝ ရှေ့ဘက် ၁၉ လက်မ၊ နောက်ဘက် ၁၃လက်မရှိပြီး ကြားယပ် သုံးဆင့်နဲ့ မဟုတ်တော့ဘူး။ ပတ်မကြီး နှစ်လုံးကို ထိပ်ဝမှာ မှန်စီရွှေချဗိမာန်နဲ့ ကွယ်ထားတဲ့ စည်တော်အတုတွေ။ ရာဇဂိုဏ်းသင့်ကြပေရော။

မန္တလေးမှာတစ်ချိန်က ထွန်းကားခဲ့တဲ့ စည်တော်ကြီးအဖွဲ့တွေကို ကြည့်ပြီး အလုပ်တစ်ခုကို ချက်ချင်းလက်ငင်း လိုအပ်ချိန်မလုပ်ဘဲဆိုင်းငံ့နေရင် ‘စည်တော်ကြီးပါပဲဗျာ’ လို့ ပြောကြတယ်။ နဲ့ကြီးကြူပြီးစည်းဝါးအရ ဂန္ဓမာဗုံလေးက အတို့အခတ်နဲ့ ‘ဗိန်း’ ကနဲ တီးလိုက်ရမှာကို စည်တော်မင်းသားက တီးမလို့ စည်ကြီးနားဝဲပြီး ဟန်ပြင်ကာမတီးဘဲ ဝေ့ဝိုက်သွားကြတာလေ။

### ရင်တမမမျှော်လင့်

မန္တလေးသားတွေကတော့ စည်တော်ကြီးအဖွဲ့တွေနဲ့ ရင်းနှီးခဲ့လေတော့ စည်းချက်ကျကျ စည်တော်သံကို မြိုင်မြိုင်ကြီးကြားချင်နေကြပြီ။ စည်းချက်ကျတိုင်း စည်တော်တီးလေမလားလို့ ရင်တမမ မျှော်လင့်စောင့်စားနေတာကြာပြီ။ စည်တော်သံကြားရမယ့်အချိန် မကြားရတာ ကြာလာရင် အားမလိုအားမရနဲ့ တက်ခေါက်လိုက်ကြမှာတော့ စိုးရိမ်မိသား. .။

‘အောင်စည်ရွှန်းသံ’ နဲ့အတူ ‘ပြည်တော်ဝင်’ ချင်လို့ သည်းသည်းလှုပ်ခဲ့ကြတာကိုး. .။

# ပြာသိုလနှင့် စစ်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

ပြာသိုသည် မြန်မာ့ပြက္ခဒိန်၏ ဆယ်ခုမြောက်လဖြစ်သည်။ ဆောင်းရာသီ၏ အလယ်ဗဟိုကျ၍ အလွန်ချမ်းအေးလှသည်။ ထိုလတွင် ကောင်းကင်ပြာသည် မိုးတိမ်များကင်းရှင်း၍ သာယာလှပသည်။ နေဝင်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုတွင် မြူနှင်းများကျလာပါတော့သည်။ ထို့ကြောင့် 'မြူနှင်းစိုစို လပြာသို' ဟု တင်စားခေါ်ကြပါသည်။ ပြာသိုလသည် 'နေ့ဝါဆို၊ လပြာသို' ဆိုသည့်အတိုင်း နေ့တာတို့၍ ညတာရှည်သော လလည်းဖြစ်သည်။

## မြင်းခင်းသဘင်ပွဲတော်

ပြာသိုလကို ပုဂံခေတ်ကျောက်စာများ၌ ပသိုဝ်ဟုလည်းကောင်း၊ ပါသိုဝ်ဟုလည်းကောင်း ရေးထိုးခဲ့ကြသည်။ ထိုနှစ်မျိုးတွင် ရေးချပါသော အရေးအသားကပို၍ တွင်ကျယ်အသုံးများခဲ့ပါသည်။ ထိုလကို ဗေဒင်အခေါ်အားဖြင့် မကာရရာသီဟုခေါ်၏။ မကာရဆိုသည်မှာ မကန်းငါးကိုဆိုလိုသည်။ မကန်းနှင့်တူသော ရာသီ၊ မကရ်းတို့ နှစ်သက်သော ရာသီဟုအဓိပ္ပာယ်ရ၏။ ရာသီရုပ်မှာ ရှေ့ထက်ဝက်၌ သမင်မျက်နှာ၊ နောက်ထက်ဝက်၌ မကရ်းရုပ်သဏ္ဍာန်ရှိ၏။ ငွေစန္ဒာလမင်းသည် ဖုသျှနက္ခတ်နှင့်ယှဉ်ပြိုင်မွန်းတည့်၏။ နေမင်းသည် ဥတ္တရာသာဠ်နက္ခတ်နှင့်ယှဉ်ပြိုင်သည်။ ရာသီပန်းသည် ခွာညိုပန်းဖြစ်ပြီး ပုစွန်တာရာထွန်းပ၏။ ရာသီပွဲတော်မှာ သူရဲကောင်းရွေးပွဲခေါ်သည့် မြင်းခင်းသဘင်ပွဲတော်ဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက်က ငွေနှင်းစိုစိုလပြာသိုတွင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်ကား အခြားရာသီပွဲတော်များကဲ့သို့ ရက်ပိုင်းမျှကျင်းပသော ပွဲတော်မျိုးမဟုတ်။ ပြာသိုလတစ်လလုံးကျင်းပသော ပွဲတော်ဖြစ်သည်။ မြင်းခင်းသဘင်ပွဲတော်ဟုအမည်တပ်ထားသော်လည်း ကျင်းပသောပွဲများမှာ မြင်းခင်းတစ်ခုတည်းသာမဟုတ်ဘဲ ဆင်စမ်း၊ မြင်းစမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုးဗလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပသွားခြင်းဖြစ်သည်။

မြန်မာတို့၏ ရှေးဟောင်းကြိုးသီချင်းကြီးများထဲတွင် ပင်းယခေတ်ကရေးဖွဲ့ခဲ့သည်ဟုယူဆကြသော အစောဆုံး မြင်းခင်းတော် ဘွဲ့ကြိုးတစ်ပုဒ်ကိုတွေ့ရသည်။ ထိုကြိုးသူချင်းမှာ-

"ခါးပတ်တော်မှာ ရွှေချည်စုံ၊ မိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြမိုးသောက်ထရောင်နီလာကို၊ ထိပ်ပန်ငယ်မြင်းခင်းကြွပါလို့လေး။ အလှငယ်လာမည့်လမ်းကို၊ မျှော်ယောင်တမ်းလို့လေး။ ယမန်ယမန်လယ်တွင် မြင်လိုက်ပါငဲ့၊ မယ့်ထိပ်တင်၊ မြင်းတဲ့မြင်းဖြူရှင်၊ သျှောင်တွင်းလေတင့်ဆုံး၊ နားမှာသာပန်းကြက်ရုံးငယ်နှင့်လေး။ သျှောင်လုံးနားတွင် အပြည့်ဆင်၊ မြင်ပင်မြင်လိုက်ပါစလေး။ မြင်ပင်မြင်လိုက်ပါစလေး။ ရွှေနန်း၊ ငွေနန်းငယ်မူရာသားငယ်နှင့် သနားချစ်ခင်စရာလေးတည့်မှ သနားချစ်ခင်စရာ" ဟုဖြစ်သည်။

ထိုကြိုးသီချင်းသည် ပင်းယခေတ် မြင်းခင်းသဘင်ပွဲတော်၌ မင်းညီ၊ မင်းသားတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ကြေးမုံအသွင် တင်ပြဖွဲ့ဆိုထားသည့် ခေတ်ကြေးမုံကြိုးသီချင်းဖြစ်သည်။ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း မြင်းခင်းသဘင်ပွဲတော်နှင့်ပတ်သက်သည့် သီချင်းကဗျာများ အများအပြား ပေါ်ထွက်ခဲ့ပါသေးသည်။ ထိုတွင် ကွမ်းရေးတော်ကိုင်ဦးယာက ဘိုးတော်မင်းတရားလက်ထက်တွင် သူကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် မြင်းခင်းသဘင်ရှုခင်းကို ဤသို့မှတ်တမ်းတင်ခဲ့သည်။

"သည်တွင်ရတု၊ မြင်း၊ ဆင်၊ ခြေသည် စွယ်ရှည်ဖွေးဖွေးမုန်စွေးစွေးနှင့် ဒိုင်းလေး သေနတ်၊ ပစ်ခတ်ခင်းကျင်း၊ မြင်းလည်းတလျှောက်၊ ဆင်ပေါက်ဦးစီး၊ မှူးကြီးမတ်များ ရွှေသားစိုစို၊ မောက်တို မောက်လူ၊ လှံယူဓားစွဲ၊ လက်ဝဲလက်ျာ၊ တီးပါအတည်၊ မြင်းရှည်မြင်းတို၊ ကိုယ်ကိုဝတ်ဆင်၊ ရွှေဖျင်အင်္ကျီ၊ ပုစွန်ဆီနှင့် နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ စက်တိုင်စက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရှေ့နောက်ဆုတ်ငင်၊



ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲတော်"

## စွမ်းရည်ပြပွဲ

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြင်းခင်းသဘင်ပွဲတော်ကို လွှတ်တော်ရှေ့လေဟာပြင် ကွက်လပ်တွင် ပြုလုပ်သည်။ ထိုသဘင်ကွင်းသည် အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့်ရှိ၏။ ထိုကွင်းထဲတွင် စက်ကွင်း၊ လှံထိုးနေရာ၊ မြင်းရေး ၃၇ ရေးစီးသည့် နေရာ၊ မြင်းရည်တတ်တို့ ဓားခုတ်၊ လှံထိုးသည့်နေရာ၊ ဗလီကစားသည့်နေရာစသည်ဖြင့် သူ့နေရာနှင့်သူရှိသည်။ မြင်းခင်းသဘင်အပြီးတွင် လေးသည်တော်များ၏ လေးပစ်စွမ်းရည်ပြပွဲများ၊ သိုင်း၊ ဗန်တို၊ ဗန်ရှည်စသည့် ကာကွယ်မှုများ၊ ဆင်စစ်သည်များ၏ စွမ်းရည်ပြပွဲများ၊ သေနတ်စစ်သည်တော်များ၏ သေနတ်ပစ်စွမ်းရည်ပြပွဲများစသည်ဖြင့် ထိုကွင်းထဲ၌ပင် တစ်လလုံး ပွဲဆက်မပြတ် ကျင်းပသွားသည်။

## မြင်းရေးပြ

စက်ကွင်းလှံထိုးပြိုင်ပွဲကို ဝင်ရောက်သူများသည် မြင်းနှင့်စိုင်းရင်းပင် စက်ခွက်ကိုထိုးရသည်။ မြင်းကို စိုင်းနှင်သည်ဟု ဆိုသော်လည်း ဒုန်းမစိုင်းရချေ။ ကွင်းတစ်ပတ် လေးဘက်လှလှအသားကျအောင် စီးပြီးမှ စက်ခုံနှင့်အနီးဆုံး ၁၅ တောင်၊ အဝေးဆုံးအတောင် ၆၀ အကွာမှ လှံဖြင့်ပစ်ထိုးရသည်။ ရှေးဦးစွာ ၂၅ တောင်မြင့်သည့် စက်ခွက်ကိုထိုးရသည်။ ကွင်း၏ တစ်ဖက်တွင် မြင်းတော်ခံက စောင့်နေသည်။ မြင်းတော်ခံသည် ပြေး၍မြင်းကိုဇက်သပ်ပေးရသည်။ လှံတော်ထမ်းက လှံတစ်ချောင်းပြီးတစ်ချောင်း ဝင်ဆက်ရသည်။ စက်ခွက်ကိုလှံစွဲနေသည့်အခါတွင် ပရိသတ်၏ ဩဘာပေးသံမှာ တစ်ကွင်းလုံးလျှံသွားတော့သည်။ အရည်အချင်း အတော်အတန်ပြည့်စုံသူသည် ၂၅တောင်အမြင့်ကို ထိုးနိုင်ကြသော်လည်း အတောင် ၄၀ အမြင့်ကို ထိုးရာ၌ကား အခက်အခဲရှိလာသည်။ အမြင့်အတောင် ၆၀ စက်ကွင်းကိုမူ တော်ရုံ၊ တန်ရုံသူရဲကောင်းများ အနားမျှပင် မကပ်နိုင်ကြပါချေ။

## လှံရေးပြ

စက်ကွင်းလှံထိုးပွဲပြီးလျှင်ပြီးခြင်း မြင်းရေး ၃၇ ရေးကိုစီးပြကြရသည်။ မြင်းကိုနိုင်နင်းစွာ စီးတတ်မှသာ တစ်ဖက်ရန်သူနှင့် ယှဉ်ပြိုင်၍စီးခြင်းထိုးနိုင်သည်။ ရှေးအခါက တစ်ဖက်နှင့်တစ်ဖက် လှံကိုလှံချင်း၊ ဓားကို ဓားချင်းခုတ်နိုင်၊ ထိုးနိုင်ရသည်။ မြင်းရေး ၃၇ ရေးကို မင်းသားများ၊ အမတ်များ စီး၍ပြနေချိန်တွင် မြင်းရေး ၃၇ ချင်းဟုခေါ်သောသီချင်းကို စိန်ဆိုင်း၊ မြဆိုင်းများက တီးမှုတ်ဖျော်ဖြေနေကြရ၏။ သီချင်းစီးချက်နှင့်အညီ မြင်းများစီးတန်း၍ ဘုရင့်ရှေ့တော်မှောက်တွင် မြင်းရေးပြကြရသည်။ မြင်းရေးပြပြီးလျှင် စွမ်းရည်ပြပွဲစတင်ပါသည်။ မြင်းကိုဒုန်းစီးလာရင်း ဘုရင့်ရှေ့တော်သို့ရောက်သော် ရှောက်သီးလုံးကို အထက်သို့မြှောက်၍ ပစ်ပေးလိုက်သည်။ ထိုအခါ မြင်းပေါ်ကမင်းသားက ပြေးရင်းပင် လှံဖြင့်ထိုးယူလိုက်သည်။ ယင်းသို့ မင်းသားများကုန်အောင် စွမ်းရည်ပြပြီးသော် မြင်းခြောက်စီးတွဲထွက်လာ၍ မြေပေါ်သို့ ရှောက်သီးလုံးများကို လှိမ့်ပေးလိုက်သည်။ မင်းသားများက မြင်းနှင့်ပြေးနေရင်းပင် ရှောက်သီးလုံးများကို လှံဖြင့်ထိုးယူပြီး အထက်သို့မြှောက်ပစ်လိုက်ရသည်။ အောက်သို့ပြန်ကျလာသော ရှောက်သီးများကိုလှံဖြင့်ခံ၍ စိုက်ဝင်အောင်လုပ်ကြရသည်။ တစ်ခါတစ်ရံ လှံဖျားတွင် ပုတီးစေ့များ သီထားသကဲ့သို့ ရှောက်သီး ၁၀ လုံး၊ ၁၂ လုံးအထိ ရကြသည်။ ထိုသူများကို ဆုပေးတော်မူသည်။

## ဓားရေးပြ

လှံထိုးပြိုင်ပွဲအပြီးတွင် ဓားခုတ်ပြိုင်ကြရသည်။ မြင်းနှင့်ပြေးရင်း ဘုရင့်ရှေ့တော်၌ စိုက်ထားသော ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များကို ဓားဖြင့် ဘယ်ပြန်၊ ညာပြန် တိတိရိရိပြတ်အောင် ခုတ်ကြရသည်။ ပြတ်လုပြတ်ခင် ယိုင်လဲလာသောအပင်များကို နောက်က စီးလာသည့်မြင်းက ဘယ်ပြန်၊ ညာပြန် ခုတ်ပိုင်းလိုက်ရသည်။ ထို့နောက် ရေပြည့်အိုးငယ်များ တင်ထားသော ငှက်ပျောပင်ငုတ်တိုများကို မြင်းနှင့်ပြေးလာရင်း ခုတ်ကြရပြန်သည်။ ငှက်ပျောပင်လည်းမလဲရ၊ ရေအိုးလည်း အောက်သို့မကျရချေ။ ခုတ်ရာကို ကြည့်သည့်အခါ တိတိရိရိပြတ်ပြီး အပင်မလဲ၊ အိုးမမှောက်ဘဲ တည်ရှိနေလျှင် ထူးချွန်သူအဖြစ် ဩဘာပေးခြင်းခံရ၍ ဆုတော်များရကြသည်။ ယင်းကဲ့သို့ မြင်းနှင့်အစွမ်းပြရသည့်ပွဲမျိုးကို မြင်းခင်းသဘင်ပွဲဟု ခေါ်သည်။

## လေးစွမ်းပြ

ဆက်လက်၍ လေးသည်တော်များက အစွမ်းပြကြရပါသည်။ လေးသည်တော်များသည် ဘုရင်၏ရှေ့တွင် လေးကို အမျိုးမျိုးပစ်ပြကြရသည်။ မိမိတို့၏ သားသမီးများ၏ ခေါင်းပေါ်တွင် သံပရာသီးကိုတင်ထားပြီး မှန်အောင်ပစ်ကြရသည်။ မြင်းမြီးဖြင့် တွဲလောင်းချည်ထားသော သံပရာသီးကို လှုပ်ပေးပြီး အဝေးမှပစ်ရသည်။ မြင်းမြီးကိုလည်း နှစ်ခြမ်းကွဲသွားအောင်ပစ်ရသည်။ လောက်လေး၊ ဒူးလေးနှစ်မျိုးစလုံးကိုပင် ပြိုင်ကြရသည်။ ကလေးထိပ်ပေါ်ရှိ သံပရာသီးကို လောက်လေးဖြင့်ပစ်သည့်အခါ လောက်စာလုံးဖြင့်ပစ်ရသည် မဟုတ်။ မာကျစ်နေအောင်လုံးထားသော အဝတ်လုံးကလေးများဖြင့် ပစ်ရသည်။ ဒူးလေးဖြင့်ပစ်ရာ၌ မြင်းမြီးဖျားနှစ်ခြမ်း ကွဲအောင်ပစ်နိုင်မှသာ ဆုတော်ရသည်။ အပေါ်သို့ မြှောက်ပေးလိုက်သည့် သံပရာသီးကိုလည်း လောက်လေးဖြင့်ဖြစ်စေ၊ ဒူးလေးဖြင့်ဖြစ်စေမှန်အောင်ပစ်ရသည်။ ထို့နောက် အလွန်ထက်သည့် ဓားကို နံရံ၌အသွားလှဲ့ထောင်ထား၍ ဓားသွားကို သံပရာသီးဖြင့် ပစ်ရသည်။ ကွဲသွားသော သံပရာနှစ်ခြမ်းကို ကွဲချက်ညီမညီ ချိန်ခွင်တွင် ချိန်ကြည့်ရသည်။ အလယ်တည့်တည့်နှစ်ခြမ်းကွဲသွားလျှင် ဆုရသည်။

## ကူလီရိုက်

လေးစွမ်းပြပွဲပြီးလျှင် ယခုခေတ် ပိုလိုရိုက်ကစားနည်းဟုခေါ်သော ဗလီခတ်ကစားနည်းမျိုးကို ယှဉ်ပြိုင်ကစားကြရသည်။ ဤကစားနည်းသည် အင်းဝခေတ်တွင်ပေါ်လာ၍ တောင်ငူခေတ်တွင် ပြန့်ပွားလာသည်။ နတ်သျှင်နောင်သည်ပင် ဤကစားနည်းမျိုးကို ရတုဖွဲ့ထားခဲ့သေးသည်။ ထိုကစားနည်းကို ကူလီရိုက်ကစားနည်းဟုလည်း ခေါ်ကြသည်။ သရက်မြစ်ဆုံတစ်ခုကို လုံနေအောင် ပွတ်တင်၍ ကူလီသီးအဖြစ် အသုံးပြုကြသည်။ ထိုကူလီသီးကို ထုံးဖြူရည်တွင်စိမ်ရသည်။ အသားမာသော သစ်သားတံကို ကူလီတံပြုလုပ်၍ အတံထိပ်တွင် ကြေးဝါကောက်တံ ဘုလုံးတစ်ခုကို စွပ်ရသည်။ ထိုအတံဖြင့် တစ်ဖက်နှင့်တစ်ဖက် ကူလီသီးကိုလှိမ့်၍ ယူသွားသည်။ တစ်ဖက်ကလည်း ထိုအသီးကို မိမိဘက်ပါအောင်လုယူသည်။ အချို့က ကွင်းပြုလုပ်၍ကစားကြသော်လည်း အချို့က ကွင်းမပြုလုပ်ဘဲ မြေပြင်ရှိရာ ချိုင့်ဝှမ်းကုန်းမြောင်များကိုဖြတ်၍ ကစားသည်။ တစ်ခါတစ်ရံ ရိုက်ရင်း၊ ရိုက်ရင်း ၁၀ မိုင်ခရီးခန့် ရောက်သွားသည်။ ဤကစားနည်းမျိုးသည် စစ်ရေးစစ်ရာအတွက် မြင်းနှင့်ကျင့်သားရအောင် ပြုပေးခြင်းပင်ဖြစ်သည်။ မြင်းပေါ်မှ ရိုက်ကစားနည်းမျိုးဖြစ်၍ လျင်မြန်ဖျတ်လတ်ခြင်း၊ မြင်းစီးကျွမ်းကျင်ခြင်း အကျိုးတို့ကို ရသည်။

## သေနတ်ပစ်

ဗလီခတ်ကစားပွဲပြီးလျှင် သေနတ်ပစ်ပွဲကို ကျင်းပသည်။ သေနတ်ကိုင်တပ်သားများသည် သေနတ်ကိုယ်စီကိုင်၍ ထွက်လာပြီးလျှင် အဝေးရှိစက်ခွက်ကိုပစ်ကြရသည်။ အကွာအဝေးမှာ အမျိုးမျိုးဖြစ်သည်။ စက်ကွင်းကိုမလွဲအောင် ပစ်နိုင်သူများသာ ဆုရကြသည်။ အတောင်တစ်ရာ၊ နှစ်ရာအကွာ အဝေးရှိနေရာတွင် ဘူးသီးကိုတင်ထား၍ ပစ်ရခြင်း၊ ဒင်္ဂါးကိုထောင်ထား၍ ပစ်ရခြင်းမျိုးလည်းရှိသည်။

## ဆင်ချင်းတိုက်

ဆင်ခင်းပွဲကို ပြာသိုလနောက်ပိုင်းတွင် ကျင်းပသည်။ နန်းတော်တွင် တိုက်ဆင်များနှင့် စီးတော်ဆင်များဟူ၍ ခွဲခြားထားသည်။ တိုက်ဆင်များကို ယတြာရဆင်ဟုခေါ်သည်။ ယတြာရဆင်ရွေးပုံမှာ ဆင်အကောင် ၁၀၀ ခန့်ကို တောစပ်သို့ခေါ်သွား၍ လွှတ်ထားသည်။ ထို့နောက် ဆင်များမမြင်နိုင်သော ချုံကွယ်များမှ ဒိုင်းသံ၊ ကာသံ၊ သံပုံးသံနှင့် သေနတ်မီးပေါက်သံများကို ထိတ်လန့်အောင် အမှတ်တမဲ့ ပြုလုပ်ကြရသည်။ ဤသို့အသံများပြု၍ မလန့်သည့်ဆင်များကို ရွေးထုတ်ကြရသည်။ ထို့နောက် ဆင်များကို တောတွင်းသို့ ခေါ်ဆောင်သွား၍ တောစပ်မှထွက်လာသော တကယ့်ကျားနှင့် တွေ့ဟန်ပြုလုပ်ကြရသည်။ ကျားရုပ်ကိုတူအောင်လုပ်၍ ကျားရေသွေးပြီး ကျားနံ့ရအောင် ပက်ဖျန်းထားရသည်။ ကျားရုပ်နှင့်ရင်ဆိုင်ရုတ်တရက်တွေ့၍ မပြေးဘဲ ခုခံရန်မူနေသည့်ဆင်ကိုသာ ယတြာရဆင်အဖြစ် ရွေးကြသည်။ တစ်ခါတစ်ရံ တစ်ကောင်နှင့်တစ်ကောင် မမှတ်မိအောင် ဟင်္သပြဒါးများ သုတ်လိမ်းပေးသည်။ ထိုအခါ တစ်ကောင်နှင့်တစ်ကောင် ရန်သူမှတ်၍ အစွယ်ယှက်ထိုးကြသည်။ ဤသို့ ဆင်ချင်းတိုက်၍ အနိုင်ရသော ဆင်မျိုးကို ဘွဲ့အမည်ပေး၍ စစ်ပွဲအတွက်အသုံးပြုကြသည်။

ထို့ကြောင့် ပြာသိုလသည် မြန်မာ့တပ်မတော်သားများနှင့် သာ၍သက်ဆိုင်သော လဖြစ်သည်။ တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများကို အဆက်မပြတ်မွေးထုတ်ပေးခဲ့သည့်လဖြစ်ကြောင်း မှတ်တမ်းတင်ရေးသားလိုက်ရပါသည်။ ။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

( ခ ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ)။

(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်)။

(၃) **ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု/အနုပညာ)များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၄) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ)။

(၅) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(၆) **ဥပဒေဘွဲ့**

(၇) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ ဝါဏိဇ္ဇ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ)။ စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ၊ အသုံးချစာရင်းအင်းပညာ၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)။

(၈) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ ဗိသုကာ)။

(၉) **တိရစ္ဆာန်ဆေးပညာဘွဲ့**

( င ) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

( စ ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၄-၁-၂၀၁၇ရက်တွင် ကျရောက်သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ ချီးမြှင့်ခြင်းခံရသော ကျိုက်လတ်မြို့နေ ဝင်းမေတ္တာ စက်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းမှ **သုဓမ္မသိင်္ဂီဘွဲ့**ရရှိသော **ဒေါ်ဝင်းစိန်** ခင်မင်လေးစားရပါသော အစ်မကြီး **ဒေါ်ဝင်းစိန် သုဓမ္မသိင်္ဂီဘွဲ့** ရရှိခြင်းအား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါသည်။ အစ်မကြီး ဒီထက်မက လျှူနိုင်တန်းနိုင်၊ ကျန်းမာချမ်းသာစွာနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ။

Dr.မောင်ဦးနီ (ဓမ္မမောဠိဝိဟာရ၊ သီလရှင်စာသင်တိုက်၊ ဓမ္မမောဠိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓစာပေ၊ သင်ကြားရေးဌာန၊ မင်းဓမ္မလမ်း၊ မရမ်းကုန်း၊ ရန်ကုန်)
မကျင်သန်း (ရွှေဒေါင်းဆန်စက်၊ ကျိုက်လတ်မြို့)
သုဓမ္မသိင်္ဂီမစန်းစန်းဦး(ဘုတ်ဆုံမငရုတ်သီးမှုန့်၊ ရန်ကုန်မြို့)
မနွယ်နွယ်ငွေ(မုံရွာဘုတ်ဆုံစတီးပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်မြို့)
မစန်းစန်းအေး (မုံရွာဘုတ်ဆုံ အိန္ဒိယပစ္စည်းနှင့် စတီးပစ္စည်းရောင်းဝယ်ရေး ၊ မုံရွာမြို့)
မကေသီ၊ မဒေဝီ(စိန်ရတနာရောင်းဝယ်ရေးနှင့် ဘုရင့်ရုပ်ရှင်ရုံ၊ မော်လမြိုင်မြို့)
ကိုထွန်းဝေ-မသန်းသန်းအေး(ဝါဝါထွန်းဝေရွှေဆိုင်၊ ရန်ကုန်မြို့)
ကိုစန်းတင့်-မမာလာလှ (လှမင်းမိုးစားသောက်ဆိုင်-ဘုရင့်ရုပ်ရှင်ရုံမိသားစု၊ မော်လမြိုင်မြို့)
ကိုပေါက်-မစန်းစန်းငွေ (မခမောင် အိန္ဒိယပစ္စည်းရောင်းဝယ်ရေး၊ မုံရွာမြို့)
ကိုအီးကျူး-မလှဲ့လှဲ့ဝင်း (EIQUE Car Group မုံရွာမြို့)
ကိုအောင်ချစ်ခင်-သုဓမ္မသိင်္ဂီမဖြူဖြူစိမ်း (MD,CHO CHO PHYU Industrial & Manufacturing Co.,Ltd.SPIKE ရန်ကုန်မြို့)
ကိုသက်လွင်-မမိုးမိုးခိုင်(KHITT Silk & Gift ဗိုလ်ချုပ်အောင်ဆန်းဈေး၊

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၄-၁-၂၀၁၇ရက်တွင် ကျရောက်သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ကျိုက်လတ်မြို့နေ ဝင်းမေတ္တာစက်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းမှ **သုဓမ္မသိင်္ဂီဘွဲ့** ရရှိသော **မိခင်ကြီးဒေါ်ဝင်းစိန်** ဘဝတစ်လျှောက်လုံး အလှူရေစက်လက်နဲ့မကွာရှိသည့် သားသမီးများနှင့် ဆွေမျိုးမိတ်သဟာအပေါ် ပေးကမ်းချီးမြှင့်တတ်သော၊ စောင့်ရှောက်တတ်သော ကျေးဇူးရှင် **မိခင်ကြီး သုဓမ္မသိင်္ဂီဒေါ်ဝင်းစိန်** သားသမီးများ၊ တူ၊ တူမများမှ လှိုက်လှိုက်လှဲလှဲဂုဏ်ယူပါသည်။

**ကိုကြည်မြင့်-မသဥ္ဇာမြင့်**

**သား မောင်ဖြိုးပြည့်ကျော်၊ သမီး မမသီရိ၊ ပပသီရိ (ဝင်းမေတ္တာ အိမ်ဆောက်ပစ္စည်းနှင့် စက်ပစ္စည်း ရောင်းဝယ်ရေး၊ ကျိုက်လတ်မြို့)**

**ကိုဇော်လင်းထွန်း-မသဥ္ဇာဝင့်**

**သား မောင်ဟိန်းအုပ်စိုး (သိဒ္ဓိအောင် ဆန်စက်၊ ကျိုက်လတ်မြို့)**

**ကိုဇော်သူရ (ဝင်းမေတ္တာ၊ ကျိုက်လတ်မြို့)**

**ကိုဝေယံပိုင်မြင့်-မသဥ္ဇာဆွေ (စိန်ရတနာလှိုင် ရေယာဉ် Group ကျိုက်လတ်မြို့)**

**ကိုတင်ကျော်လင်း-မမီမီအောင်**

**သား မောင်စွမ်းထက်လင်း-မဇာလီဖြူ**

**မြေး မောင်စွမ်းသန့်စင် (ဝင်းမေတ္တာဓာတ်ဆားနှင့် စက်သုံးဆီရောင်းဝယ်ရေး၊ ကျိုက်လတ်မြို့)**

**ကိုနေလင်းထွန်း-မကျော့ကျော့အောင်**

**သား မောင်သန့်စည်သူထွန်း၊ မောင်စစ်ဘုန်း(ရွှေရည်လျှံရွှေဆိုင်၊ ကျိုက်လတ်မြို့)**

**ကိုဇေယျာအောင်-မခိုင်ဇင်ဦး (ရွှေအိုးကြီး အလှကုန်ဆိုင်၊ ကျိုက်လတ်မြို့)**




Yaung Chi Thit Lin Moving Service Co.,Ltd
YCT
ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/မြို့သစ်တောင်ရပ်၊ ဦးပိုင်အမှတ်(၃၂၊ ၃၃)၊ ဧရိယာ(၀. ၁၀၂) ဧကရှိ ဒေါ်ဂွမ်းယုံ အမည်ပေါက် မြေကွက်အား ဒေါ်ဖြူဖြူခိုင်၊ ဒေါ်ရီ နိုင်ငံသား စိစစ်ရေးအမှတ်-[၉/လဝန(နိုင်)၀၄၈၉၆၄]၊ [၁၂/လသန(နိုင်)၀၀၅၃၉၁]၊ အဖအမည် ဦးလှဘော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကွန်ဒိုတိုက်ခန်းငှားမည်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ (ပ) ထပ်၊ ၁၈၅၀ Sqft၊ MB ၁ခန်း၊ အိပ်ခန်း(၂)ခန်း၊ မီးဖို၊ စတိုး၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ Air Con ၄လုံး၊ ကြိုးဖုန်း ၁လုံး၊ ပြင်ဆင်ပြီး ညှိနှိုင်းဈေး။
Ph-09-450015794, 09-261555066

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


Social
Pack
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday




Western Park Ruby Restaurant ဆိုင်သစ်ကို
ပြည်သူ့ရင်ပြင်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၌
၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက် (၁၁-၁-၂၀၁၇) မှ စတင်၍ ဖွင့်လှစ်လိုက်ပါပြီ။

- Western Park Ruby Restaurant ၏ လူသိများ ထင်ရှားပြီးသော ဟင်းလျာများ
- Chinese Chef ၏ Chinese Cuisine တရုတ်ဟင်းလျာများ
- Thai Chef ၏ Thai Cuisine ယိုးဒယားဟင်းလျာများ
- Western Park Ruby Restaurant ဝန်ထမ်းလေးများ၏ ညှို့ဝတ်ကျေပွန်သောဝန်ဆောင်မှု
- အရသာ အရည်အသွေးအပြင် စားသုံးသူအတွက် ဘေးကင်းလုံခြုံစေသော ချက်ပြုတ်ပြင်ဆင်မှုများ (Both Food Quality & Safety)
- ညှို့ခံပွဲများအတွက် ကျယ်ဝန်းသော မြက်ခင်းပြင်
- မိသားစု၊ မိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များအား ညှို့ခံရန်အတွက် သီးသန့်အထူးခန်းများနှင့်အတူ

မိတ်ဟောင်း မိတ်သစ်အပေါင်းတို့အား အသိပေးဖိတ်ခေါ်အပ်ပါသည်။

Ph: 09 444437223, 09 444437224, 09 444437225, 09 444437226

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး(မြင်းခြံမြို့)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန**
**အသက် (၈၃)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးခင်မောင်ရီနှင့် ဇနီး ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူသည် ၉-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး(မြင်းခြံမြို့) (၈၃)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် ဇနီး ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူသည် ၉-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောဂျွန်ရွှေဘ-ဒေါ်နော်ဂျူးနေခိုင်**
**ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရှုအင် (၇၅)နှစ်
(Chairman)
Tiger Shark Co.,Ltd.,TZK Co.,Ltd.&
Victoria Cliff Hotel & Resort
**ဝင်းဝင်းပွဲရုံ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၃၈)နှင့် စမ်းချောင်းမြို့နယ်၊ သိရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၉၊ ၁၅)နေ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ရှယ်ယာရှင် ဦးခင်မောင်ဝင်း(ခ)ဦးစိန်ကား-ဒေါ်ရှုပိုတို့၏ မိခင် ဒေါ်ရှုအင်သည် ၇-၁-၂၀၁၇(စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်**

## (၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ဒေါက်တာအေးအေးရီ(ကမာဝက်)
### (၁၁-၁-၂၀၀၉)-(၁၁-၁-၂၀၁၇)
**"ညီမလေး" "မေချစ်"**

ပျော်ရွှင်မှု၊ သာယာမှု အပေါင်းနဲ့ ပြည့်စုံတဲ့ မိသားစုဘဝလေးထဲက ထာဝရ ထွက်ခွာသွားတာ ၁၁-၁-၂၀၁၇ရက်ဆိုရင် (၈)နှစ်ပြည့်ခဲ့ပေမယ့် အတူတကွ လက်တွဲခဲ့ကြတဲ့ မိသားစုဘဝရဲ့ ချစ်ခင်ကြင်နာမှု၊ ပျော်ရွှင်မှု၊ သိတတ်ယုယ ချစ်ခင်တတ်မှုတွေကို တစ်သက်လုံး ထာဝရသတိရနေမှာပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအဝဝကို မြင့်မြတ်တဲ့ ဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုပြီး အေးချမ်းမှုအပေါင်းနဲ့ ပြည့်စုံပါစေ။

**ကိုကို၊ ရဲရဲ၊ ပြည့်ပြည့်**
**နှစ်ဖက်မိဘ၊ မောင်နှမ၊ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင်(ထားဝယ်) (၉၃)နှစ်
**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**
**မြတ်နိုးသူကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး
**အသက် (၈၃)နှစ်**

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး
**အသက် (၈၃)နှစ်**

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဌေးအောင်-ဒေါ်အေးအေး**
**ညွှန်ကြားရေးမှူးချုပ်**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး
**အသက် (၈၃)နှစ်**

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာညီညီကျော်-ဒေါ်ခင်သန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး(မြင်းခြံမြို့)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန**
**အသက် (၈၃) နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏ မိခင်ဖြစ်သူသည် ၉-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများအတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ထွဋ်-Dr.ဒေါ်သက်သက်ဇင်**

## ဒေါ်ရင်မေ (၇၅)နှစ်
**စီးကရက်စက်ရုံ(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချို(၂)လမ်း၊ အမှတ်(၉၈၀)နေ (ဦးသိန်းဟန်-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးမောင်ပု-ဒေါ်ဖွားမေ)တို့၏သမီးချွေးမ၊ [ဦးခင်မောင် (ဒိုင်းမွန်းအချိုရည်စက်ရုံ-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ မမော်မော်ခင်၊ (ကိုအောင်ဇော်ခင်)၊ ကိုကျော်စွာအောင် (ခေတ္တ-စင်ကာပူ)၊ မကေသီခင်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး၊ မခိုင်ဆုဝေ (Third Year Honours Biochemistry)၊ မောင်ခန့်မင်းထက် (ဆဋ္ဌမတန်း၊ အထက-၂၊ ဒဂုံမြောက်)တို့၏ ချစ်လှစွာသောအဘွား ဒေါ်ရင်မေသည် ၉-၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရဲမြင့်အောင် (၅၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၆၃/၁၆၉)၊ မဟာဗန္ဓုလလမ်းနေ (ဦးစံဝင်း-ဒေါ်မြင့်မြင့်သန်း)တို့၏ သားကြီး၊ ဦးမျိုးသာ-ဒေါ်မြမြအေး၊ ဦးအောင်သင်း-ဒေါ်အေးအေးသိန်းတို့၏မောင်၊ ဦးမျိုးမြင့်အောင်၊ ဦးထွန်းထွန်းဆွေ-ဒေါ်မိုးမိုးမြင့်တို့၏ အစ်ကို၊ ကိုရဲဟိန်း- Joyce Lyn၊ မနေဝါပွင့်အောင်၊ ကိုဇင်သူအောင်- Felicia၊ ကိုစည်သူအောင်-မခင်မျိုးအေး၊ ကိုနိုင်ထူးအောင်၊ မနှင်းလဲ့ဖြူအောင်၊ မအေးသဥ္ဇာထွန်း၊ မရွှေစင်ထွန်း၊ မချောစုလွင်အောင်၊ မဝင်းလဲ့ထွန်းတို့၏ ဦးလေး၊ Jerry၊ Oliver တို့၏ ဖိုးလေးသည် ၈-၁-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်ဝင်း (၇၁)နှစ် (ဗိုလ်ချုပ်အောင်ဆန်းဈေး)
**U.C.H.S ကူရှင်-ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ခြံအမှတ်(၁၀၈)နေ (အစစ်ရတနာဦးမြသောင်း-ဒေါ်သန်းမြင့်)တို့၏သား၊ ဒေါ်ခင်စန်းကြည် (သူနာပြုအုပ်ကြီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ကြီး-ဒေါ်အေးအေးဝင်းတို့၏ညီ၊ ဦးဝင်းအောင်(မေရီခိုင်သစ်ခွခြံ)၊ (ဒေါ်ခင်သောင်းမြင့်)၊ ဒေါ်မြင့်မြင့်သောင်း-ဦးဌေးလွင်၊ ဒေါ်မေရီသောင်း-ဦးဝင်းကြိုင်တို့၏ချစ်လှစွာသောအစ်ကို၊ မောင်မြဝင်း-မသီရိထွန်း၊ မောင်လှဝင်း-မခင်ကေခိုင်မိုးဆန်း၊ မောင်စောအောင်ဝင်း-မသင်သင်နှင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမလေးယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်ဝင်းသည် ၉-၁-၂၀၁၇(တနင်္လာနေ့) နံနက် ၂း၁၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းထွေး(ခ)ဖိုးတုတ်(မြိတ်) (၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးစောဖေ-ဒေါ်ကြင်မြိုင်)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးကျော်ထွန်း)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဟိုပုံးမြို့နေ ဒေါ်အေးအေးသီ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇော်နိုင်ထူး-ဒေါ်သပြေနုနု(CB BANK)၊ မဟေမာမြတ်သူတို့၏ဖခင်၊ မအိချယ်ရီနိုင်၏အဘိုး၊ (ဒေါက်တာစိုးမောင်)-ဒေါ်တင်တင်ဝင်းရှိန်၊ ဦးဖေသန်း-ဒေါ်ယုတင်၊ ဒေါက်တာဖေဝင်း-ဒေါ်တင်တင်အုန်း၊ ဦးသန်းဇော်-ဒေါ်တင်တင်ဌေး၊ ဒေါ်ရီရီဌေး၊ ဒေါက်တာကျော်ဆန်း-ဒေါ်မာလာဆွေတို့၏ညီ/မောင်၊ ဦးဝင်းထိန်-ဒေါ်အေးအေးယုတို့၏အစ်ကိုသည် ၉-၁-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် အမှတ်(၁၂/B)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းနေအိမ်မှ ရေဝေးသုသာန်သို့ ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သိန်း (ခ) ဦးဘပု (၆၂)နှစ်
**လောကနတ် နိဗ္ဗာန်ကုန်တိုက်၊ ဗဟန်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ်(၄၄)နေ (ဦးရှိန်)-ဒေါ်ခင်ရွှေတို့၏သား၊ ဒေါ်အေးအေးစီ၏ခင်ပွန်း၊ မောင်တိုင်းတာမွှေး၊ ကိုဝဏ္ဏ-မသင်းကြူမွှေးတို့၏ဖခင်၊ မရွှေယွန်းသာ၊ မနှိုင်းယွန်းသာတို့၏အဘိုး၊ ဒေါ်ခင်ကြည်၊ (ဦးစိန်လှိုင်)၊ ဒေါ်ဝင်းကြည်၊ ဦးသိန်းအောင်တို့၏ညီ/မောင်သည် ၉-၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၀၀း၀၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မြင့်
**အသက် (၇၇) နှစ်**

အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ)၊ ဗိုလ်မှူးချုပ်ချစ်ဆွေ-ဒေါ်နီနီအောင်တို့၏ဖခင် ဦးအောင်မြင့် (ဒုတိယရဲမှူးကြီး-ငြိမ်း) အသက် (၇၇)နှစ်သည် ၈-၁-၂၀၁၇ ရက်နေ့ နံနက် ၇း၄၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးဦးအောင်လင်းနှင့်သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ရှုအင်(၇၅)နှစ်
**(Chairman)**
**Tiger Shark Co.,Ltd,TZK Co.,Ltd & Victoria Cliff Hotel & Resort.**
### ဝင်းဝင်းပွဲရုံ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၃၈)နှင့် စမ်းချောင်းမြို့နယ်၊ သိရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၉၊ ၁၅)နေ [ဦးမောင်သန်း(ခ)ခေါ်ဘွန်တန်]၏ ချစ်လှစွာသောဇနီး၊ ဦးသန်းစိုး-ဒေါ်ယုယုနွယ်၊ ဦးဇော်ဝင်း၊ ဦးခင်မောင်ဝင်း(ခ)ဦးစိန်ကား-ဒေါ်ရှုပို၊ ဒေါ်ဥမ္မာဝင်း-ဒေါက်တာခင်မောင်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မဖူးပွင့်သင်း၊ မောင်ဝေဖြိုးလင်း၊ မောင်အောင်ကျော်ဝင်း၊ မောင်ဇွဲမျိုးအောင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်ဇွဲရန်ပိုင်ဝင်း၊ မသဲသဥ္ဇာဝင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်ရှုအင်သည် ၇-၁-၂၀၁၇ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၉၊ ၁၅)၊ ခေမာလမ်း၊ သိရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်ငြိမ်းယဉ်(သံတွဲ) (၈၅)နှစ်
**အထက-၁၊ ဆရာမ(ငြိမ်း)၊ ပြည်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ၁၈/၆/ခ/၃ နေ (ဦးသာဗျော-ဒေါ်အေးချို)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ မင်းကန်မြို့နေ ဒေါက်တာဆလိုင်းအောင်သိုက်၏ဇနီး၊ ဆလိုင်းမိုးအောင်-နန်းခင်ထွေး (ခေတ္တ-ဩစတေးလျ)၊ မိုင်ယဉ်ယဉ်အောင်၊ ဆရာဆလိုင်းသင်းအောင်-မိုင်ဟဲလင်တင်တို့၏ချစ်လှစွာသောမိခင် (ဦးစောဝင်း)၊ (ဒေါ်ငြိမ်းမြ)၊ ဒေါ်ချစ်၊ ဒေါ်ငြိမ်းခင်၊ (ဦးမောင်မောင်)၊ (ဦးစံဝင်း)၊ ဒေါ်ခင်ထွေးတို့၏ ညီမ/အစ်မ၊ Samuel Aung၊ မိုင်ခွန်ဇီလွီတို့၏ အဘွားသည် ၉-၁-၂၀၁၇(တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
### ဦးလှသောင်း
**သက်ကြီးကန်တော့ခံ**
**အသက် (၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရာဇကုမ္မာလမ်း၊ အမှတ် (၅၇၃)နေ (ဒေါ်သန်းရီ)၏ ခင်ပွန်းသည် ၇-၁-၂၀၁၇ (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### မယ်တော်ကြီး ဒေါ်ပု
**(ဝါးခယ်မ)**
**အသက် (၁၀၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ လိပ်ပြာကန်တိုက်၊ ကြာနီကန်ကျောင်းနေ ဦးထွန်းလင်း-ဒေါ်မယ်ယုံတို့၏ သမီး၊ (ဦးဘကျော်)၏ ဇနီး၊ ဦးဌေးအောင်-ဒေါ်ခင်ဆွေဦး၊ ကြာနီကန်ကျောင်း ဆရာတော် ဦးရေဝတ၊ ဦးဌေးဝင်း-ဒေါ်စန်းမြင့်၊ ဦးမြသိန်း - ဒေါ်ကြည်ကြည်အုန်း၊ ဦးထိန်ဝင်း-ဒေါ်သီသီစွမ်တို့၏ မိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၃၁ ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီး မယ်တော်ကြီး ဒေါ်ပုသည် ၉-၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ (ကြာနီကန်ကျောင်းမှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ထားဝယ်အသင်း
### ဒေါ်လင်းရှိန်(ထားဝယ်)(၈၂) နှစ်
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၇)၊ အခန်း(၅)နေ အသင်းဝင်အမှတ် (၅၈၅၁) ဒေါ်လင်းရှိန်သည် ၅-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊
ထားဝယ်အသင်း

# လာမည့်လေးနှစ်အတွင်း လူငယ်များအတွက် အလုပ်အကိုင်နေရာ တစ်သန်းလိုအပ်မည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

အသစ်ထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာ့လူဦးရေတွင် လူငယ်အများစုဖြစ်နေကြပြီး လာမည့်လေးနှစ်တာကာလအတွင်း လူငယ်များအတွက် အလုပ်အကိုင်နေရာပေါင်း တစ်သန်းလိုအပ်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)က ဇန်နဝါရီ၁၀ ရက်တွင် ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်အရသိရသည်။

အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိလူဦးရေသည် အခြားသောလူဦးရေအမျိုးအစားများ (အလုပ် လုပ်ကိုင်နိုင်သောအရွယ်ထက်ကြီးရင့်သူ/ငယ်သူ) ထက်များပြားနေခြင်းသည် ထူးခြားသော အခြေအနေ အခွင့်အလမ်းတစ်ရပ်ကို ဖြစ်ပေါ်စေသော်လည်း အာရှကျားတစ်ကောင်ဖြစ်လာရန်မှာ နိုင်ငံတစ်နိုင်ငံ၏ မွေးဖွားနှုန်းနှင့်သေဆုံးနှုန်းများ အများအပြား လျော့ကျသွားရန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေပြောင်းလဲမှုသည် ပို၍ဖြည်းညင်းစွာ ပြောင်းလဲလျက်ရှိပြီး အသစ်ထွက်ရှိလာသောလူဦးရေ ကြိုတင်ခန့်မှန်းတွက်ချက်မှုများအရ လာမည့် ၃၅ နှစ်အတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေ ၁၀၀ လျှင် ကလေးသူငယ်များနှင့် အသက်အရွယ်ကြီးရင့်သူများပါဝင်သော မှီခိုသူဦးရေ ၅၂ ဒသမ ၅ ဦး အချိုးအစားဖြင့် ရှိနေမည်ဖြစ်ကြောင်းနှင့် ထိုင်း၊ စင်ကာပူနှင့် တရုတ်နိုင်ငံများတွင်မူ အလုပ်လုပ်ကိုင်သူ ၁၀၀ လျှင်မှီခိုသူဦးရေ ၄၀ နှုန်းအောက်ရှိနေကြောင်းလည်းသိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၃

## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ရှောင်မိသားစုများအား မစ္စ ရန်ဟီလီနှင့်အဖွဲ့ တွေ့ဆုံ

စာမျက်နှာ - ၃



MNL All Star အသင်း၌ ရွေးချယ်ခံရသည့် ကျော်ကိုကို

# MNL All Star အသင်းနှင့် ထိုင်းကလပ် ဘူရီရမ်အသင်း ခြေစမ်းမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနေရှင်နယ်လိဂ် (MNL) All Star အသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ဘူရီရမ်အသင်းတို့သည် ရန်ပုံငွေခြေစမ်းပွဲအဖြစ် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေခြေစမ်းပွဲကို ဇန်နဝါရီ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး MNL All Star အသင်းကို နည်းပြချုပ်အဖြစ် ရီနေး(ရတနာပုံ)က ကိုင်တွယ်မည်ဖြစ်သည်။ MNL All Star အသင်းတွင် နည်းပြချုပ် ရီနေး(ရတနာပုံ)၊ လက်ထောက်နည်းပြများအဖြစ် ဦးမင်းထွန်းလင်း(ချင်းယူနိုက်တက်)၊ ဦးမြင့်ကို(ရတနာပုံ)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်(မကွေး)၊ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင် (Southern)၊ မျိုးမင်းလတ်(ရှမ်းယူနိုက်တက်)၊ နောက်တန်း-ဝီလျံ၊ သိန်းသန်းဝင်း၊စည်သူအောင်(ရတနာပုံ)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ ပိုကာလူး(ရန်ကုန်)၊ ကျော်ဇင်လွင် (မကွေး) အလယ်တန်း-ရန်နိုင်ဦး၊ တင်ဝင်းအောင်၊ မက်ဆီမင်(ရှမ်းယူနိုက်တက်)၊ ရန်ပိုင်၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်အောင်ကျော်(ရန်ကုန်)၊ ဆောင်လမန်(ချင်း)၊ ရှေ့တန်း - ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ခရစ္စတိုဖာ(ရှမ်းယူနိုက်တက်)၊ မောင်မောင်လွင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။ MNL All Star အသင်းဖွဲ့စည်းရာတွင် လက်ရွေးစင်ကစားသမားများဖြစ်သည့် နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ရဲကိုဦးတို့ ပါဝင်လာခြင်းမရှိပေ။ ထို့ပြင် ၂၀၁၆ ရာသီတွင် ရှမ်းယူနိုက်တက်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရခဲ့သည့် သီဟစည်သူ ရွေးချယ်ခြင်းမခံရဘဲ အရန်ဂိုးသမား မျိုးမင်းလတ်ကို ရွေးချယ်ခဲ့သည်။ MNL All Star အသင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

ထိုင်းပရီမီယာလိဂ်ကလပ် ဘူရီရမ်ယူနိုက်တက်အသင်းသည် ရတနာပုံအသင်းယှဉ်ပြိုင်ခဲ့သော ၂၀၁၆ တိုယိုတာ မဲခေါင်ဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ထိုင်းလက်ရွေးစင်ကစားသမားအချို့ပါဝင်ကစားလျက်ရှိသည်။ ဘူရီရမ်အသင်းသည် ရာသီကြိုပြင်ဆင်မှုအဖြစ် အာဆီယံကလပ်အသင်းများနှင့် ရန်ပုံငွေခြေစမ်းပွဲများကစားလျက်ရှိသည်။ ယခုခြေစမ်းပွဲမှ ရရှိသည့် ကွင်းဝင်ကြေးများကို ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကျောင်းဆောင်သစ်တည်ဆောက်ရန် လှူဒါန်းမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



# မောတောင်ဒေသ၌ တောင်ကျချောင်းရေ ရုတ်တရက်ကြီးမြင့်လာ၍ မိသားစုအချို့ပြောင်းရွှေ့နေရ

**မောတောင် ဇန်နဝါရီ ၁၀**

တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု မောတောင်ဒေသ အမှတ်(၉)ကျေးရွာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ ရုတ်တရက်ကြီးမြင့်လာသဖြင့် ဇန်နဝါရီ ၉ ရက် ည ၉ နာရီခန့်က ၎င်းကျေးရွာအတွင်းရှိ လူနေတဲအိမ်ရှစ်လုံး ရေနစ်မြုပ်ခဲ့ပြီး လူနေတဲအိမ်သုံးလုံးရေစီးထဲသို့ မျောပါဆုံးရှုံးခဲ့သဖြင့် ၎င်းရေဘေးဒုက္ခသည် အိမ်ထောင်စု သုံးစုမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၁၁ ဦးတို့အား အမှတ်(၉) ကျေးရွာဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ရေနစ်မြုပ်အိမ်ထောင်စု ရှစ်စုမှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၀ တို့ကို အမှတ် (၈)ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ အမှတ်(၉)ကျေးရွာမှ အိမ်ထောင်စု ၁၁ စုတို့မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၅ ဦး ပေါင်း ၄၉ ဦးတို့အား နီးစပ်ရာဘုန်းတော်ကြီးကျောင်း

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့**



# စမ်းချောင်းမြေ (၂) ဧကသန့် ပေါ်တွင် တည်ဆောက်ထားသော

# SGR ကွန်ဒို

## ViEW ကောင်းသော 33 ခန်းရောင်းမည်



DEVELOPED BY
SANCHAUNG GARDEN
DEVELOPMENT GROUP

ဦးဆုံး(10)ခန်းကို
ပါကေး & AIR-CON
လက်ဆောင်

AFTER KEY
# လစဉ် 10 သိန်း
# လ 100 ငွေချေစနစ်

14,15.JAN.2017(၂)ရက်ထဲ(104)၊စမ်းချောင်းလမ်း၊တွင်ရောင်းချမည်။

Sanchaung Garden Residence **AUG-2018 အခန်းအပ်**

